မိတ်ဆွေစာပေ

# မြေလျှိုးမိုးပျံ လူသတ်သမား

နှင့်

# ဖြစ်ရပ်မှန် မှုခင်းများ



မောင်မှိုင်းညို့ (ချောင်းဦး)

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၅ ဇန်နဝါရီလ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | |
| မျက်နှာဖုံးဒီဇိုင်း | - | ဦးကာကောင်း |
| ကွန်ပျူတာ | - | ချယ်ရီမေ (အင်းစိန်) |
| ထုတ်ဝေသည့်ခုနှစ် | - | ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ |
| အတွင်းဖလင် | - | ADORN၊ ၀၉-၄၅၀၀၁၇၃၃၂ |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (၀၄၀၀၄)<br>ဇင်ရတနာစာပေ<br>၂၀၅၊ က/၄ လမ်း၊ မြို့သစ်<br>(က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြ-၀၇၃၄၆)<br>စိုးမေတ္တာပုံနှိပ်တိုက်<br>အမှတ်(၁၇)၊ ၅၆ လမ်း<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

မောင်မှိုင်းညို့(ချောင်းဦး) ၃၉၈.၂
မြေလျှိုးမိုးပျံလူသတ်သမား/မောင်မှိုင်းညို့(ချောင်းဦး)၊
ရန်ကုန်၊
ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၅။
၂၄၂-စာ၊ ၁၂ x ၁၈ စင်တီ

# မြေလှျိုးမိုးပျံ လူသတ်သမား

နှင့်

ဖြစ်ရပ်မှန် မှုခင်းများ

မောင်မှိုင်းညို့(ချောင်းဦး)

## မာတိကာ


၁။ ဘဝတစ်ခြမ်းပဲ့ သားကောင် ၁

၂။ ပန်းကြွေတဲ့ ဆောင်းတစ်ည ၁၈

၃။ မငိုပါနဲ့ စောမူမူ ၃၁

၄။ မုန်တိုင်းကြမ်းကြမ်း ချစ်သူ့လမ်း ၄၆

၅။ အဖြူရောင် နတ်ဆိုး ၅၉

၆။ ပန်းဖူးချွေတဲ့ တချွေ ၇၀

၇။ အကာယ်ဒမီမင်းသားထွင့်ထိပ်ခေါင် ၈၄

၈။ လောဘ တချွေ ၁၀၂

၉။ ရေနစ်ဖျံ ၁၂၂

၁၀။ သုံးချက်ပြတ်လူသတ်မှု ၁၃၈

၁၁။ မြေလှိုင်းမိုးပုံ လူသတ်သမား ၁၆၁

၁၂။ မျက်ရည် သက်သေ ၁၇၅

၁၃။ ရှုံးပြီးတော့ ဆုံးခက် ၁၈၉

# ဘဝတစ်ခြမ်းပဲ့ သားကောင်

## (တစ်)

ရန်ကုန်မြို့၊ အင်းစိန်ထောင်

"တစ်ခြမ်းပဲ့နေတဲ့ ဘဝတဲ့လား. . . ငါ့ဘဝက တကယ်ပဲ တစ်ခြမ်းပဲ့နေတာလား. . ."

'ဖူချင့်ချောင်း'(PU CHENG CHUNG) တစ်ယောက် ထိုစကားကိုသာ အထပ်ထပ် ရေရွတ်နေမိသည်။

ယနေ့ နေ့လယ်ခင်းက မြန်မာနိုင်ငံ၏ မြို့တော် ရန်ကုန်မြို့ရှိ တရားရုံးတော်တစ်ခုမှာ သူ့အမှုကို အပြီးသတ်လျှော့ပြီးချက် ပေးသည်။

"ဖူချင့်ချောင်းဟာ ငယ်စဉ်ကတည်းက မုဆိုးမသား။ ဖတဆိုး ဘဝဖြင့် နေထိုင်လာခဲ့ရသူ၊ ကျောင်းပညာကို ဆုံးခန်းတိုင်အောင် မသင်ကြားခဲ့ရသူ၊ စားဝတ်နေရေးအတွက် ရှာဖွေလုပ်ကိုင်နေရသူ၊ ဖခင်၏ဦးဆောင်အုပ်ချုပ်မှုနဲ့ ကင်းကွာခဲ့ရပြီး ဘဝတစ်ခြမ်းပဲ့ခဲ့ရသူ

လူငယ်တစ်ဦးဖြစ်၍ ဘိန်းဖြူဒုစရိုက်လောကသို့ မျက်စိလည်လမ်းမှား ပြီး မလွှဲသာမရှောင်သာ ရောက်လာခဲ့ရသူ ဖြစ်ပါသဖြင့် ၎င်းအား စွဲချက်တင်ထားသည့် ပြစ်မှုများတွင် သနားသက်ညှာစွာဖြင့် စဉ်းစား ဆုံးဖြတ်တော်မူသင့်ပါကြောင်း လျှောက်လဲတင်ပြအပ်ပါသည်"

သူ့ရှေ့နေ၏ လျှောက်လဲချက် နိဂုံးကို သူအမှတ်ရနေဆဲ။

ဝှက်သိုထားသော ဘိန်းဖြူတွေကို သူ၏ခန္ဓာကိုယ်ပေါ်မှ ဖမ်းမိသွားသည်။

သူမူးယစ်ဆေးဝါးသုံးစွဲသည်ကိုလည်း ဆေးသိပ္ပံပညာဖြင့် မှန်မှန်ကန်ကန် ဖော်ထုတ်ခဲ့ကြသည်။

ငြင်းကွယ်၍ မရသည့်အနေအထား။

ထို့ကြောင့်လည်း ဖြစ်ပျက်သမျှ အလုံးစုံကို မြန်မာရဲအရာ ရှိတွေနဲ့ မြန်မာတရားသူကြီးတွေထံမှာ သူဝန်ခံခဲ့သည်။

သည်အခြေအနေမှာ ဘဝတစ်ခြမ်းပဲ့ သူ့ဘဝကို တင်ပြပြီး ပြစ်ဒဏ်ကို သက်သက်ညှာညှာဆုံးဖြတ်ပေးရန် အသနားခံခြင်းက လွဲ၍ အခြားနည်းမရှိ။

သူ့ရှေ့နေက ထိုအကောင်းဆုံးနည်းလမ်းကို အသုံးပြုခဲ့ခြင်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ သူ့အမှုကို နောက်တစ်ပတ် ရုံးချိန်းနေ့မှာ စီရင်ချက် ချမှတ်ပေးတော့မည်။

သေဒဏ်(ဒါမှမဟုတ်)နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် အပြစ်ပေးနိုင်သည့် မူးယစ်ဆေးဝါးမှုကို သည်နိုင်ငံမှာ သူကျူးလွန် မိခဲ့သည်။

သေဒဏ်အပေးခံရမည်လား. . .

သူ့အတွက်ဆိုလျှင် ဘာပဲဖြစ်ဖြစ် တုန်လှုပ်နေလိမ့်မည်မဟုတ်။

သည်နိုင်ငံဥပဒေက ပေးသည့် မည်သည့်အပြစ်ဒဏ်ကိုမဆို ကျေနပ်စွာခံယူလိုက်မည်သာ။

သူစိုးရိမ်နေသည်က သူ့ချစ်မေမေ. . .

တိုင်ပေမြို့၊ ဖုန့်ကျန့်လမ်း၊ တိုက်ခန်းကျဉ်းကျဉ်းလေးထဲက မိခင်အိုကြီး. . .

"မေမေ ဘယ်လိုများ နေထိုင်စားသောက်နေရလဲ"

အသက် (၇၀) ကျော်၊ အိုမင်းမစွမ်း မိခင်အိုကို သတိရမိတိုင်း သူ့အသဲနှလုံးတွေ တစ်စစီကြေကွဲရသလို တဆတ်ဆတ်တုန်အောင် နာကျင်ခံစားရသည်။

"မေမေ. . . မေမေရယ်"

ဆိုနင့်လိုက်လှဲစွာ ခေါ်မြည်တမ်းတမိသည်နှင့် သူ့မျက်ဝန်းက မျက်ရည်တွေလိမ့်ဆင်းလာသည်။

ထိုနောက်တွင်တော့ 'ဖူချင့်ချောင်း'တစ်ယောက် သည်းသည်း ထန်ထန်ပင် ငိုချလိုက်ပါတော့သည်။

(နှစ်)

၂၀၀၅ ခုနှစ်၊ မေလ ၃ ရက်

ထိုင်းနိုင်ငံ၊

ဘန်ကောက် အပြည်ပြည်ဆိုင်ရာလေဆိပ်။

လေယာဉ်ကြီးက ခရီးစဉ်အမှတ် TG-305 ကို စတင်နေပြီ ဖြစ်သည်။

ပြေးလမ်းပေါ်တွင် အရှိန်ဖြင့်ပြေးလွှားနေရာက ညိမ့်ခနဲဖြစ်သွားသည်။

လေယာဉ် ကောင်းကင်သို့ ပျံတက်နေပေပြီ။ ဖူချင့်ချောင်းက လေယာဉ်ပြတင်းမှတစ်ဆင့် လှပလွန်းသော ဘန်ကောက်မြို့ရှုခင်းကို ငေးကြည့်နေမိ၏။

အထပ်မြင့်မိုးမျှော်တိုက်တွေက တာရိပ်ရိပ်နှင့်အောက်မှာ ကျန်ရစ်ခဲ့သည်။

ထို့နောက်မှာတော့ တိမ်လွှာတွေကို စ၍မြင်လာရသည်။ နေခြည်ဖျန်းခံထားရသော တိမ်မျှင်တိမ်စတွေက ရွှေရောင်တောက်ပ၊ လှချင်တိုင်းလှနေကြ၏။

လေယာဉ်က တိမ်တိုက်တစ်ခုထဲ သိမ့်ခနဲ ဝင်သွားသည်။ မြင်ကွင်းတစ်ခုလုံး အဖြူရောင်ချည်းဖြစ်သွားသည်။

ဖူချင့်ချောင်းအကြည့်က လေယာဉ်ထဲ ပြန်ရောက်လာ၏။

ခရီးသည် အများစုက ဥရောပသားတွေဖြစ်ပြီး ဂျပန်နှင့် ကိုရီးယားလူမျိုးအချို့ကိုလည်း တွေ့သည်။ တရုတ်လူမျိုးတော်တော်များများ ပါလာသော်လည်း သူ့လိုတိုင်ပေကတော့မဟုတ်၊ ဟောင်ကောင်နှင့်ပြည်မကြီးထဲက ဖြစ်ရမည်ဟု သူတွေးမိ၏။

သူတို့အားလုံး ဘန်ကောက်မှ တစ်ဆင့် မြန်မာပြည်ကိုသွားကြမည်။ စီးပွားရေး ဗီဇာနှင့်လာသူ၊ ကမ္ဘာလှည့်ခရီးသွားဗီဇာနှင့် လာသူ စသဖြင့် အမျိုးမျိုးရှိကြမည်။

'ဖူချင့်ချောင်း'က 'တင့်ချိန်အန်း' (TINT CHINGAN) ကို လှမ်းကြည့်လိုက်သည်။

တင့်ချိန်အန်းက သူ့ဝဲဘက်ဓားလွယ်ခုတ်ခုံမှာ ထိုင်နေသည်။ မျက်စိမှိတ်၍ မှိန်းနေတာကိုတွေ့ရသည်။ လေယာဉ်တက်ချိန်မကြာသေး၍ အိပ်ပျော်နေတာတော့မဖြစ်နိုင်. . .။

"နေထိုင်မကောင်းများဖြစ်နေလား. . ."

သူက တင့်ချိန်အန်းအတွက် ပူပင်လိုက်မိ၏။ တကယ်တော့ တင့်ချိန်အန်းဆိုသူမှာ ယခုမှအတူသွားရသည့် ခရီးဖော်မဟုတ်၊ လွန်ခဲ့သည့် နှစ်များစွာကတည်းက လက်တွဲလာခဲ့သူ၊ စိတ်တူ ကိုယ်တူ ဘဝတူ သူငယ်ချင်းဖြစ်သည်။

ဖခင်ဖြစ်သူ ယာဉ်မတော်တဆမှုဖြင့် ဆုံးပါးသွားချိန်က ဖူချင့်ချောင်းအသက် (၉)နှစ်သာရှိသေးသည်။

ကျောင်းက အပြန်ကြုံတွေ့ရသည့် မြင်ကွင်းကို ဘယ်တော့မှ မေ့မရနိုင်အောင် သူခံစားခဲ့ရသည်။

အိမ်ရှေ့မှာ ကျောင်းကားရပ်သည်နှင့် အသင့်စောင့်ကာ အပြုံးပန်းတွေဖြင့် ကြိုနေတတ်မြဲသူ့အမေ၊ ထိုနေ့က သူ့ကိုမကြို။

အခန်းရှိရာ ဒုတိယထပ်သို့ သူပြေးတက်သွားသည်။

အခန်းပေါက်ဝရပ်မိသည်နှင့် ဖိုးဖိုး၊ ဖွားဖွား၊ ဆွေမျိုးများ၊ အခန်းနီးချင်းအချို့ကိုတွေ့လိုက်ရသည်။

အားလုံး၏ မျက်လုံးတွေက သူ့ဆီရောက်လာသည်။

ဘာဖြစ်တာလဲ၊ ဘာတွေဖြစ်နေလဲ၊ သူနားမလည်သေး. . .

ငိုကြွေးနေသော အမေ၊ သူ့ဆီပြေးလာသည်

"သား. . . . သား. . . . သားလေး. . . မင့်အဖေမရှိတော့ဘူးသားရယ်"

ထိုအခါမှ သူနားလည်၏။ သူနှလုံးသားတွေ ပေါက်ကွဲကုန်သည်။

အမေ့ကို တင်းကြပ်စွာဖက်ထားရင်း သားအမိနှစ်ယောက် ငိုချင်းပြိုင်နေမိခဲ့သည်။

"ကလေးငယ်၏ ဘဝသည် မိဘနှစ်ပါးဖြစ်သည်"

ဤသို့ဆိုလျှင် ထိုနေ့သည် ဖူချင့်ချောင်း၏ဘဝ တစ်ခြမ်းပဲ့ခဲ့ရသော နေ့ပင်ဖြစ်သည်။

သူ့ဘဝ ခယောင်းလမ်းသည်လည်း ထိုနေ့ကပင် အစပြုခဲ့သည်ဟု ဆိုနိုင်ပေသည်။

ဖူချင့်ချောင်း ကျောင်းဆက်မတက်ရတော့. . . ။

သူစီးနေကျ ကျောင်းကား သူ့အိမ်ရှေ့က ဖြတ်သွားချိန်မှာ သူက စားသောက်ဆိုင်တစ်ဆိုင်၏ နောက်ဖေးမီးဖိုခန်းထဲရောက်နေပေပြီ. . . ။

တိုင်ပေမြို့ ဆင်းရဲသားမှန်သမျှလုပ်ရသည့် အလုပ်အားလုံးကို သူရော၊ သူ့အမေရော လုပ်ခဲ့ကြရသည်။

သည်လိုနှင့် ရက်မှလ၊ လမှနှစ် အလီလီပြောင်းရင်း သူကြီးပြင်းခဲ့ရသည်။

ကန္တာရခရီးလမ်းမှာ သူနှင့်အတွဲမိဆုံး အဖော်က တင့်ချိန်အန်း. . . ။

ညီရင်းအစ်ကိုတမျှ ချစ်ခင်ခဲ့ကြသည်။ တစ်ဦးအပေါ်တစ်ဦး

က အနုစ်နာခံသည်၊ ကူညီသည်။ လုပ်ငန်းခွင်ထဲမှာလည်း အတူတူ။ နောက်ဆုံး တိုင်ပေဆင်းရဲသား လူငယ်လူရွယ်တို့၏ လမ်းဆုံးဒုစရိုက်နွံထဲရောက်ခဲ့တော့လည်း အတူတူပင်ဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲရာကတစ်ဆင့် မူးယစ်ရာဇာတို့၏ သားကောင်ဖြစ်ခဲ့ရသည်။

မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ အသုံးချခြင်းခံခဲ့ရသည်။

ဆုပ်လည်းဆူး၊ စားလည်းရူးဘဝမှာ မူးယစ်ရာဇာကြီးတွေ ခိုင်းသမျှ သူမငြင်းပယ်နိုင်ခဲ့၊ ဘိန်းဖြူအနည်းငယ် သူသုံးဖို့ရသည်၊ ငွေစအနည်းငယ် သူမိခင်နှင့် သူ့အတွက် စားဖို့ရသည်။

သည်အလုပ်က ထောင်နှုတ်ခမ်းနင်းနေရသည့် အလုပ်၊ ပြိုင်ဘက်မူးယစ်ဂိုဏ်းများ၏ သေနတ်ပြောင်းဝနှင့် အချိန်မရွေးရင်ဆိုင်တွေ့နိုင်သည့် အလုပ်၊ သည်အလုပ်၏ အကျိုးအမြတ်က သူ့အတွက် ဤမျှသာဖြစ်သည်။

မူးယစ်ရာဇာ၏ ဝိသမလောဘ၊ တိုင်ပေ၏ နယ်စပ်စည်းရိုးကို ကျော်လွန်ရာမှာလည်း သူနှင့် တင့်ချိန်အန်းတို့ ပါလာရပြန်သည်။

ယခုပင် တိုင်ပေနှင့် ကီလိုမီတာရာပေါင်းများစွာ ဝေးကွာသည့် မြန်မာပြည်သို့ ခရီးနှင်နေရပေပြီ။

ဖူချင့်ချောင်း သက်ပြင်းလေးကြီးတစ်ချက် ချလိုက်သည်။

မိနစ်အနည်းငယ်အတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်တော့မည်ဖြစ်ကြောင်း ကြေညာသံကြားရသည်။

သူကြည့်လိုက်တော့ တင့်ချိန်အန်းကလည်း သူ့ကိုကြည့်နေ

သည်။

တစ်ယောက်ကိုတစ်ယောက်ခေါင်းညိတ်ပြလိုက်ကြသည်။

မကြာမီ လေယာဉ်ဆိုက်တော့မည်. . .

လေဆိပ်ရောက်သည်နှင့် သူ မတွေ့ချင်သူက သူ့ကိုလာကြို နေတော့မည်။

သီးခြားလေယာဉ် ခရီးစဉ်ဖြင့် ကြိုတင်ရောက်ရှိနေသူ မစ္စတာစိုင်းရှိန်. . .။

သူတို့၏ ခရီးစဉ်ကို အနီးကပ် စီစဉ်ညွှန်ကြားမည့်သူ၊ ကြီးတိုင်စေခိုင်းမည့်သူ. . .

ဖူးချင့်ချောင်းတစ်ယောက် စိတ်ဓာတ်ကျစွာဖြင့် ဦးခေါင်းကို ခါယမ်းပစ်လိုက်ပါတော့သည်။

(သုံး)

၂၀၀၅-ခုနှစ်၊ မတ်လ(၇)ရက်၊

ရန်ကုန်မြို့၊ စင်ထရယ်ဟိုတယ်။

အနီုင်းမဲ့မီးက ဖူးချင့်ချောင်း၏ ခန္ဓာကိုယ်ကို တဖျစ်ဖျစ် လောင်မြိုက်လျက်ရှိသည်။

ဒေါသစိတ်ကြောင့် သူ့မျက်နှာဖြူနုနုမှာ နီလိုက်၊ ညိုလိုက်၊ စိမ်းလိုက်၊ ဝါလိုက်ဖြင့် အရောင်တွေပြောင်းနေသည်။

အံကို တင်းတင်းကြိတ်ထားသောကြောင့် မေးကြောကြီး တွေ ထောင်ကာ တင်းမာခက်ထန်နေသည်။

"ဒါ ဘာသဘောလဲ. . ."

ငါတို့ကို ဦးနှောက်မရှိတဲ့ သတ္တဝါတွေလို့ ထင်နေတယ်နဲ့တူ

တယ်။

လာတုန်းကလည်း တို့နဲ့အတူမလိုက်ဘူး၊ တစ်ယောက်တည်း ကြိုသွားတယ် . . . ။

အခု တိုင်ပေပြန်မယ်ဆိုတော့လည်း သူအရင်ပြန်နှင့်တယ် . . .

ငါတို့ နှစ်ယောက်ထဲ ဒီပစ္စည်းတွေနဲ့ ထားပစ်ခဲ့တယ်။

ငါတို့ အဖမ်းခံရရင်တောင် သူမပါအောင် ကြိုတင်စီမံထားတာကွ . . ."

ဖူးချင့်ချောင်းက ဘိန်းဖြူမှုန့်အထုပ်ငယ်များထည့်ထားသည့် အိတ်ကို ကုတင်မွေ့ယာပေါ် ပစ်ပေါက်ရင်း ပြောလိုက်သည်။

တင့်ချိန်အန်းကတော့ ကြက်နာကြီး လည်လိမ်ထားသလို ငိုင်တိငိုင်တိုင်နှင့်။

ဖူးချင့်ချောင်း ဒေါသထွက်မည်ဆိုလည်း ထွက်လောက်သည်။

ဒီရက်ပိုင်းအတွင်းသူတို့ အရမ်းပင်ပန်းခဲ့ရသည်။

စိုးရိမ်စိတ်တွေ၊ အကြောက်တရားတွေ ဗရပွနှင့် ကိုယ်ရောစိတ်ပါ ထောင်းထောင်းကျေမတတ်ဖြစ်ခဲ့ရ၏။

မတ်လ (၃)ရက်နေ့ ရန်ကုန်ကို ရောက်သည်။ ဟိုတယ်မှာ အိပ်ရေးဝဝပင် မအိပ်ရ၊ (၄)ရက်နေ့ နံနက်မှာပင် ခရီးစဉ်အမှတ် HK 721 ရန်ကုန်အဲယားဝေးဖြင့် မန္တလေးသို့ ခရီးဆက်ရပြန်၏။

ကြိုတင် ချိန်းဆိုထားသူ တစ်ယောက်နှင့် (၅)ရက်နေ့မှာ တွေ့ရသည်။ ဘိန်းဖြူထုပ်တွေ လက်ခံရသည်။

ဘိန်းဖြူထုပ်တွေကို သူနှင့်တင့်ချိန်အန်းတို့ တစ်ဝက်စီခွဲဝေ

သယ်ကာ နောက်နေ့မှာပင် ရန်ကုန်ပြန်ခဲ့ကြသည်။

သည်အထိ အစစအရာရာ ချောချောမောမောရှိသည်။ အနှောင့်အယှက်တစ်စုံတစ်ခုမျှမတွေ့ရ။

သို့သော် လူကတော့ စိုးရိမ်ကြောက်လန့်စိတ်တွေဖြင့် ချောက်ချားနေခဲ့ရသည်။

သည်ကြားထဲ မစ္စတာစိုင်းရှိန်၏ အစီအစဉ်တွေက လက်ခံနိုင်စရာမရှိ။

"ငါတိုင်ပေပြန်နှင့်မယ်။ မင်းတို့နှစ်ယောက် ဘိန်းဖြူတွေကို သယ်လာခဲ့"တဲ့။

မူးယစ်ဆေးဝါး သယ်ဆောင်သူတိုင်းအဖို့ လေဆိပ်သည် အန္တရာယ်နယ်မြေ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုင်းမှာ ခေတ်မီစက်ကိရိယာတွေ တပ်ဆင်ထားသည်။

သေနတ်လို၊ ဗုံးလို လက်နက်ခဲယမ်းတွေ ဖြီးလျှင်၊ ဦးစားပေး ထောက်လှမ်းရှာဖွေသည်က မူးယစ်ဆေးဝါးဖြစ်သည်။

ခေတ်မီထောက်လှမ်းရေးကိရိယာတွေကို ဖြတ်ကျော်အောင် မြင်နိုင်ချေက ရာခိုင်နှုန်းအလွန်နည်းပါးလှသည်။

သည်အကျဉ်းအကျပ်ထဲမှာ သူတို့ကို ချန်ထားခဲ့ပြီး မစ္စတာစိုင်းရှန်တိုင်ပေ ပြန်သွားသည်။

မူးယစ်ဆေးဝါးတွေကို အန္တရာယ်ကင်းစွာ သယ်ယူနိုင်ဖို့ နည်းလမ်းစီမံထားမှုမရှိ။

"ခန္ဓာကိုယ်ပေါ်မှာ ဝှက်ယူရုံနဲ့ လွတ်ရောလား၊ မလုပ်ဘူး ကွာ၊ သေချာပေါက် အဖမ်းခံရမယ့်အလုပ်၊ ငါမလုပ်ဘူး၊ မင်းရော

ဘယ်လိုလဲ. . .”

သူက တင့်ချိန်အန်းကိုမေးလိုက်သည်။

“ဟုတ်တယ် ငါလည်း ကြောက်တယ်. . .”

ဘိန်းဖြူတွေ သယ်မသွားဖို့ သူတို့နှစ်ယောက် ဆုံးဖြတ်လိုက်သည်။

ထို့နောက် ဘိန်းဖြူထုပ်တွေကို တည်းခိုသည့်အခန်းရှိ ရေချိုးခန်း မျက်နှာကြက်ပေါ်မှာ ဝှက်သိမ်းသည်။

ပြီးသည်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ထွက်ခွာခဲ့ကြပါတော့သည်။

(လေး)

၂၀၀၅ ခုနှစ်၊ ဩဂုတ် ၉ ရက်။

ရန်ကုန်၊ မြောက်ပိုင်းခရိုင်တရားရုံး။

“မင်္ဂလာပါ ဆရာကြီး၊ ကျေးဇူးအများကြီးတင်ပါတယ်”

လက်အုပ်လေးချီက၊ ဗမာစကား မပီကလာဖြင့် ပြောနေသည့် တရုတ်၊ တိုင်ပေနိုင်ငံသားလေးကိုကြည့်၍ ရှေ့နေကြီး ဦးတင်ဟန် သနားကြင်နာနေမိသည်။

အသက် (၂၉)နှစ်ခန့်၊ အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် လူချောလေး ဖူချင့်ချောင်းမှာ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေတတ်သော လူငယ်တစ်ယောက်ဖြစ်ကြောင်း သူသတိထားမိခဲ့သည်။

ဖူချင့်ချောင်းဘက်မှ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့်ကို မေ(၂၂)မှာ ခွင့်ပြုချက်ရခဲ့သည်။ မေ(၅)မှာ ပါဝါတင်သည်။

ယနေ့ အပြီးသတ်လျှောက်လဲချက်ပေးရသည်။

ဘဝတစ်ကွေ့ ခဏတွေ့သည့် (၄)လခန့် ကာလငယ်အတွင်း ဖူချင့်ချောင်း၏ တစ်ခြမ်းပဲ့ ဘဝလေးကိုသိခွင့်ရခဲ့သည်။ သားသမီးချင်း စာနာစိတ်ဖြင့် ကရုဏာသက်ခဲ့ရသည်။

ထို့ကြောင့်လည်း အမှုမှလွတ်မြောက်၊ သက်သာနိုင်ရန် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှကြိုးပမ်းခဲ့သည်။

သို့သော် ဖူချင့်ချောင်း၏ အမှုအနေအထားက မလွယ်ရေးချ မလွယ်သည့် အနေအထားဖြစ်နေသည်။

ပထမအခေါက် ရေချိုးခန်းမျက်နှာကြက်မှာ ဘိန်းဖြူထုပ်တွေ ဝှက်၍ ဖူချင့်ချောင်းတို့ သူငယ်ချင်းနှစ်ယောက် တိုင်ပေသို့ ပြန်သွားခဲ့သည်။

မစ္စတာစိုင်းရှိန်က တိုင်ပေလေဆိပ်က ကြိုသည်။

ဘိန်းဖြူတွေ သယ်မလာသော သူတို့နှစ်ယောက်ကို ဒေါသတကြီး ကြိမ်းမောင်းသည်။ သွားလာခွင့်မပေးဘဲ အခန်းတစ်ခုထဲမှာ ထိန်းချုပ်ထားလိုက်သည်။

ဘိန်းဖြူတွေကို ပြန်ယူပေးရမည်၊ မယူလျှင် သူတို့နှစ်ယောက်အသက်နှင့် မိခင်အိုကြီးအသက်ကို ရန်ရှာမည်ဟု ခြိမ်းခြောက်သည်။

ဤသို့ဖြင့် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်ပြန်လာခဲ့ရသည်။

တင့်ချိန်အန်းမှာ တိုင်ပေမြို့ထဲမှာပင် ထွက်ပြေးလွတ်မြောက်သွား၍ သူနှင့်မစ္စတာစိုင်းရှိန်တို့နှစ်ယောက်ပဲ မြန်မာပြည်လာခဲ့ကြသည်။

ပထမအခေါက်တည်းခိုသည့် ဟိုတယ်နှင့်အခန်းကိုပင်တည်းကာ ဘိန်းဖြူထုပ်တွေ ပြန်ယူသည်။

မန္တလေးမှ သယ်လာစဉ်က တင့်ချိန်အန်းနှင့် ထက်ဝက်စီ ခွဲဝေသယ်ခဲ့ရသော်လည်း ယခုမူ ဖူချင့်ချောင်း တစ်ဦးသာ သယ်ရတော့သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ပြည်ပထွက်ခွာ ဆောင်ရှိ အိပ်က်စ်ရေးယူနစ်ကိုအဖြတ် မသင်္ကာဖွယ် တွေ့ရှိမှုကြောင့် ဖူချင့်ချောင်း၏ ခန္ဓာကိုယ်ကို ရှာဖွေခဲ့သည်။ ပေါင်ရင်းနှင့် ခွကြားတွင် တိပ်ဖြင့်ပတ်ထားသော ဘိန်းဖြူ (၃၄)ထုပ် စုစုပေါင်း အလေးချိန် (၈၅၀) ဂရမ်တွေ့ရှိ အဖမ်းခံရကြောင်း ဖူချင့်ချောင်းကထွက်ဆိုထားသည်။

ဖူချင့်ချောင်းစီးထားသည့် ဖိနပ်ထဲကလည်း ဘိန်းဖြူမှုန့်အနည်းငယ်နှင့် ဆေးထိုးပြွန်သေးတစ်ချောင်း၊ ကင်မရာဓာတ်ခဲထည့်သည့်နေရာမှလည်း ဆေးထိုးအပ်တစ်ချောင်း ထပ်တွေ့ခဲ့သည်။

ဖူချင့်ချောင်း လွတ်မြောက်နိုင်ရေးအတွက် အဆင့်တိုင်းမှာ ဟာကွက် ရှိ/မရှိ စိစစ်ကြည့်၏။

ဖမ်းဆီးရှာဖွေရာ၊ ပစ္စည်းသိမ်းရာ၊ သက်သေများ၏ ထွက်ဆိုချက်၊ တစ်ချက်မှ ဟာကွက်မရှိ။

"အမြင်တာပ်လောက်အောင်ကို တော်နေပါလား. . ."

ဦးတင်ဟာန်က စိတ်အချဉ်ပေါက်စွာ ထောပဏာပြုလိုက်မိသည်။

ဒါတင်မကသေး၊

ဖမ်းမိသည့် အဖြူရောင်အမှုန့်တွေနှင့် ဆေးထိုးပြွန်၊ ဆေးထိုးအပ်တွေကို ဓာတုဗေဒဝန်ထံပေးပို့စစ်ဆေးခဲ့သည်။

ပြန်ကြားချက်ကလည်း "ဟီးရိုးအင်း အာနီသင် စမ်းသပ်တွေ့ရှိသည်"တဲ့၊ သေရော။

ဒါတင်လား၊ မဟုတ်သေး၊

ဖူချင့်ချောင်းထံက မူးယစ်ဆေးသုံးစွဲထားကြောင်း ဝန်ခံထွက်ဆိုချက်ယူထားသည့် မှုခင်းဆရာဝန်ကလည်း ဖူချင့်ချောင်း၏ ပြင်ပလက္ခဏာအဖြစ်၊ မျက်စိသူငယ်အိမ်နှင့် ဝဲယာလက်ဖျံတွေမှာ ဆေးထိုးအပ်ရာ အသစ်/အဟောင်း ရှိ/မရှိ စစ်ဆေးထားသည်။

ထွက်လာသည့် အဖြေက "မူးယစ်ဆေးဝါးသုံးစွဲထားသည့် လက္ခဏာရှိသည်"တဲ့။

တစ်ဖန် မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် သုတေသနဌာနကလည်း မူးယစ်ဆေးဝါးများ သုံးစွဲထားသည့် လက္ခဏာတွေ့ရှိကြောင်း (၁၇-၄-၂၀၀၅)နေ့စွဲဖြင့် ပြန်ကြားထားသည်။

ဒီလောက် ပြီးပြည့်စုံနေသည့်ကြားက ဖူချင့်ချောင်း၏ ဆီးနမူနာယူပြီး ဓာတုဗေဒဝန်ထံပို့ပြန်သည်။

"ဆီးထဲတွင် မော်ဖိန်းဓာတ်ပါရှိသည်"တဲ့။

စစ်ဆေးမှုအားလုံးက ဖူချင့်ချောင်း၏ လည်ပင်းကြိုးကွင်း အထပ်ထပ် စွပ်သလို ဖြစ်နေသည်။

စစ်ဆေးသူ ရဲအရာရှိ၏ အမှုတည်ဆောက်ပုံက ရေပက်မဝင်အောင် ပြည့်စုံလှသည်။

ရွှေနေကြီးဦးတင်ဟန်ပင်လျှင် အမှုစစ်ရဲအရာရှိ၏ လုပ်ငန်းကျွမ်းကျင်လိမ္မာမှုကို မချီးကျူးဘဲ မနေနိုင်အောင်ဖြစ်မိသည်။

ထို့ကြောင့်လည်း ဖူချင့်ချောင်း၏ တစ်ခြမ်းပဲ့ဘဝလေးကို

တရားသူကြီး မြင့်အောင် အပြီးသတ်လျှောက်လဲချက်မှာထည့်သွင်း ဖော်ပြခဲ့သည်။

တရားသူကြီး သနားဂရုဏာသက်ဝင်အောင်လည်း အစွမ်းကုန် ထည့်သွင်းဖော်ပြခဲ့သည်။

ခန္ဓာကိုယ်မင်ပန်းသလို စိတ်ကလည်း ဖူးချင့်ချောင်းနှင့်ထပ်တူထပ်မျှပင် နွမ်းနယ်ခဲ့ရသည်။

အမှန်တော့၊ ရှေ့နေအလုပ်ဆိုသည်မှာ သူတစ်ပါးရင်တွင်းလောင်နေသော မီးကို ကိုယ့်ခေါင်းပေါ် တင်ထားရသော်လည်း ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ အလုပ်မျိုးဖြစ်ပါ၏။

လိုက်ရသည့် အမှုအများစုကလည်း ဒီသဘောရှိသည်။

သို့သော် ဖူးချင့်ချောင်းအမှုကတော့ သည်လိုမဟုတ်၊ လောင်းကစားသမား အသုံးအနှုန်းဖြင့် ပြောရလျှင် ဒိုင်စိုက်ရသည့်အမှုဖြစ်သည်။

"သေဒဏ်ထိုက်သည့်ဖြစ်မှုတွင် ဆင်းရဲနွမ်းပါးသော တရားခံအတွက် လိုက်ပါသည့် ရှေ့နေကြီး ဦးတင်ဟန်ရသောငွေကအစိုးရစရိတ် နေ့တွက် (၅၀)ကျပ်သာ။

ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်စရိတ်နှင့်ကိုယ် လာရသည့်အပြင် ဖူးချင့်ချောင်းကိုပါ ထမင်းဝယ်ကျွေးရ၊ လက်ဖက်ရည်ဝယ်တိုက်ရလုပ်ရသည်။

ရှေ့နေလောကမှာ သည်လိုအဖြစ်မျိုးလည်း အမှန်တကယ်ရှိပါသေးသည်။

ဦးတင်ဟန် ထမင်းစားပြီးသည်နှင့် ဖူးချင့်ချောင်းအတွက်

ထမင်းတစ်ပွဲပါဆယ်ထုပ်သည်။

ပါဆယ်ရ၍ ထဖို့ဟန်ပြင်လိုက်စဉ်မှာပင် တစ်စုံတစ်ခုကို သတိရလိုက်သည်။

"အင်းစိန်ထောင်မှာ နေသည့်(၅)လခန့်အတွင်း မောင်မင်းကြီးသားက အတတ်ကောင်းတွေ သင်ထားသည်။ ကွမ်းပါစားတတ်နေပေပြီ။ သူ့အတွက် ကွမ်းပါဝယ်ရဦးမည်"

ရှေ့နေကြီး ဦးတင်ဟန်၊ ကွမ်းယာဆိုင်ဘက်လှည့်၍ အော်လိုက်ရသည်။

"နှစ်ရာဖိုပေး့ ဘုရင်မနဲ့"

(ငါး)

အပြီးသတ် လျှောက်လဲချက် ပေးပြီးနောက် တစ်ပတ်ရုံးချိန်းနေ့ (၁၅-၈-၂၀၀၅) မှာ၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ဖူချင့်ချောင်း၏ အမှုကို စီရင်ချက်ချသည်။

မူးယစ်ဆေးဝါး ဥပဒေပုဒ်မ (၁၅)အရ ထောင်ဒဏ်(၅)နှစ်နှင့် ပုဒ်မ ၂၀ (ခ) အရ ထောင်ဒဏ်(၂၅)နှစ် ချမှတ်ခဲ့ပါသည်။

အမြင့်ဆုံး ပြစ်ဒဏ်မဟုတ်သော်လည်း မိခင်အတွက် သောက မအေးရသူသားနှင့်၊ သားအတွက် နှလုံးကြေကွဲနေရရှာမည့် မိခင်အိုတို့ အတွက်တော့ ဦးတင်ဟန်စိတ်မကောင်းဖြစ်ခဲ့ရသည်။

"ကံဇာတ်ဆရာအလိုကျပိုင်ရ ရယ်ရ လူ့ဘဝ" ဟု ဆင်ခြင်ရင်း ကံကိုသာ ယိုးမယ်ဖွဲ့မိခဲ့သည်။

မည်သို့ပင်ဖြစ်စေ ကံဇာတ်ဆရာ၏ ဆန်းကြယ်လှပလွန်းသော မျက်လှည့်ပြကွက်ကိုတော့ ဦးတင်ဟန် မအံ့ဩဘဲမနေနိုင်ခဲ့ပါ

ချေ။

သူ၏အမှုသည်ဟောင်း ဖူချင့်ချောင်းတစ်ယောက် မမျှော်လင့်ပဲ လွတ်မြောက်မည့် သတင်း ၂၀၀၈ ခုနှစ်အတွင်း ထွက်ပေါ်လာခဲ့သည်။

"နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ရှေ့ရှု၍ မြန်မာနိုင်ငံအကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသားအားလုံးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်သည့်သတင်း"

ဖူချင့်ချောင်းအတွက် ဝမ်းသာသောဟာဒယက နှလုံးသားကိုပျော်ရွှင်စေခဲ့သည်။

နုနယ်ပျိုမျစ်သော၊ လွတ်လပ်ပျော်ရွှင်တတ်သော တိုင်ပေသားလူငယ်လေး၏ မျက်နှာကို မြင်ယောင်ရင်း သူ၏ဆန္ဒမွန်ကို တီးတိုးရေရွတ်လျက် ရှိနေပါတော့သည်။

"ဖူချင့်ချောင်းနှင့် သူ၏ မိခင်ကြီးတို့ ပျော်ရွှင်စွာပြန်လည်ဆုံတွေ့ကြပါစေ. . .

ဘဝတစ်ခြမ်းပဲ့နေရှာသည့် လူငယ်လေး ဖူချင့်ချောင်းတစ်ယောက် မူးယစ်ဆေးဝါး၏ သားကောင်ဘဝမှ ထာဝရလွတ်မြောက်နိုင်ပါစေ"

# ပန်းကြွေတဲ့ဆောင်းတစ်ည

## (တစ်)

၁၉၉၃-ခုနှစ်။

ဆောင်းဦးပေါက်ရာသီ၏ တစ်ခုသော ညဦးယံအချိန်။

နှင်းမှုန်တို့က ပါးပါးလျလျ ဆင်းသက်နေသည်။

ထိန်ထိန်ညီးအောင် တောက်ပနေသော လမ်းမီးတို့ကြောင့် အလင်းရောင်က ဆက်လက်မင်းမူနေဆဲ. . .။

မြို့တော်ရန်ကုန်၏ထုံးစံအတိုင်း ညဦးယံသည် နေ့နှင့် မကွာခြားသေး. . .။

လမ်းမကြီးများပေါ်တွင် ယာဉ်များကျပ်ညှပ်စွာ ရွေ့လျား နေဆဲ. . .။

ကားသံ၊ လူသံ၊ ဆူညံသံများဖြင့် ခုန်ပျံလှုပ်ရှားနေဆဲပါ တည်း။

ထိုအချိန်၌ အငှားကား လေးဘီးတစ်စီးသည် ကမ္ဘာအေး

စေတီလမ်း ယာဉ်ကြောအတိုင်း မြို့တွင်းဆီသို့ မျောပါလျက်ရှိ၏။

လေးဘီးရှေ့ခန်းတွင် ဒရိုက်ဘာတစ်ဦးတည်းသာရှိပြီး ကားကို အေးဆေးတည်ငြိမ်စွာ ဂရုစိုက်မောင်းနှင်နေ၏။

နောက်ခန်းတွင်ကား ခရီးသည်သုံးယောက်လိုက်ပါလာသည်။ သူတို့အားလုံးမှာ လူငယ်လူရွယ်များသာဖြစ်ကြသည်။

တစ်ယောက်မှာ မကျန်းမမာဖြစ်နေဟန်ရှိ၏။

လူငယ်နှစ်ယောက်က အေးတစ်ဖက်တစ်ချက်မှ ဖေးမရင်း လိုက်ပါလာကြသည်။

ဗဟန်းမြို့နယ်ထဲအရောက်၌ လေးဘီးသည် ကမ္ဘာအေးစေတီလမ်းမှ ဖဲခွာလိုက်၏။

သာသနာ့ရိပ်သာလမ်းသွယ်အလွန်၌ ကားဂရပ်သွားသည်။ ချက်ချင်းပင် အနည်းငယ်နောက်ဆုပ်ကာ လမ်းသွယ်ထဲဝင်သွား၏။

ခဏအကြာ၌ အဆိုပါလေးဘီးပြန်ထွက်လာပြီး လာလမ်းအတိုင်း မောင်းနှင်သွားလေသည်။

သို့သော်လည်း ခရီးသည်လူငယ်သုံးဦးစလုံး လေးဘီးပေါ်၌ ပြန်လည်လိုက်ပါလာခြင်း မရှိတော့ချေ။

(နှစ်)

"ကလင်. . . ကလင်. . . ကလင်. . ."

ရဲအုပ်စောသိန်းက တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျား၊ ကျွန်တော် ဗဟန်းစခန်းမှူး ရဲအုပ်စောသိန်းပါ"

". . . . . ."

"ဩော်. . . . ဟုတ်ကဲ့၊ ပြောပါ"

". . . . . ."

"ဟုတ်ကဲ့၊ အခုချက်ချင်းလာခဲ့ပါ့မယ်"

ဖုန်းကို ချလိုက်၏။ နာရီကိုကြည့်လိုက်တော့ ည(၉)နာရီထိုးပြီး မိနစ်(၂၀)တိတိ။

အချိန်နှင့်တပြေးညီ လှုပ်ရှားမှုမှ အောင်မြင်မှုများစွာရရှိဖူးသောသူ့အတွက်. . . . ။

အလေ့အကျင့်ရထားပြီးသော မြန်ဆန်သွက်လက်မှုများဖြင့်

"ကဲ. . . ဆရာသာဆင့်ရေ၊ သာသနာရိပ်သာလမ်းထဲမှာ အလောင်းတစ်လောင်းတွေ့ကြောင်း ရပ်ကွက်လူကြီးတွေက အကြောင်းကြားတယ်။ ဆရာမြင့်ရွှေက နယ်ထိန်းတပ်ဖွဲ့ကို အမြန်ဆုံးစီစဉ်ထား၊ ပြီတော့ ကားလည်း အဆင်သင့်လုပ်ထားဗျာ။ ကျွန်တော်တို့ မြို့နယ်မှူးကို သတင်းပို့ပြီး ချက်ချင်းသွားကြမယ်"

တပ်ကြပ်ကြီး စာရေးသာဆင့်ကလည်း လုပ်သက်ရင့် ဂါတ်စာရေးပီသပါပေ့။

မြို့နယ်မှူး ဒုရဲမှူးကျော်အောင်ထံ သတင်းပို့ပြီး ရဲအုပ်စောသိန်း ရောက်လာသည်နှင့်. . .

စီးတော်ယာဉ်အစိမ်းရောင် မာစဒါဂျစ်ပေါ်၌ နယ်ထိန်းအရာရှိ ဒုရဲအုပ် (စခန်းမှူး) မြင့်ရွှေနှင့်အဖွဲ့ အသင့်ရှိနေပြီ။

ရဲအုပ်စောသိန်း စခန်းရုံးက ထွက်လာသည်နှင့် ကားစက်နိူးလိုက်သည်။

ရဲအုပ်စောသိန်းက တပ်ဖွဲ့ဝင်တွေကို စစ်ဆေး၏။ နယ်ထိန်း

အရာရှိ ဒုရဲအုပ် (စခန်းမှူး) မြင့်ရွှေ၊ တပ်ကြပ်ကြီး သန်းအောင်၊ တပ်ကြပ်ကြီး စိုးမြင့်၊ ဝင်းမြင့်၊ ထွန်းဝေနှင့် အောင်လှိုင်၊ ဒုတပ်ကြပ် အောင်ဇေယျ။

သတ်မှတ်ဝတ်စုံ၊ လက်နက်ခဲယမ်းအပြည့်အစုံနှင့်. . . ။

ကားရှေ့ခန်းတွင် သူတက်လိုက်သည်နှင့် တပ်ကြပ်ကြီး သာဆင့်က ညင်သာစွာ မောင်းထွက်လိုက်သည်။

သာသာနှာရိပ်သာလမ်းထဲ ဝင်လိုက်သည်နှင့် အသင့်စောင့်နေသော ရပ်ကွက်လူကြီးများအား တွေ့ရ၏။

ကားကိုရပ်ပြီး ဆင်းလျှောက်ခဲ့ကြသည်။

အနည်းငယ်လျှောက်မိသည်နှင့် လမ်းသွယ်၏ညာဘက်ခြမ်း၌ အလောင်းကိုတွေ့ရ၏။

အလောင်းမှာ ပက်လက်အနေအထားရှိပြီး အညိုရောင် တီရှပ်အကျီနှင့် ဂျင်းဘောင်းဘီရှည်ကို ဝတ်ဆင်ထားသည်။

ဝိညာဉ်မဲ့အလောင်းကောင်ဘဝ ရောက်နေသော်လည်း လူငယ်လေးတစ်ယောက်၏ အလှတရားများကား မကွယ်ပျောက်သေး။

အရပ်မြင့်ကာ အသားဖြူသော၊ ယောကျ်ားပီသစွာ ချောမောနုပျိုသော သည်လူငယ်သည် အဘယ်သောကြမ္မာဆိုးဖြင့် ရင်ဆိုင်ခဲ့ရရှာသနည်း။

သူ့အဖြစ်ဆိုးအား သူ၏အမိအဖနှင့်ညီအစ်ကိုမောင်နှမများသာ သိပါက ရင်ကွဲကြပေတော့မည်။

သောကအပူမီးတို့ တဟုန်းဟုန်းလောင်မြိုက်ပေတော့မည်။

တာဝန်ဝတ္တရား ဆောင်ရွက်နေစဉ်မှာပင် သူကနှလုံးသား

ကို အလုပ်ပေးနေမိပြန်၏။

စိတ်မကောင်းစွာဖြင့်ပင် အလောင်းကို စစ်ဆေးသည်။ အလောင်း၌ မည်သည့်ဒဏ်ရာဒဏ်ချက်မှ မတွေ့ရ။ အကျီဘောင်းဘီတို့၌ ရေများရွှဲစိုနေသည်။

ပါးစပ်မှ အမြှုပ်များထွက်ကာ အန်ဖတ်အစအနများကိုလည်း တွေ့ရ၏။

ရဲအုပ်စောသိန်းနှင့် နယ်ထိန်းအရာရှိ မြင့်ရွှေတို့ တစ်ဦးမျက်နှာတစ်ဦး ကြည့်မိလိုက်သည်။

အတွေ့အကြုံများအရ သည်လူငယ်လေး၏ အသက်ကို နုတ်ယူသွားသူအား သူတို့သိလိုက်ကြပေပြီ။

ဒုရဲအုပ်(စခန်းမှူး)မြင့်ရွှေက ထိုင်လိုက်ကာ အလောင်း၏လက်ကို ကိုင်လိုက်သည်။

ရဲအုပ်စောသိန်းက အလောင်း၏လက်ဖျံဆီသို့ ခါတ်မီးရောင်ထိုးပြ၏။

လူငယ်လေး၏ အခြေအနေမှာ မူးယစ်ဆေးသုံးစွဲသူတို့တွင် အဖြစ်များသော အန္တရာယ်အကြီးဆုံး ဆေးလွန်သေဆုံးမှု (Overdose Death) ဟု သူတို့ သိလိုက်၏။

ဒုရဲအုပ်(စခန်းမှူး)မြင့်ရွှေ ထိုင်လိုက်သည်နှင့် (Injection Mark) ခေါ် သွေးကြောတွင်းသို့ ဆေးထိုးသွင်းသည့် ဆေးထိုးအပ်ရာရာတော့မည်ကို ရဲအုပ်စောသိန်း သိ၏။

ထို့ကြောင့်လည်း လက်ဖျံကို ခါတ်မီးထိုးပြလိုက်ခြင်းပင်ဖြစ်သည်။

ဘိန်းဖြူသုံးစွဲသူတို့ ဆေးထိုးလေ့ရှိသည့်နေရာများမှာ လက်ဖျံ၊ လက်မောင်း၊ ခြေသလုံးနှင့် ဒူးခေါင်းခွက်နေရာများပင် မဟုတ်ပါလား။

ဒုရဲအုပ်မြင့်ရွှေက စေ့စပ်သေချာစွာ ရှာဖွေကြည့်ရှုပြီး. . .

“သေချာတယ် ဗိုလ်ကြီးရေ၊ “ရိုးဆန့်”ရော“အိုးလ်”ရောပဲ”

လောလောဆယ် ထိုးထားသော ဆေးထိုးအပ်ရာ (Recent Injection Mark) နှင့် ယခင်ထိုးထားသော ဆေးထိုးအပ်ရာ (Old Injection Mark) များပါ တွေ့ရှိကြောင်း တင်ပြ၏။

သေဆုံးသူလူငယ်မှာ ဤရပ်ကွက်တွင် နေထိုင်သူမဟုတ်ကြောင်းလည်း သိရသဖြင့် အခြားတစ်နေရာ၌ မူးယစ်ဆေးဝါးသုံးစွဲရင်းဖြစ်လာသော ပြဿနာထုပ်ကြီးကို ဗဟန်းနယ်ထဲလာပစ်ခြင်းဟု သဘောပေါက်လိုက်ကြသည်။

ရဲအုပ်စောသိန်းက မော်တော်ယာဉ်တစ်စီး ငှားကာ အလောင်းကို တင်၏။

ဆေးရုံပို့ရန်အတွက် တပ်ကြပ်အောင်လှိုင်နှင့်ဒုတပ်ကြပ်အောင်ဇေယျတို့ကို တာဝန်ပေးလိုက်သည်။

ထို့နောက် ဖြစ်စဉ်ကိုမြို့နယ်ဥက္ကဋ္ဌ ဗိုလ်မှူးစံကြည်နှင့် ဒုရဲမှူးကျော်အောင်တို့ထံ တင်ပြပြီး မြို့နယ်ရုံးမှာပင် အခြေပြု၏။

အခင်းဖြစ်နေရာ ပတ်ဝန်းကျင် ပြည်သူလူထုထံမှသတင်းရယူနိုင်ရေးအတွက် နယ်ထိန်းအဖွဲ့ကို စေလွှတ်လိုက်သည်။

“နယ်ထိန်းဆိုတာ ဒီလိုမှကွ၊ ဒါမျိုးမှ နယ်ထိန်းလို့ခေါ်တာ”

ရဲအုပ်စောသိန်းက ဝမ်းသာအားရဖြင့် နယ်ထိန်းအဖွဲ့အား ချီးမွမ်းလိုက်၏။

သူ့နယ်ထိန်းတွေအတွက် သူကျေနပ်အားရမည်၊ ဂုဏ်ယူမည် ဆိုပါကလည်း ကျေနပ်သင့် ဂုဏ်ယူသင့်ပါသည်။

ဒုရဲအုပ် (စခန်းမှူး)မြင့်ရွှေနှင့်အဖွဲ့သည် စေလွှတ်ပြီး အချိန်အနည်းငယ်အတွင်းမှာပင် ပြန်လည်ရောက်ရှိလာ၏။

မျက်စိဖွင့် နားစွင့်ထားသော ပတ်ဝန်းကျင်ပြည်သူထံမှ အဖိုးတန်သတင်း(၂)ခုကို ရယူနိုင်ခဲ့သည်။

ည(၉)နာရီခန့်က လမ်းထဲသို့ အငှားလေးဘီးတစ်စီး ဝင်လာကြောင်း ချက်ချင်းပြန်ထွက်သွားကြောင်းနှင့် ကားနံပတ်မှာ (-/---------)ဖြစ်ကြောင်း သတင်း။

သတင်းတစ်ခုက လေးဘီးကားပေါ်မှ လူငယ်(၃)ဦးဆင်းလာကြောင်း၊ မကျန်းမာသူ တစ်ဦးကို ကျန်နှစ်ဦးက တွဲခေါ်လာကြောင်း။

တွဲလာနှစ်ဦးမှာ လျှာထိုးဦးထုပ်ကိုယ်စီဆောင်းထားကြောင်းနှင့် မည်သည့်အဝတ်အစားကို ဝတ်ဆင်ထားသည်ဟူသော တိတိကျကျသတင်း၊ ရဲအုပ်စောသိန်းက ချက်ချင်းပင် ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ ဆက်သွယ်မေးမြန်း၏။

မိနစ်အနည်းငယ်အတွင်းမှာပင် ယာဉ်ထိန်းတပ်ဖွဲ့မှ ပြန်ကြားသည်။

အငှားလေးဘီးယာဉ်အမှတ်(-/------)သည် တောင်ဥက္ကလာပ(၄)ရပ်ကွက်နေ ဦး××××ပိုင်သော ကားဖြစ်ကြောင်း သိသည်နှင့် ထိုယာဉ်အား စုံစမ်းရှာဖွေရန် နယ်ထိန်းတပ်ဖွဲ့အား ဆက်လက်စေလွှတ်၏။

ကြိုးစားသူအတွက် ကံကောင်းခြင်းလက်ဆောင်ဟုပင် ဆိုရပေမည်။

အများအားဖြင့် ကားတစ်စီးသည် လက်ပြောင်းလက်လွှဲအဆင့်ဆင့်ဖြင့် ခြေရာကောက်ရန် ခက်ခဲနေစမြဲ. . .

လက်ရှိပိုင်ရှင်ကို သိနိုင်ရန်အတွက် မှတ်ပုံတင်အမည်ပါ မူလပိုင်ရှင်မှ ရောင်းလိုက်သူ၊ ထိုသူမှ ပြန်ရောင်းလိုက်သူ၊ ထိုသူမှ တစ်ဆင့် ပြန်ရောက်လိုက်သူစသည်. . . စသည်ဖြင့် အလှမ်းကွာဝေးစွာ စုံစမ်းရသည်။

ခုတော့ သည်လိုမဟုတ်။ အလွှဲအပြောင်းမရှိသေး၊ ယာဉ်ထိန်းတပ်ဖွဲ့မှတ်ပုံတင်စာရင်းပါ လိပ်စာကိုရောက်သည်နှင့်ကားကို တန်းတွေ့ရသည်။

ဒရိုက်ဘာက ကားကို ရေဆေးနေ၏။

မေးကြည့်တော့ 'သာသနာ့ရိပ်သာလမ်း'ထဲသို့ လူငယ်သုံးဦးကို လိုက်ပို့ခဲ့ကြောင်း ဝန်ခံသည်။ မကျန်းမာသူ လူငယ်ထံမှ ကျန်ခဲ့သော အညစ်အကြေးများကို ဆေးကြောနေခြင်းဟု ပြော၏။

နယ်ထိန်းအရာရှိက အဖြစ်အပျက်ကို ရှင်းပြတော့ လေးဘီးဆရာ အဖန့်တကြားဖြစ်သွားသည်။

"လူမမာဆေးရုံပို့ချင်လို့ဆိုပြီး ကျွန်တော့်ကားကို ငှားတာပါ။ ဘာဖြစ်လာတယ်ဆိုတာ လုံးဝမသိပါဘူး။ သာသနာ့ရိပ်သာလမ်းအနီးရောက်တော့ ဆေးရုံမသွားတော့ဘူး။ အမျိုးတွေဆီဝင်မယ်ဆိုပြီး လမ်းသွယ်ထဲဝင်ခိုင်းပြီး ဆင်းသွားကြပါတယ်။"

"ဒါဆို လူမမာတင်လာတဲ့ အိမ်ကို မှတ်မိလား"

"ဟုတ်ကဲ့. . . မှတ်မိပါတယ်"

"ဘယ်နေရာက တင်လာတာလဲ"

"မြောက်ဥက္ကလာကပါ ဆရာ"

လေးဘီးဒရိုက်ဘာက ပြော၏။

လေးဘီးမောင်းသူကိုခေါ်၍ မြောက်ဥက္ကလာသို့ ချက်ချင်း ခရီးဆက်ကြရပြန်၏။

အိမ်ရှင်လင်မယားမှာ ရဲတွေကို မြင့်ကတည်းက ကြောက်ရွံ့ ထိတ်လန့်နေလေပြီ။

စကားပြောရာမှာပင် အယောင်ယောင် အမှားမှားအထစ် ထစ်အငေါ့ငေါ့။

သို့သော် ဖုံးကွယ်ခြင်းကား မပြု။

ယနေ့ညနေ မှောင်ရီစအချိန်က သားနှင့်သူ၏သူငယ်ချင်း နှစ်ယောက်တို့ အိမ်ကိုရောက်လာကြကြောင်း။

မိမိတို့အိမ်အောက်၌ ကန့်စွန်းရွက်စီးနေစဉ် အိမ်ပေါ်ထပ် တက်သွားကြကြောင်း။

သူတို့ ဘာလုပ်နေကြသည်ကို မိဘများအနေဖြင့် သိရှိကြောင်း၊ သို့သော် မိမိတို့မှာ အသက်အရွယ် အိုမင်းလျက်ရှိသည်က တစ်ကြောင်း၊ ဆုံးမပြောဆိုနားခံခြင်းမရှိ၍တစ်ကြောင်းတို့ကြောင့် ဥပေက္ခာပြုထားခဲ့ရကြောင်း။

သားနှင့် သူငယ်ချင်းများမှာ မူးယစ်ဆေးဝါးစွဲနေသူများ ဖြစ်၍ မကြာခဏလာရောက်ကာ မူးယစ်ဆေးဝါးကို အသားထဲသို့ ထိုးသွင်းကြကြောင်း ဝန်ခံပြောကြားပါသည်။

ရဲအုပ်စောသိန်းနှင့်အဖွဲ့က အပေါ်ထပ်သို့ တက်ရောက်ရှာဖွေရာ ရေဆေးထား၍ ကြမ်းပြားများတွင် ခိုဝင်နေသော အနံ့ဖတ်အစအနများနှင့် အိမ်သုံးဆားတစ်ထုတ်ကို တွေ့ရ၏။

"ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါဦး အဒေါ်"

"သူတို့တက်သွားပြီး တော်တော်လေးကြာတော့ သားဆင်းပြေးလာတယ်။ ပြီးတော့ ကားတစ်စီးငှားပြီး ထွက်သွားကြတာ စောစောလေးတင်ကမှ ပြန်ရောက်လာပါတယ်၊ တစ်ယောက်ကတော့ ပြန်မပါလာတော့ဘူး"

"အဲ့ဒီတစ်ယောက်က သေသွားပါပြီအဒေါ်၊ အလောင်းကို ကျွန်တော်တို့ ဗဟန်းမြို့နယ်ထဲက သာသနာ့ရိပ်သာလမ်းသွယ်ထဲပစ်ထားခဲ့လို့ ကျွန်တော်တို့ရောက်လာတာပါ"

"အဒေါ် သားနဲ့ သူငယ်ချင်းကို တွေ့ချင်ပါတယ်"

"ဘုရား . . . ဘုရား"

အဒေါ်ကြီးမှာ ရင်ကိုလက်နှင့်ဖိပြီး ဘုရားတမိလိုက်ရှာပါသည်။

"လမ်းထိပ်ဗီဒီယိုရုံကို ထွက်သွားကြပါတယ်ကွယ်"

အချိန်က ညဉ့်သန်ကောင်ယံ ချည်းနေပြီမို့ ဗီဒီယိုရုံတော့ သိမ်းလောက်ပြီ။ သို့သော် သတင်းအစအနမျှ ရလိုရငြား သွားသင့်သည်ဟု တွေး၍ ရဲအုပ်စောသိန်းက တပ်ဖွဲ့ဝင်အချို့ကိုခေါ်ကာ ထွက်လာခဲ့သည်။

ဗီဒီယိုရုံတံခါးက ပိတ်နေပြီ။

အပြင်ဘက်၌ လူသုံးယောက်တွေ့ရ၏။

ရပ်ကွက်လူကြီးများက ထိုလူငယ်နှစ်ယောက်မပါကြောင်း တီးတိုးပြော၏။

ရဲအုပ်စောသိန်းက "အောင်ထွန်းလင်းတို့ သူငယ်ချင်းနှစ်ယောက်လာသေးလား"ဟု မေးသည်။

လူတစ်ယောက်က ဗီဒီယိုရုံတံခါးကိုဖွင့်ပြသည်။

တွေ့ပါချေပြီ။

ဗီဒီယိုထိုင်ကြည့်ရာ ဖျာကြမ်းပေါ်၌ တုံးလုံးပက်လက် အိပ်ပျော်နေသော လူငယ်နှစ်ယောက်။

လျှာထိုးဦးထုပ်တွေက သူတို့နှစ်ယောက်အနီးမှာ. . .။

(သုံး)

"ဘိန်းဖြူထိုးတဲ့အခါ ဆေးလွန်ပြီး သေတတ်တယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့လုပ်နေကြတာကြာပြီ။ ဒါဟာ ကြောက်စရာ စိုးရိမ်စရာတစ်ခုလို့ မတွေးခဲ့ကြဘူး။ ဒီနေ့လည်း ထုံးစံအတိုင်းပဲ အိမ်အပေါ်ထပ်ရောက်တာနဲ့ ပါလာတဲ့ ဘိန်းဖြူမှုန့်ကို အရည်ဖျော်ပြီးတော့ တစ်လှည့်စီထိုးကြပါတယ်။ မြင့်ဦးသွယ်ကို ကျွန်တော်ထိုးပေးတာပါ။ သူ့လက်ဖျံသွေးကြောကို ထိုးလိုက်လို့ ခဏအကြာမှာပဲ သူပက်လက်လန်လဲကျသွားတယ်။ တခွီးခွီးနဲ့ တက်နေပြီး ပါးစပ်ကလည်း အမြှုပ်တွေ ထွက်တယ်။

ကျွန်တော်နဲ့ မင်းမင်းလည်း ကြားဖူးနားဝနဲ့ ပါးစပ်ကို အတင်းဖြဲ၊ ဆားရေတွေ လောင်းချကြပါတယ်။

သူကတော့ သက်သာမလာဘဲ နှာခေါင်းတွေ၊ ပါးစပ်တွေထဲက အစာတွေအန်ပါတယ်။ ဘယ်လိုမှ မသက်သာတာနဲ့ လေးဘီး

တစ်စီးငှားပြီး ဆေးရုံပို့ဖို့ ထွက်လာတာပါ။

ကျွန်တော်တို့ အဖမ်းခံရရင် ခံရပါစေ၊ သူမသေဖို့ အဓိကပါ။ ဒါပေမယ့် လမ်းမှာပဲ အခြေအနေက ပိုဆိုးလာတယ်။ သူအသက် မရှင်နိုင်တော့ဘူးလို့ တွက်မိပြီး ဆွေမျိုးတွေ အိမ်ဝင်မယ်ဆိုပြီး တွေ့တဲ့ လမ်းသွယ်ထဲကို မောင်းခိုင်းပြီး ဆင်းကြပါတယ်။

မှောင်ရိပ်နေရာရောက်မှ သူ့ကိုထားခဲ့ပြီး ကျွန်တော်တို့နှစ်ယောက် ဘတ်စ်ကားနှင့်ပြန်လာကြတာပါ"

အောင်ထွန်းလင်းအသံက တုန်ရီလိုက်မောနေသည်။ ချစ်သူငယ်ချင်းအတွက် ကြေကွဲဆို့နစ်ခြင်း၊ ယူကြုံးမရဖြစ်ခြင်းတို့ကြောင့် မျက်ရည်တို့ကလည်း ရွဲစိုလျက်. . .

ကန့်စွန်းခင်းတစ်နေရာ၌ သိုဝှက်ထားသည့် အထုပ်တစ်ထုပ်ကို အပ်ပေးသည်။

ဆေးထိုးပိုက်၊ အပ်နှင့် ဘိန်းဖြူမှုန့်ထည့်ထားသော စီးကရက်ဘူးခွံစက္ကူတို့ ထည့်ထားသောအထုပ်။

ရဲအုပ်စောသိန်းက လုပ်ထုံးလုပ်နည်းနှင့်အညီ တရားခံများသက်သေများနှင့်အခြားစာရွက်စာတမ်းများကို မြောက်ဥက္ကလာပ၊ စခန်းမှူး ရဲအုပ်လှကြည်အား လွှဲပေးလိုက်သည်။

ထို့နောက် စီးတော်ယာဉ်မာဇဒါဂျစ်နှင့် ပြန်လာခဲ့ကြ၏။

သူတို့တတွေ ညဦးဦးယံမှသည် ယခုအချိန်ထိ အနားယူ အိပ်စက်မှု မပြုရသေးသော်လည်း. . .

မြို့တော်ရန်ကုန်ကား အရုဏ်ရောင်နီနှင့်အတူ ပြန်လည် နိုးထ လှုပ်ရှားနေလေပြီ။

လူသံ၊ ကားသံတို့ ကြိုကြားပေါ် ထွက်နေ၏။

အချိန်အနည်းငယ်ကြာလျှင် ဆူညံသံများ ပွက်ထခုန်ပျံ့လာချေတော့မည်။

ရဲအုပ်စောသိန်းကတော့ ပတ်ဝန်းကျင်ကို သတိပြုမိပုံမပေါ်။

တစ်စုံတစ်ခုသော အကြောင်းအရာဆီသို့ အတွေးများဖြန့်ကျက် ဝင်စားလျက်. . .

“မူးယစ်မကောင်းဆိုးဝါးကောင်ကြောင့် ဘဝဆုံးခဲ့ရတဲ့ လူငယ်လေးတွေ ဘယ်လောက်များနေပြီလဲ”

ချာချာလည်သော မေးခွန်းတို့ဖြင့် စိတ်နှလုံးပူပန်ရင်းနောက်ဆုံးတွင်ကား သက်ပြင်းကြီးတစ်ချက်ကိုသာ ချလိုက်မိပါတော့သည်။

ဆောင်းနတ်သမီးကား တိတ်တဆိတ်ရှိုက်ငင် ငိုကြွေးရင်းမျက်ရည်နှင်းနှင်းတို့အား တဖွဲဖွဲချွေချလျက် ရှိနေပါတော့သတည်း။

# မငိုပါနဲ့ စောမူမူ

(တစ်)

ကားသံလူသံများဖြင့် အဝေးပြေးယာဉ်ရပ်နားစခန်းကြီးက ပွက်ပွက်ထ ဆူပွက်နေ၏။

များပြားလှသောယာဉ်များ၊ လူများ၊ အရောင်လှိုင်းများ အဝေးပြေးဝင်းအတွင်း ပြေးလွှားနေသည်။

ထွန်းရင်ကတော့ ဆူညံသံဟိန်းကြီးကိုလည်း ဂရုမပြုမိ။

ယောက်ယက်ခတ်လှုပ်ရှားနေသောအရာများကိုသာ ထင်ရာမြင်ရာ ကြည့်နေမိ၏။

ထွန်းရင်သည်(---) ကားအသင်းမှ အထွေထွေဝန်ထမ်းတစ်ယောက်သာ။

အသင်းကားများထွက်သည့် မိုးသောက်ပိုင်းနှင့် ပြည်နယ်မှကားများဝင်လာသည့် ညဉ့်နက်ပိုင်းများတွင် သူ့အလုပ်များလှေ့ရှိ၏။

သည်လိုကြားခုလတ်အချိန်မျိုး၌ အနားရနေတတ်သည်။

လုံးလုံးအနားရခြင်းတော့လည်း မဟုတ်။

ကုန်ရွေးသူ ရှိလျှင်တော့ ဆောင်ရွက်ပေးရ၏။

"ကြိုတင်လက်မှတ်ဝယ်မယ့်သူလား၊ အလုပ်ပေးမယ့်သူလား"

စိတ်ထဲမှ တွေးရင်း အသင်းဆီ ဦးတည်လာနေသူနှစ်ဦးကို ကြည့်သည်။

ထိုသူတို့က ရုံးခန်းထဲတန်းဝင်ကာ တာဝန်ခံနှင့်တွေ့၏။

"ထွန်းရင်ရေ ကုန်ရုံထဲက ကုလားပဲလုံးတစ်အိတ်ရှာပေးဦး ဟေ့"

သူက တာဝန်ခံထံမှ သော့ကိုယူကာ ထွက်ခဲ့သည်။

ကုန်ရုံတံခါးဖွင့်ပြီး စီထပ်ထားသော အိတ်များကို ကလောင်ဖြင့် ထိုးကြည့်၏။

အိတ်တော်တော်များများက ပြည်နယ်ထွက်သီးနှံများသာ။

ကုလားပဲလုံးအိတ်က အမုန်းကောင်းနေသည်။

တော်တော်နှင့်မတွေ့။

သူက စိတ်တိုတိုနှင့် အိတ်တစ်လုံးအား ကလောင်တစ်ဆုံး ထိုးပစ်လိုက်၏။

ကလောင်ဖျား၌ ဆန်တွေပါလာသည်။

"ဘယ်လိုအရူးတွေကများ ပြည်နယ်ကနေ ရန်ကုန်ကို ဆန်သယ်ရတာပါလိမ့်"

တီးတိုးရေရွတ်ရင်း ကလောင်ထဲမှ ဆန်များကို လက်ထဲထည့်ပြီး ထောင့်တစ်ထောင့်သို့ ပတ်လိုက်သည်။

"ဟင်"

ထူးခြားမှုတစ်ခုကြောင့် ရုတ်တရက်ကြောင်သွား၏။ လက်ဝါးပြင်၌ ကပ်ကျန်ခဲ့သော အဖြူရောင်အမှုန့်များကို သူမသက်ာ။

ဆန်အိတ်ကို ကလောင်ဖြင့် ထပ်ထိုးသည်။

ဆန်နှင့်အတူ ဖြူဖြူအမှုန့်များပါလာ၏။

သူက လျှာဖြင့်တို့ကြည့်သည်။ နမ်းကြည့်သည်။

"ဒါ. . . ဘိန်းဖြူတွေပဲ"

ဆန်အိတ်အား မှတ်သားပြီး ကုလားပဲလုံးအိတ်ကို ရှာသည်။

တွေ့သည်နှင့် လာရွေးသူထံ အပ်ပေး၏။

ဆန်အိတ်အကြောင်းကိုတော့ တာဝန်ခံကို သတင်းပို့သည်။

အချိန်အနည်းငယ်အတွင်းမှာ အရပ်ဝတ်နှင့်ရဲအရာရှိအချို့ရောက်ရှိလာ၏။

ဆန်အိတ်ကိုဖွင့်ဖောက်စစ်ဆေးသည်။

ထွန်းရင် ယူဆသည်နှင့်မလွဲ။ ဆန်အိတ်အလယ်တွင် ပလတ်စတစ်အိတ်အထပ်ထပ်ဖြင့် ထုပ်ပိုးထားသော ဘိန်းဖြူထုပ်များကို တွေ့လိုက်ရ၏။

တစ်စုံတစ်ဦးသည် ဘိန်းဖြူထုပ်များအား ဆန်အိတ်တွင် လျှို့ဝှက်ထည့်သွင်းကာ ရန်ကုန်မြို့တော်သို့ သယ်ဆောင်လာခဲ့ချေပြီတည်း။

(နှစ်)

"ကိုအောင်နဲ့ ငါ့ကိုခွဲခွာစေတဲ့ ဒီမကောင်းဆိုးဝါးတွေ ကမ္ဘာကြီးပေါ်က မြန်မြန်ပျောက်ကွယ်ပါစေ"

စောမူက သားငယ်ကို ချော့သိပ်ရင်း နှုတ်မှ တတွတ်တွတ်

ရွှတ်နေ၏။

"ဒီတစ်ခေါက် သိပ်ကြာတာပဲ ကိုအောင်ရယ်၊ သားသား ကလေးလည်း ဖျားနေတယ်။ စောမူလဲ အရမ်းလွမ်းတယ်၊ မြန်မြန် ပြန်လာပါတော့ကွယ်"

အရှုံမကလေးလိုပင် နှလုံးသားခံစားမှုဝေဒနာကို သားချော့ တေးလုပ်ကာ သီဆိုနေမိသည်။

"စောမူရူးချင်တယ် ကိုအောင်ရယ်"

ကိုအောင် ခရီးထွက်တိုင်း ရင်နှင့်မဆျသည့် ပူပန်သောက က နန်းစောမူကို ဖိစီးမြဲ. . .။

ခုဆို တစ်လခန့်လည်းကြာပြီ။ သားကလေးလည်း ဖျားနေ သည်ဆိုတော့ စောမူ ရူးမတတ်ပါပေ။

"ဒီတစ်ခေါက် ပြန်လာရင် ဒီအလုပ်တွေ မလုပ်ပါနဲ့တော့ ကိုအောင်၊ ဒီလိုသာ ခဏခဏခွဲနေရရင် စောမူရင်ကွဲလို့ သေရပါ တော့မယ်"

စဉ်းစားနေရင်းမှ မျက်ရည်စတို့ ပါးမို့မို့ပေါ် စီးဆင်းလာကြ သည်။

ဝေရီသော အာရုံတို့က အပျော်ဖွဲ့ အတိတ်ကာလကလေး များကို မြင်ယောင်တမ်းတဆဲ. . .။

ကိုအောင်နှင့်စောမူတို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ် မြို့နယ်အတွင်းရှိ ရွာကလေးတစ်ရွာမှ ဖြစ်သည်။

လူငယ်ဘဝ ချစ်ရည်မျှခဲ့ကြသည်။

စောမူသည်သာ ကိုအောင်ရဲ့ကမ္ဘာ. . .။

ကိုအောင်သည်သာ စောမူရဲ့တမ္ဘာ ဖြစ်ခဲ့ကြ၏။

ပျော်စရာအကောင်းဆုံး ဝါကျွတ်မီးထွန်းပွဲတော်ရက်အတွင်း မှာပင် ရွာမလေးအတိုင်း လက်ထပ်ခဲ့ကြသည်။

ရိုးသားစွာ ကြိုးစားခဲ့ကြသည်။

တောင်ယာခုတ်၊ မီးရှို့၊ သီးနှံစိုက်ကြ၊ ဆွတ်ခူးရိတ်သိမ်းကြ၊ နှစ်ယောက်အတူတကွသာ. . .။

အပူအပင် အကြောင့်အကြမဲ့စွာ ပျော်ရွှင်ကြည်နူးခဲ့ရသည် ဟု စောမူ တမ်းတမိ၏။

သားတလေးမွေးဖွားပြီး နောက်ပိုင်းတွင်ကား ကိုအောင်ခြေ များလာ၏။

မူဆယ်မြို့ပေါ် သို့မကြာခဏသွားသည်။ တစ်ခါတစ်ရံ လူ စိမ်းအပေါင်းအသင်းအချို့ ပါလာတတ်၏။

စောမူခမျာ အစပိုင်း၌ ဘာမှ မသိရှာ။

နောက်ပိုင်း တဖြည်းဖြည်းနှင့်သိလာရသည်။

ကိုအောင်တစ်ယောက် ဘိန်းဖြူ အရောင်းအဝယ်လုပ်နေ ချေပြီ။ ရှမ်းရိုးရာ လင်ကိုးရာတဲ့။

လင်ကို ချစ်ခင်ယုံကြည်အားကိုးသူ စောမူလို ရှမ်းမလေး တစ်ယောက်အတွက် လင့်အလုပ်ကို စွက်ဖက်ရန် မလွယ်ပါ။

ဆိုးသည်ကောင်းသည် မပြောရဲ. . .။

သို့သော် ကိုအောင် လျှောက်လှမ်းနေရသည်က အန္တရာယ် လမ်း. . .။

အဆင့်ဆင့်အထပ်ထပ်သော အဖမ်းအဆီးများကြားမှ လွတ်

အောင် သွားရမည့်လမ်း. . .။

ကိုအောင် ခရီးသွားနေစဉ် အိပ်မက်မကောင်းလျှင် စိုးရိမ်သောကကြီးစွာဖြင့် သူ အိပ်မရတော့. . .။

အတိတ်နိမိတ်မကောင်းဟု သံသယဝင်မိလျှင်လည်း စားချင်စိတ် သောက်ချင်စိတ် ကင်းမဲ့နေတတ်၏။

စောမူခံစားရသော စိတ်ဆင်းရဲမှုက ကြီးမားလှသဖြင့် တစ်ရက်တွင်တော့ မရဲတရဲ အရဲကိုး၍ ဆိုမိခဲ့သည်။

"နင်၊ ဒီအလုပ်ကို မလုပ်ပါနဲ့တော့လားဟယ်"

သူမစကားကြောင့် ကိုအောင်ဆတ်ခနဲတွန့်သွားပုံ၊ မိမိကို စူးစူးဝါးဝါး ကြည့်လိုက်ပုံတို့ကို သူမ မှတ်မိနေဆဲ. . .။

ထိုနေ့က ကိုအောင်နှင့်သူမတို့ ခွန်းတုံ့ခွန်းလှည့်ပြောမိခဲ့ကြ၏။

"ဘာ. . . ဘာဖြစ်လို့လဲ စောမူ၊ ငါ့သူများပစ္စည်းခိုးနေလား၊ ဒါမှမဟုတ် ဓားပြတိုက်နေလား"

"နင်သိပါတယ်ဟယ်၊ ခိုးဆိုးတိုက်ခိုက်နေတာ မဟုတ်ပေမယ့် ဥပဒေက ခွင့်မပြုဘူးလေ. . .

မတော်တဆ(ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ)နင်တစ်ခုခု ဖြစ်ရင်၊ ငါရယ် သားကလေးရယ် ဘယ်လိုနေရမလဲ။

နင်ခရီးသွားတိုင်း ငါသိပ်စိတ်ဆင်းရဲရတယ်။

အရင်လို ဥယျာဉ်ကလေး တောင်ယာကလေးပဲ လုပ်ပါလား ကိုအောင်ရယ်"

"ဒီအလုပ်တွေက အရမ်းပင်ပန်းတယ်။ ပြီးတော့ မိသားစု

အကုန်လုံး အလုပ်လုပ်ရတာ၊ ဒီလိုလဲ ငွေရမလွယ်ဘူး"

"နင်လုပ်တဲ့အလုပ်က ငါတို့တောင်ယာကို လာစားတဲ့ တောဝက်တွေလိုပဲ၊ ခလုတ်တွေ၊ ညှောင့်တွေ၊ ထောင်ချောက်တွေနဲ့ချည်းပဲ။ နင်တစ်ခုခုဖြစ်မှာ ငါသိပ်စိုးရိမ်လို့ပါ ကိုအောင်ရယ်"

"ဘယ်လောက်အန္တရာယ်များများ တချို့ကောင်တွေကျတော့ ရအောင်စားကြတာပဲ မဟုတ်လား။

ငါလည်း အောင်ပွဲခံ တောဝက်တစ်ကောင်ပေါ့ စောမူရယ် ဟား. . . ဟား. . . ဟား. . ."

စောမူ စိတ်မရှည်ချင်တော့။

"ဘိန်းရှုပြီး လူတွေဒုက္ခရောက်ရင် နင်ငရဲကြီးမှာနော်"

"ဘိန်းရှုတာများ အဆန်းလုပ်လို့၊ ငါတို့ဒေသမှာ လူနေမကောင်းလည်း ဘိန်း၊ တိရစ္ဆာန်နေမကောင်းလည်း ဘိန်း၊ ပင်ပန်းလည်း ဘိန်း၊ ဟိုတုန်းကတည်းက ဆေးဝါးအဖြစ် အားကိုးနေကြရတာပဲ။ မဆန်းပါဘူး"

"နင်ကသာ မဆန်းတာ၊ ဘိန်းစားဆို ဘယ်သူက လူရာသွင်းလို့လဲ၊ ဘိန်းစားတစ်ယောက်ရှိတဲ့အိမ် ဘယ်တော့မှ မချမ်းသာဘူးတဲ့။ နင်လုပ်တာ လူတွေ ဒုက္ခရောက်အောင်လုပ်နေတာနဲ့ မတူဘူးလား"

"တော်ပေါ့ စောမူ၊ ငါ့ပစ္စည်းကို မဝယ်မနေရလို့ အတင်းအကျပ် ရောင်းတာမဟုတ်ဘူး။ သူ့သဘောနဲ့သူ ဝယ်သုံးတာ၊ ငါကောင်းရောင်းကောင်းဝယ်လုပ်နေတာကို နင်မနှောင့်ယှက်နဲ့"

"နင်က ငါ့ကို တောင်ယာထဲမှာ ချွေးတွေရွှဲနေတာမြင်ချင်

လို့လား"

ကိုအောင်၏အသံက ဒေါသဖြင့် ကျယ်လောင်နေ၏။

ချစ်ဇနီး စောမူအပေါ် တစ်ကြိမ်တစ်ခါမျှ သည်လို မအော်ငေါက်ဖူးခဲ့။

"နင့်အတွက် စိတ်ပူလွန်းလို့ပြောမိတာပါ. . . ကိုအောင်ရယ်"

ချစ်ခင်ကြင်နာရသူ၏ တင်းမာလွန်းသောအသံကြောင့် စောမူ ဝမ်းနည်းသွားရသည်။

သူမအသံက ရှိုက်သံစွက်လျက် တုန်ရီနေရှာ၏။

ကိုအောင် စိတ်မကောင်းတော့ . . .။

"ငါ့ကို ခွင့်လွှတ်ပါစောမူရယ်"

စောမူက တိတ်တိတ်ရှိုက်ရင်း ကိုအောင့်ရင်ခွင်ထဲ တိုးဝင်သည်။

"ငါတို့မိသားစုကလေး ချမ်းချမ်းသာသာနေရအောင်လို့ ငါကြိုးစားနေတာပါစောမူရယ်၊ အန္တရာယ်များပေမယ့် သတိနဲ့ရှောင်ပါ့မယ်။ စောမူ စိတ်မပူပါနဲ့ကွယ်"

သည်လိုသည်သို့ ယုယချော့မော့တော့လည်း စောမူ ပျော့ရပါ၏။

ကိုအောင်၏ မျက်နှာကို ချစ်ခင်အားကိုးစွာ မော့ကြည့်လိုက်သည်။

ကိုအောင်၏ ချစ်မျက်လုံးတို့နှင့် ဆုံမိ၏။

တော်တော်နှင့်မလွှဲဖယ်ဖြစ်ကြ။

အတန်ကြာမှသာ ရှက်စနိုးဖြင့် မျက်လွှာကို အမြန်ချ. . . ကိုအောင်၏ ရင်ခွင်ကျယ်ကြီးထဲသို့ တိုး၍တိုး၍ ဝင်မိပါတော့သည်။

(သုံး)

(×××)ကားအသင်းမှ တာဝန်ရှိသူများသည်လည်းကောင်း၊ ရဲတပ်ဖွဲ့သည်လည်းကောင်း. . .။

ဆန်အိတ်အတွင်းက ဘိန်းဖြူထုပ်များ၏ သတင်းကို လျှို့ဝှက်ထားခဲ့ကြသည်။

တွေ့ရှိသောနေ့မှစ၍ ကားအသင်း၏တာဝန်ရှိ လူကြီးနှစ်ဦးနှင့် အထွေထွေဝန်ထမ်းကိုထွန်းရင်တို့ နေ့နေ့ညည ရှိနေကြ၏။

အရပ်ဝတ်နှင့်ရဲတပ်ဖွဲ့ဝင်များကလည်း (၂၄)နာရီစောင့်ကြည့်နေသည်။

တရားခံဖော်ထုတ်ဖမ်းဆီးနိုင်ရန် အဆင့်ဆင့်စီစဉ်ထားကြ၏။

ကိုထွန်းရင်ကား ရုံးခန်းထဲသို့ ခရီးသည်လာတိုင်း "ဆန်အိတ်လာရွေးသူလား"ဟု တွေးကာ စိတ်လှုပ်ရှားလျက် ရှိ၏။

အယောင်ယောင် အမှားမှားဖြစ်လျက်ရှိ၏။

အတွေ့အကြုံမရှိသဖြင့် ပထမနှစ်ရက် သုံးရက်တွင် လုံးဝအိပ်မရဟု ဆိုသည်။

"ခင်ဗျားပုံက သိပ်မူပျက်နေတယ်။ တစ်ဖက်က ရိပ်မိသွားနိုင်တယ်။ အရင်လုပ်ရိုးလုပ်စဉ်အတိုင်းပဲ နေထိုင်လုပ်ကိုင်ပါ"ဟု ရဲအရာရှိက သတိပေးရသေး၏။

တတိယမြောက်ရက် ကုန်ဆုံးသည့်တိုင် ဆန်အိတ်ကို လာ

မရွေးသေး။

ရက်သတ္တတစ်ပတ်ကုန်လို့မှ လာမရွေးလျှင် အစီအစဉ်ကို ဖျက်လိုက်မည်။

ဘိန်းဖြူပါဆန်အိတ်အား ပိုင်ရှင်မဲ့အဖြစ် သိမ်းလိုက်မည်ဟု ဆုံးဖြတ်ထားသည်။

ပဥ္စမမြောက်ရက်သို့ပင် ကူးပြောင်းလာခဲ့သည်။

တစ်နေ့ခင်းလုံး လာမရွေး. . .။

"သတင်းအနံ့ရသွားပြီလား"ဟု သံသယပင် ဝင်မိ၏။

ဒုစရိုက်သမားကိုလည်း လျှော့တွက်၍ မရ။

သူတို့သည်လည်းအန္တရာယ်အနံ့အသက်ကို သတိဖြင့် ရှာဖွေနေကြသည် မဟုတ်ပါလား။

ထိုနေ့ညနေခင်းပိုင်းရုံးခန်း၌ ကိုထွန်းရင်တစ်ဦးတည်း ကျန်နေခဲ့သည်။ တာဝန်ခံပုဂ္ဂိုလ်နှစ်ယောက် ညနေစာစားရန် ထွက်သွား၏။

ထိုအချိန်မှာပင် ရုံးခန်းသို့ လူနှစ်ယောက် ဝင်လာသည်။

"ဆန်တစ်အိတ်လာရွေးတာပါ"

"ဟင်"

ကိုထွန်းရင် အလန့်တကြားမော့ကြည့်၏။

"ဟို. . . ဟို. . . ဆန်အိတ်"

အထစ်ထစ်၊ အငေါ့ငေါ့ ဘာပြောမိလို့ ပြောမိမှန်း မသိ။

လူနှစ်ယောက် တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်သည်။

"မြေစာဖြတ်ပိုင်းပါသလား ပေး. . . ပေး"

ကိုထွန်းရင်၏အသံက တုန်ရီနေ၏။

တစ်ယောက်က ဖြတ်ပိုင်းစာရွက်အား ပေးသည်။

သူက လှမ်းယူလိုက်ရင်း တယ်လီဖုန်းဆီလျှောက်လာခဲ့သည်။

"အသင်းတာဝန်ခံ ထမင်းသွားစားတယ်။

ခဏစောင့်နေပါနော်၊ ကျွန်တော်ဖုန်းဆက်ခေါ်လိုက်ပါ့မယ်"

ပြောရင်းဆိုရင်း ဂဏန်းကွက်ကလေးတွေကို လှည့်သည်။

လူနှစ်ယောက်က သူ့လှုပ်ရှားမှုတွေကို မျက်တောင်မခတ်စိမ်းစိမ်းစူးစူးကြည့်လျက်ကပင် အခြေအနေကို သဘောပေါက်သွားကြဟန်တူသည်။

နောက်ဆုတ်ရင်း အခန်းပြင်ထွက်ရန် ပြင်သည်။

ကိုထွန်းရင်က တယ်လီဖုန်းကိုင်ထားလျက်ကပင်. . .

"ဟေ့လူတွေ စောင့်ဦးလေ"

လက်တစ်ဖက်က ကာလျက်တား၏။

ဆို့သော် မရတော့. . .။

လူနှစ်ယောက်က အခန်းပြင်ရောက်သွားပြီ။

ထွက်ပြေးရန် ဟန်ပြင်လိုက်စဉ် လမ်းပိတ်ထားသော လူအချို့နှင့် ရင်ဆိုင်လိုက်ကြရသည်။

"ဟေ့ကောင်တွေ. . . ထိုင်လိုက်စမ်း"

ရှေ့ဆုံးမှလူက သေနတ်ဖြင့် ချိန်ထားရင်း လူနှစ်ယောက်ကို

ပြောလိုက်၏။

ထိုအခါကျမှ ကိုထွန်းရင်လည်ချောင်းမှ အလုံးကြီးကျသွားသည်။

ကျယ်လောင်သော သက်ပြင်းကြီးတစ်ချက်ကို"ဝှူးခနဲ"မှုတ်ထုတ်ပြီး အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိပါတော့။

သို့သော် သူ၏ရင်ခုန်နှုန်းတွေက တဒုန်းဒုန်းမြန်ဆန်ဆဲပါတည်း။

(လေး)

"စောမူရေ၊ ရုပ်မြင်သံကြားသွားကြည့်ရအောင်ဟေ့"

"မလိုက်တော့ဘူး မိအဲရယ်၊ သားလဲ နေမကောင်းဘူး"

"လာလိုက်ခဲ့ပါ စောမူရယ်၊ အပျင်းပြေပေ့ါ၊ ကိုအောင် ပြန်မရောက်သေးဘူး မဟုတ်လား"

ရွာသို့ ရုပ်မြင်သံကြားစက် ရောက်လာသည်မှာ မကြာသေး။

အစိုးရက ပြည်နယ်ပြည်မချစ်ကြည်ရေးတံတားတွေဆောက်၊ ရွှေလမ်း၊ ငွေလမ်းတွေဖောက်၏။

ရုပ်မြင်သံကြားထပ်ဆင့်လွှင့်ရုံတစ်ခုကိုပင် သူတို့ဒေသ၌ တည်ဆောက်ပေးခဲ့၏။

ထိုကျေးဇူးကြောင့် ရုပ်မြင်သံကြားဟူသည်ကို သူတို့မြင်ဖူး ကြည့်ဖူးရ၏။

အမိနိုင်ငံတော်ကိုလည်းကောင်း၊ ကမ္ဘာကြီးကိုလည်းကောင်း ကြည့်ရမြင်ရ၏။

အံ့မခန်း အဆန်းတကြယ်ဖြစ်ရ၏။

သူတို့တစ်တွေမှာ ယမ်းခိုးယမ်းငွေ့ဖုံးလွှမ်းသောအမှောင်ထုကြီးထဲ၌ နှစ်ကာလကြာရှည်စွာ နေခဲ့ရရှာသည်မဟုတ်ပါလား။

မိအဲ၏အဆွယ်ကောင်းမှုကြောင့် စောမှုလိုက်ခဲ့၏။

ရုပ်မြင်သံကြားပြသည့် အိမ်မှာ ရွာလယ်ပိုင်းတွင်ရှိသည်။

သူတို့ရောက်သွားချိန်၌ အိမ်ပေါ်ထပ်တစ်ခုလုံး လူများပြည့်ကျပ်နေ၏။

ဖန်သားပြင်ပေါ်တွင် တိုင်းရင်းသားပေါင်းစုံ လက်ချင်းတူယှက်ကနေကြသည်။

ည ၈ နာရီသတင်းများ စတင်ကြေညာ၏။

နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြု လုပ်ဆောင်မှုများ။

သာသနာရေးဆိုင်ရာ သတင်းများ။

အမျိုးသားအလှည့်ပြီးတော့ အမျိုးသမီးက ဆက်လက်ကြေညာ၏။

" . . . . . . . . . . "

" . . . . . . . . . . "

"နိုင်ငံတော်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအား အမျိုးသားရေးအမြင်ဖြင့် တိုက်ဖျက်လျက်ရှိရာ (. . .) နေ၊ ညနေ ၅ နာရီခန့်က ရန်ကုန်မြို့၊ အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း၌ ဆန်အိတ်တွင် လျှို့ဝှက်ထည့်သွင်းသယ်ဆောင်လာသော ဘိန်းဖြူများနှင့်အတူ တရားခံနှစ်ဦးအားဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူများမှာ သယ်န်းကျွန်းမြို့နယ်၊ ( . . . )ရပ်ကွက်နေ ကျားကြီး(ခ)မောင်မြင့်နှင့် ကျားလေး(ခ)အောင်ထွန်းလင်းတို့ ဖြစ်ကြသည်။

ရုပ်မြင်သံကြား ဖန်သားပြင်၌ လူနှစ်ယောက်၏ ရုပ်ပုံတို့ပေါ်လာသည်။

"၎င်းတို့အား စစ်ကြောမေးမြန်း၍ ဆက်လက်ဖော်ထုတ်ခဲ့ရာ ကျားကြီး(ခ)မောင်မြင့်၏နေအိမ်မှ ဘိန်းဖြူလာရောက်ရောင်းချသူတစ်ဦးအား ဘိန်းဖြူ ၃. ၃၅ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

အဆိုပါ ထပ်မံဖမ်းဆီးရမိသူမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်၊ . . ."

မိမိတို့ဒေသဖြစ်၍ အားလုံးတိတ်ဆိတ်သွား၏။

"( . . . . )ရွာနေ . . . ."

"ဟင်"

မိမိတို့၏ရွာကလေးနာမည်ပါလာသဖြင့် အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"(ဘ)ဦး. . . ၏သား မောင်အောင်"

"ဟာ"

အာမေဍိတ်သံကြီးက ဆူညံသွား၏။

မိအဲက စောမူကိုထိတ်လန့်တကြားမော့ကြည့်ရင်း လက်ကိုဆုပ်ကိုင်လိုက်သည်။

အားလုံး၏မျက်လုံးတွေက စောမူတို့သားအမိအပေါ်၌သာ

တအံ့တသြကြည့်နေကြ၏။

စောမူ၏ နှလုံးသွေးတို့ရုတ်တရက်ရပ်တန့်။

ကြောက်မက်ဖွယ် ပိန်းပိတ်သောအမှောင်ထုကြီးထဲ နစ်မြုပ်သွားရသည်။

အမြင်အာရုံ၊ အကြားအာရုံတို့သည်လည်းကောင်း၊ သိစိတ်အလျဉ်းသည်လည်းကောင်း၊ အဘယ်စကြာဝဠာ၊ အဘယ်ကမ္ဘာသို့လွင့်စဉ်ပျောက်ကွယ်လေပြီမသိနိုင်။

စောမူ၏နှလုံးသားအား တဖျစ်ဖျစ်လောင်ကျွမ်းနေသော မီးတောက်မီးလျှံများ သားငယ်ကို ကူးစက်သွားလေပြီလားမသိ။

ရုတ်တရက် လန့်ထိတ်ငိုကြွေးလိုက်သော သားငယ်၏အသံက(. . . .)ရွာကလေးကို ဖုံးအုပ်သွားပါလေတော့သည်။

# မုန်တိုင်းကြမ်းကြမ်း ချစ်သူ့လမ်း

(တစ်)

ခင်ခင်ဦးသည် လှ၏။

ရှင်းလဲ့မျက်ဝန်း၊ သွယ်ဆင်းနှာတံ၊ နီတျာနှုတ်ခမ်းနှစ်လွှာတို့ဖြင့် ကြည်လင်သောမျက်နှာ။

ဝင်းဖန့်စိုပြည်သော အသားအရည်။

အရပ်မြင့်မြင့်နှင့်လိုက်ဖက်သော ကိုယ်လုံးကိုယ်ဟန်ရှိ၏။

ထို့ပြင် ချိုမြအေးဆေးသော စကားဆိုသံ။

တည်ငြိမ်သောအမူအရာနှင့် လွန်ကဲသည့် အပြင်အဆင်အချယ်အသ မရှိခြင်းကြောင့် အလှတွင် အယဉ်ဆင့်လျက်ရှိ၏။

ထို့ကြောင့် သူမသည် လှသည့်အပြင် ယဉ်ကျေးသိမ်မွေ့မှုရှိသည်ဟုလည်း ဆိုရမည်။

ခင်ခင်ဦးကဲ့သို့သော မိန်းမပျိုတစ်ဦး၏ မေတ္တာပန်းကို ဆွတ်လှမ်းလိုသူတို့ကား များစွာတည်း. . ။

ထိုလူရွယ်တို့သည် အင်းစိန်ဈေးကြီးအတွင်းရှိ သူမ၏ အပ်ချုပ်ဆိုင်အနီးတွင် ရွှေစွန်ညိုဝဲသည့်ပမာ ဝဲလျက်ရှိကြ၏။

စောရဲထက် . . ။

နုနယ် ထွားကျိုင်းသော လုလင်ပျို။

ကရင်အမျိုးသားပီပီ သစ္စာတရားခိုင်မြဲမှု၊ ရိုးသားပွင့်လင်းမှုတို့က သူ့မျက်နှာ၌ အထင်းသား . . ။

အင်းစိန်မီးရထား စက်ခေါင်းပြင်စက်ရုံမှ သာမန်အလုပ်သမားကလေးသာ ဖြစ်သော်လည်း . .

ရတနာတံခွန် ဂုဏ်တံခွန်တို့ လှမ်းလင့်ဝန်းရံရာ ခင်ခင်ဦး၏ အချစ်ပန်းကို မေတ္တာတံခွန်ယယ်ဖြင့် ချွေယူနိုင်ခဲ့သူ။

ဖူးငုံပွင့်သစ် အချစ်စစ်တို့ ကြွယ်ဝ ဖိတ်လျှံနေသော နှလုံးသား . . .

အနစ်နာခံမှု၊ ကိုယ်ချင်းစာမှု၊ စည်းကမ်းရှိမှု၊ ရင့်ကျက်တည်ငြိမ်မှုတို့ဖြင့် ချစ်သူဘဝကို တန်ဆာဆင်ထားသည်။

သိကြားမင်းဖျက်တောင်မပျက်အောင် ရဲရင့်ခိုင်မာတဲ့ မေတ္တာ။

လောကဓံကိုရင်ဆိုင်၊ သံသရာဆုံးတိုင် လက်တွဲမဖြုတ်မည့် လုလင်ပျိုနှင့် လုံမပျို။

ရိုးသားမှု အရင်းခံမိဘများကလည်း လိုသလောက်သာ ဆုံးမပဲ့ပြင်ပြီး စိတ်ချလက်ချ ရှိသည်။

စက်ရုံ ထမင်းစားလွှတ်ချိန်တိုင်း စောရဲထက် ဈေးသဲရောက်လေပြီ။

သူ့အလာကို ငံ့လင့်နေသော ခင်ခင်ဦးနှင့်အတူ စောရဲထက် ထမင်းလက်ဆုံစား၏။

ကောင်းနိုးရာရာဟင်းများကို တစ်ဦးမှတစ်ဦး မြတ်မြတ်နိုးနိုး ထည့်ပေးကြသည်။

ပျော်ရွှင်ဖွယ် အတိပြီးသော ထမင်းပွဲလေး။

စားပြီးချိန်၌ ခင်ခင်ဦးက ချိုင့်နှင့်ထမင်းဘူးကို ဆေးကြော သည်။ စောရဲထက်က ရေစင်အောင်သုတ်၍ ဆင့်၏။

မြတ်နိုးခြင်းများက သူတို့နှစ်ဦးကို တစ်သားတည်းဖြစ်စေ သည်။

ကြည်နူးမှုတို့က နှလုံးသားများကိုဖွံ့ဖြိုးစည်ပင်စေ၏။

ပျော်ရွှင်မှု အပြုံးများက အချစ်ကို ခိုင်ခန့်စေသည်. . .။

မဟာသမုဒ္ဒရာထက် ကြီးမားနက်ရှိုင်း ကျယ်ပြန့်သည့် သမုဒယဝဲဂယက် မုန်တိုင်းအတွင်း မလန့်မကြောက် ရဲဝံ့ပျော်ပါးကူး ခတ်ရယ်မော နေသူတို့ကား. . .

စောရဲထက်နှင့်ခင်ခင်ဦးမည်သော ချစ်သူနှစ်ဦးသာတည်း။

(နှစ်)

"အင်းစိန်ရဲစခန်း၊ အင်းစိန်ရဲစခန်း. . ."

အိုင်အိုစောသိန်း တာဝန်မှူးကျသည့်နေ့။

ရဲစခန်းတွင် ထိုင်ကာလာသမျှ ပြဿနာ ဒိုင်ခံဖြေရှင်း ပေးနေရချိန်။

တယ်လီဖုန်းမြည်၍ ကောက်ယူနားထောင်လိုက်သည်နှင့်

တစ်ဖက်မှ အရေးတကြီး ခေါ်နေသံကို ကြားလိုက်ရ၏။

"ဟုတ်ပါတယ်။ အင်းစိန်ရဲစခန်းက အိုင်အိုစောသိန်းပါ . . ."

"ကျွန်တော် တာဝန်သိပြည်သူတစ်ဦးပါ၊ သတင်းပေး စရာ တစ်ခုရှိလို့ပါ . . ."

"ဟုတ်ကဲ့ ပြောပါ။ မှတ်ယူထားပါ့မယ် . . ."

အိန္ဒိယတိုင်းရင်းသား တစ်ဦး၏လေသံနှင့် ခပ်တိုးတိုးထိန်း၍ ပြောနေခြင်းကို သတိပြုမိလိုက်၏။

သူက၊ တစ်ဖက်မှပြောစကားကို လိုက်လံရေးမှတ်သည်။

"အင်းစိန်ဈေး၊ ဆိုင်ခန်းအမှတ် ( . . . )မှာ ဆေးခြောက် အရောင်းအဝယ်လုပ်နေပါတယ်။ ဆိုင်ခန်းအမှတ်( . . . )ပါ"

သတင်းပေးက ဤမျှသာပြော၍ ဖုန်းချသွားသည်။

မသေမချာဖြစ်မည် စိုး၍ထင့်။

ဆေးခြောက်အရောင်းအဝယ်ပြုလုပ်သည်ဆိုသော ဆိုင်အမှတ်ကိုပင် ထပ်မံပြောသွား၏။

အိုင်အိုစောသိန်း လက်ခံယူလိုက်သော ဖုန်းသတင်းက ချက်ချင်းပင် ရဲအုပ်(စခန်းမှူး)စောမောင်ထံ ရောက်သွားသည်။

စခန်းမှူး၏ညွှန်ကြားချက်ရသည့် တစ်ချိန်တည်းမှာပင် အိုင်အိုစောသိန်းနှင့်အသင့်ရှိအဖွဲ့သည် ရဲလင့်ရိုဘာကားပေါ် သို့ ရောက်ရှိနေလေပြီ . . .။

(သုံး)

ကြည်နူးမှုတို့ ရတ်ခြည်းကွယ်ပျောက် . . .

အရယ်အပြုံးတို့ ထိတ်လန့်တကြား ရပ်တန့် . . .

စောရဲထက်က ခင်ခင်ဦးကိုကြည့် . . .

ခင်ခင်ဦးက စောရဲထက်ကိုကြည့် . . .

နားမလည်နိုင်ခြင်း တအံ့တဩဖြစ်ခြင်းတို့ကြောင့် နှစ်ဦးသား တုန်လှုပ်ချောက်ချား . . .

စောရဲထက်က စားလက်စထမင်းဘူးကို ကိုင်လျက်ကပင် . . .

"အား . . . ဘာကိစ္စရှိလို့ပါလဲ ဆရာ"

"ကိုယ်က အင်းစိန်စခန်းက ရဲအရာရှိအိုင်အိုစောသိန်းပါ။ သူက ဈေးရပ်ကွက်လူကြီးဖြစ်ပြီး၊ သူကတော့ ဈေးဝန်ထမ်းဖြစ်ပါတယ်။ ဒီဆိုင်မှာ ဆေးခြောက်အရောင်းအဝယ်ပြု လုပ်နေကြောင်း သတင်းရလို့လာတာပါ"

"ခင်ဗျာ . . ."

"ရှင် . . ."

အံ့ဩရှက်ရွံ့ခြင်းများ သူတို့မျက်နှာပြင်၌ တရိပ်ရိပ်ဖြတ်သန်းနေသည်ကို မြင်ရ၏။

အိုင်အိုစောသိန်းက ဆိုင်ခန်းလေးအား အကဲခတ်လိုက်သည်။

အပ်ထည်အချို့ ခေါက်တင်ထားသည့် ကြိုးတန်း။

အပ်ချုပ်စက် တစ်လုံး။

မျက်နှာချင်းဆိုင် ထမင်းစားနေသည့် လုလင်ပျိုနှင့် လုံမပျို။ ဈေးအတွင်းဖြစ်၍ ဝိုင်းအုံကြည့်ရှုနေသူတွေက များလှ၏။

"ကျွန် . . . ကျွန်တော်တို့"

စောရဲထက် စကားဆက်၍မရ။

နှလုံးသားသည် တင်းကျပ်၊ အသံများ တိမ်ဝင်ကွယ်ပျောက်။

ခင်ခင်ဦးကား ခံစားဆို့နစ် ပူဆွေးသောက မျက်ရည်စနှင့်။

အိုင်အိုစောသိန်းနှင့် ရဲတပ်ဖွဲ့ဝင်များက ခွင့်တောင်း၍ ဆိုင်ကိုရှာ၏။

အခင်းဖျာအောက်တွင် စက္ကူဖြင့် ထုတ်ထားသော ဆေးခြောက်ထုတ်လေးများကို တွေ့ရသည်။

အိုင်အိုစောသိန်းက ဥပဒေနှင့်အညီဖြစ်အောင် ဆေးခြောက်များအား သိမ်းဆည်း၏။

ခင်ခင်ဦးနှင့် စောရဲထက်တို့အားလည်း ဖမ်းဆီးလိုက်တော့သည်။

အချို့က သနားနေကြသလို . . .

ချစ်သူနှစ်ဦး အမြန်လက်ထပ်နိုင်ရန် ဖြတ်လမ်းနည်းဖြင့် ငွေရှာခြင်းဟုတွေးကာ ကရုဏာဒေါသောဖြင့် အပြစ်ဆိုသူက ဆို၏။

သူတို့ဈေးအတွင်းမှပြန်လည် ထွက်ခွာလာချိန်၌ အကြင်နာစကားသံများ၊ ဝေဖန်ငြင်းခုံသံများ ဆူညံကျန်ရစ်ခဲ့လေသည်။

ချစ်သူနှစ်ဦး၏ တွဲလက်ကို ရိုက်ချိုးရန်အတွက် ကြမ္မာမုန်တိုင်းက ပြင်းပြင်းထန်ထန်၊ ရိုင်းရိုင်းစိုင်းစိုင်း ရမ်းကားနေလေပြီ။

အဘယ်တန်ခိုးရှင်သည် ဤရမ်းကားမုန်းတိုင်းအား ရပ်တန့်ခြင်းငှာ တားဆီးနိုင်ပါတော့မည်နည်း။

(လေး)

မတင်မကျဖြစ်ခြင်းက အိုင်အိုစောသိန်း၏ရင်အား တင်းကျပ်စွာ ဖိစီးနေ၏။

ချစ်သူနှစ်ဦး၏မျက်နှာပေါ်မှ ဖြူစင်ရိုးသားခြင်းက သူ့နှလုံးသားအား နဲ့အောင် နှဲ့လေပြီ။

ရဲအရာရှိ လုပ်သက်အတန်ရလာပြီဖြစ်၍လည်း (ဆေးခြောက်များနှင့်အတူ မိနေသည့်တိုင်) သူတို့နှစ်ဦးအား တရားခံအဖြစ် မမှတ်ယူနိုင်ခဲ့။

ပတ်ဝန်းကျင် စုံစမ်းမေးမြန်းရာမှ ရရှိအချက်အလက်တွေကလည်း သူတို့နှစ်ဦး ရိုးသားဖြောင့်မတ်ကြကြောင်း၊ စိတ်နှလုံးသန့်ရှင်းဖြူစင်ကြကြောင်း ထောက်ခံနေ၏။

"ဒီဆေးခြောက်တွေဟာ ကျွန်တော်တို့ပစ္စည်း မဟုတ်တာ အမှန်ပါဆရာ"

"ကျွန်တော်တို့နှစ်ဦးစလုံး ရိုးရိုးသားသား လုပ်ကိုင်ပြီး လက်ထပ်နိုင်ဖို့ ငွေစုနေကြတာပါ"

"သူ့အချစ်ကို ရတဲ့နေ့ကစလို့ ဒီအတွေးတွေနဲ့ ဆေးလိပ်ရော၊ ကွမ်းရော ဖြတ်ခဲ့တာ ခုဆို တစ်နှစ်လောက်ရှိပါပြီ"

"ကျွန်တော်တို့ကို ကူညီပါဆရာ"

မျက်ရည်ဝဲရစ်၊ ဆိုနင့်နေသော စောရဲထက်၏ စကားက ရဲအရာရှိတစ်ယောက်ကို ရင်နင့်ခံစားရစေသည်။

သူတို့၏ ဆေးခြောက်မဟုတ်ပါက အဘယ်သူသည် စက်ချုပ်ဆိုင်အတွင်းရှိ ဖျာအောက်သို့ လာရောက်ဝှက်သိုထားနိုင်မည်နည်း။

အိုင်အိုစောသိန်းက ခင်ခင်ဦး၏ဆိုင်ခန်းသို့ ပြန်၍လှေ့လာ၏။

တံခါးများ ပိတ်ထားသော်လည်း အနည်းငယ်ဟနေသည့်နေရာကို သတိပြုမိ၏။

ထိုနေရာမှ လက်နှိုက်စမ်းကြည့်သည်။

"ဟာင်"

သူ့လက်က ချောင်ချောင်ချိချိပင်ဝင်ကာ ကြမ်းခင်းဖျားကို ဆွဲကိုင်မိ၏။

တစ်စုံတစ်ဦးသည် ဤဆိုင်တွင်းသို့ ဆေးခြောက်ထုပ်ငယ်များ လျှို့ဝှက်ထားကာ ချောက်တွန်းခြင်းဖြစ်နိုင်သည်ဟု တွက်ဆလိုက်သည်။

ရုတ်ခြည်းပင် တယ်လီဖုန်းထဲမှ ကြားခဲ့ရသော သတင်းပေး၏ အိန္ဒိယသံဝဲဝဲကို ပြန်ကြားယောင်မိ၏။

သူက ခင်ခင်ဦးအား. . .

"ညီမတို့ကို စီးပွားရေး၊ လူမှုရေးနဲ့ မစ္ဆေရစိတ်ထားအမုန်းပွားနေသူ၊ ဒါမှမဟုတ် လူငယ်တို့ဘာသာဘာဝ ညီမတို့ရဲ့ ချစ်ခြင်းကို မလိုလားသူထဲမှာ အိန္ဒိယတိုင်းရင်းသား တစ်ယောက်များ ပါသလား"

"ရှင်. . ."

သူ့မေးခွန်ကြောင့် ခင်ခင်ဦး အလန့်တကြား ဖြစ်သွားသည်။

သူမက 'အိန္ဒိယတိုင်းရင်းသား'ဟု နှုတ်မှ တီးတိုးရေရွတ်ရင်း

"ကျွန်မကို မရရအောင် ယူမယ်လို့ ကြိမ်းဝါးနေတဲ့ အီဗရာ

ဟင်(ခေါ်) မောင်မောင်ဇင်ဆိုသူ တစ်ယောက်တော့ရှိပါတယ်။

အကြိမ်ကြိမ် ချစ်ရေးဆိုဖူးပေမယ့် ကျွန်မ ငြင်းခဲ့ပါတယ်၊ သူကတော့ ခုချိန်ထိ လက်မလျှော့ဘဲ လိုက်နေဆဲပါပဲ"

သေချာပေပြီ. . .

မောင်မောင်ဇင်ကား မစားရသည့်အမဲ သဲနှင့်ပက်ခြင်း အမှုကိုပြုလေပြီ။

တိတ်တဆိတ် ဆေးခြောက်လာထား၊ စောရဲထက် ထမင်းစားလာချိန်၌ ရဲကိုသတင်းပေးလိုက်ခြင်းပေတည်း။

သို့ရာတွင် ဤအချက်မျှနှင့်စွပ်စွဲ ဖမ်းဆီး၍မဖြစ်။

ပိုမို တိကျ ခိုင်မာစေရန် အိုင်အိုစောသိန်း လုံးပန်းရ၏။

ဈေးအနီးမှ တယ်လီဖုန်းရှိသော ဆိုင်များသို့အပြင်လူလာရောက် ဖုန်းဆက်ခြင်းရှိ မရှိ မေးမြန်းသည်။

တစ်ဆိုင်ခေါင်းခါ တစ်ဆိုင်ပြောင်း။ တစ်ဆိုင်ငြင်း တစ်ဆိုင်ရောက်။ အမှန်တရား၏ ဝိသေသတစ်ခုလော။

သူကပင် စေတနာမှန်၍လော မပြောတတ်။ ကြိုးပမ်းမှုက အလဟဿ ဖြစ်မသွား။

ဆိုရှယ်ကဖီးမှ ဆိုင်ရှင်ဒေါ်တင်မြ၏. . .

"အလုပ်များနေလို့ သတိမထားမိလိုက်ပါဘူးကွယ်"ဟူသော အသံကြောင့် အားလျှော့ရမလို ဖြစ်နေစဉ်. . .

အနီးရောက်လာသည့် စားပွဲထိုးက. . .

"ကျွန်တော်သိတယ် ဆရာ"

"ခင်ခင်ဦးတို့ကို လာမဖမ်းမီကလေးက လူတစ်ယောက် ဖုန်း

လာဆက်တယ်"

"ရဲစခန်းကိုခေါ်ပြီး ဆေးမြောက်ကိစ္စတွေ ပြောသံကြားလို့ ကျွန်တော်သတိထားလိုက်မိတာ"

"ကျေးဇူးတင်တယ် ညီလေး၊

အဲ့ဒါ ဘယ်သူလဲ သိလား"

"သိတာပေါ့ ဆရာ"

"ဒီလူဟာ ဈေးထဲမှာ ကုန်စုံဆိုင်ဖွင့်ထားတဲ့ အီဗရာဟင်(အဲ) မောင်မောင်ဇင်ပါ"

စောရဲထက်နှင့် ခင်ခင်ဦးတို့အတွက် အိုင်အိုစောသိန်းဝမ်း မြောက်မှုက လိုက်လှိုက်လှဲလှဲ ရင်ထဲပြည့်ကျပ်။

(ငါး)

"မဟုတ်ဘူးဆရာ။ ကျွန်တော်ဆိုင်က ဘယ်မှမသွားဘူး။ ဖုန်းလည်းမဆက်ရပါဘူး"

မောင်မောင်ဇင်ကား တွင်တွင်ငြင်းဆန်နေဆဲ။

"ကဲ. . . ညီလေးရေ ဒီအခန်းထဲ ဝင်လာပြီး ရှင်းပြပေးစမ်း ပါဦးကွာ"

အိုင်အိုစောသိန်း ခေါ်လိုက်သည်နှင့် စားပွဲထိုးကလေးဝင် လာသည်။

သူ့ရဲ့သဘက်ကို မြင်ရသူပမာ မောင်မောင်ဇင်၏မျက်လုံး တို့ ပြူးကျယ်သွား။

"မလိမ်ပါနှင့် ကိုမောင်မောင်ဇင်။ ခင်ဗျားနှင့်ကျွန်တော်

မသိကြတာမှ မဟုတ်ဘဲ။ ဖုန်းပြောခငွေတောင် ကျုပ်ကိုပေးသွားတယ် မဟုတ်လား"

"ကဲ ဘယ်လိုလဲ မောင်မောင်ဇင်။ ယောက်ျားတစ်ယောက်ရဲ့ သတ္တိမျိုး ထားစမ်းပါကွာ၊ ခင်ခင်ဦးရဲ့ အချစ်ကိုမရလို့ မင်းကြံလိုက်တယ်ဆိုတာ ငါသိတယ်။ အမှန်တရားကို ဘယ်သူမှ ဖုံးကွယ်လို့ မရဘူး။ ဆေးခြောက်ထုပ်တွေ ဝယ်၊ ဟနေတဲ့ အပေါက်ကနေ ဖျာအောက်သွင်းထား၊ စောရဲထက် ထမင်းစားလာချိန်ကျ ရဲစခန်းကို ဖုန်းဆက်သတင်းပေး၊ ဒီအမှန်တရားကို မင်းဖျောက်ဖျက်ထားခဲ့တယ် မဟုတ်လား။ ဒါပေမယ့် အခုပဲ မင်းရင်ဆိုင်နေရပြီ"

မောင်မောင်ဇင် ခေါင်းငိုက်စိုက်ကျချေပြီ။

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်မှားမိပါတယ်။ စောရဲထက် အဖမ်းခံရရင် ခင်ခင်ဦးရဲ့ အချစ်ကို ရနိုင်တယ်ထင်ပြီး အကွက်ဆင်လိုက်မိတာပါ။ အခု ခင်ခင်ဦးပါအဖမ်းခံလိုက်ရတော့ ကျွန်တော် စိတ်မကောင်းဘူး။ ကျွန်တော့်ကို ဖမ်းပါ။ ကျွန်တော် လူယုတ်မာ၊ လူရမ်းကား တစ်ယောက်ပါ"

အချစ်ရူးသမားတစ်ယောက်၏ သည်းစွာ ရှိုက်ငိုပွဲ။

အချစ်သည် ရံဖန်ရံခါ၌။

တရားမှု၊ မတရားမှုကိုပင် မသိနိုင်အောင်။

အမှန်တရားနှင့်မှားယွင်းမှုကိုလည်း ဆင်ခြင်တုံတရား မပွားနိုင်အောင်။

မောဟတိမ်တိုက်၊ အမှောင်မိုက်တို့ကို ဖုံးလွှမ်းစေနိုင်သည် ပါတကား။

(ခြောက်)

စောရဲထက်နှင့်ခင်ခင်ဦးတို့ကို အချုပ်မှ လွှတ်ပေးသည်။

သူတို့နှစ်ယောက် ဝမ်းသာပျော်ရွှင်မှုတွေက အိုင်အိုစောသိန်းအား ကူးစက်ပီတိ။

ချစ်သူနှစ်ဦးကား လက်ချင်း ခိုင်ခိုင်တွဲလျက်။

ကြမ္မာမုန်တိုင်း အရိုင်းစိုင်းကား ငြိမ်သက်ရပ်တန့်သွားချေပြီ။

မုန်တိုင်းကို တားဆီးပေးခဲ့သူ ရဲအရာရှိ အိုင်အိုစောသိန်းအား ကျေးဇူးစကားဆို၍ မဝ။

ဒဿဂီရိနှလုံးသားပိုင်ရှင် မောင်မောင်ဇင်အတွက်တော့ စိတ်မကောင်း။

တာဝန်တစ်ရပ်ကို တိကျပြီးစီးအောင် ဆောင်ရွက်တတ်သူ အိုင်အိုစောသိန်းက ဆေးခြောက်ဝယ်သည့် နေရာကို မေးမြန်းသည်။ ကွင်းဆက်သတင်းနှင့် မြောက်ဥက္ကလာ(. . . )ရပ်ကွက် ချစ်အောင်၏ အိမ်အား ဝင်ရှာရာ ဆေးခြောက် (၅ဝ)သားခန့် ထပ်မံဖမ်းဆီးရမိပြန်၏။

ရေမှက်မဝင်အောင် ခိုင်မာနေသည့် အချက်အလက်တွေက သူ့အား အသက်ရှူကျပ်စေမည် အမှန်။

အိုင်အိုစောသိန်းအဖို့တော့ မည်သူသာစေ၊ မည်သူနာစေ သဘောမထား။ ကောင်းသူကယ်၊ မကောင်းသူကယ် အလုပ်ကို-

ဘိုးတော်သိကြားမင်း၏ တာဝန်ဟူ၍လည်း ခေါင်းရှောင်မနေ။

ပြည်သူလူထုအတွက် တရားဥပဒေနှင့်အညီ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက် နေရသောရဲအရာရှိတစ်ဦးပီပီ။ ကောင်းသူကိုကယ် သနားခြင်းနှင့်၊ မကောင်းသူကိုဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆက်လက် ဆောင်ရွက်နေမည်ဖြစ်ပါတော့သည်။

ဤရက်များမှ လွန်မြောက်ပြီး လအနည်းငယ်အကြာ၌ စက်ရုံလုပ်သားကလေး၊ စောရဲထက်နှင့် စက်ချုပ်သမကလေး ခင်ခင်ဦးတို့၏ လက်ထပ်မင်္ဂလာ ဖိတ်စာကတ်ကလေးက "မပျက်မကွက် ကြွရောက်ချီးမြှင့်ပေးပါရန်" ဟူသော အထူးပြုစာကြောင်းလေးနှင့် အတူ အိုင်အိုစောသိန်း၏ စားပွဲပေါ်သို့ ရောက်ရှိလာပါတော့သတည်း။

# အဖြူရောင်နတ်ဆိုး

## (တစ်)

အချစ်ဆုံးသူငယ်ချင်း 'တင်ကို'အား သည်ပုံမျိုးနှင့် တွေ့ရမည်ဟု ကျွန်တော် ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါ။

သူ့ကို စုတ်ပြဲဟောင်းမြင်းကာ အရောင်မပေါ်သော တီရှပ်အင်္ကျီနှင့် ဂျင်းဘောင်းဘီရှည်အောက်မှ မွဲခြောက်အရေပြား ဖုံးအုပ်ထားသော အရိုးစုတစ်စုဟုပင် ဆိုလျှင်ရ၏။

မျက်ကွင်းဟောက်ပက်ကြားမှ မှိန်ဖျော့မျက်လုံးတို့က ကြမ်းပြင်ကို အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေသည်။

စိတ်ညစ်ညူးဖွယ်ရာ ရှုပ်ထွေးပွယောင်းသော ဆံရှည်ညစ်ထေးထေးတွေကလည်း သူ့မျက်နှာပေါ် ဖုံးအုပ်နေ၏။

"သူငယ်ချင်း. . ."

"တင်ကို. . ."

"သူငယ်ချင်း. . ."

ထပ်ခါတလဲလဲ ကျွန်တော်ခေါ်ကြည့်သည်။

သူ့အသိစိတ်တို့ ဘယ်အရပ် လွင့်ပျံ့နေသည်မသိ။

ကြမ်းခင်းကိုသာ စိုက်ကြည့်နေဆဲ။

နံရံကို လျှောရဲစွာ မှီထိုင်နေဆဲ။

မလှုပ်မယှက်၊ မျက်တောင်တစ်ချက်မခတ်၊ သက်မဲ့လူတစ်ယောက်ပမာ။

ယူကြုံးမရခြင်းဖြင့် ကျွန်တော့်ရင်သည် ဆို့နစ်၍ လာ၏။

တင်ကိုနှင့်ကျွန်တော်ကား အမှတ်(၆) မိုးကောင်း မူလတန်းကျောင်းသားဘဝမှ အထက်တန်းကျောင်းကြီးက ဆယ်တန်းအောင်သည်ထိ မခွဲမခွာခဲ့။

ဝါသနာချင်းလည်း နီးစပ်သည်ဟုဆိုနိုင်သည်။

သူကပန်းချီ၊ ကျွန်တော်က စာရေးစာဖတ်၊ အတီးအမှုတ်ဝါသနာပါတာချင်းလည်း တူ၏။

သို့သော် သူက ဂစ်တာ၊ ကျွန်တော်က မယ်ဒလင်၊ ဘဝပေးအခြေအနေအရ ကျွန်တော်က စာပေးစာယူ တက်၍ သူက နေ့ကျောင်းတက်ရသဖြင့် ခေတ္တဝေးခဲ့ရသေးသည်။

သို့သော် ကျောင်းပိတ်ရက်ပြန်လာတိုင်း အတူသွား၊ အတူစားကြ၊ ပဲပြစ်တောချောင်းဘက် ရေကူးသွားကြစမြဲ. . .။

ဘွဲ့မရမီမှာပင် ကျွန်တော်ဝန်ထမ်းဘဝ ရောက်ခဲ့ရသည်။

သူကတော့ ဘွဲ့ရသည်ထိ ကျောင်းတက်ပြီး မိဘလုပ်ငန်းဖြစ်သော ဒေသထွက်သီးနှံများ ဝယ်ယူဖြန့်ဖြူးသော ပွဲရုံလုပ်ငန်းကို

လုပ်၏။

ကိုယ်ပိုင် ကုန်တင်ကားကြီး လေး၊ ငါးစီးဖြင့် မြန်မာနိုင်ငံအနှံ့ ပို့၏။

ခရီးကြုံတိုင်း ကျွန်တော်တာဝန်ကျရာ တည္တတ်ကွင်းမြို့သို့ မရောက်ရောက်အောင် ဝင်လာတတ်သည်။

လွန်ခဲ့သော နှစ်နှစ် (၁၉၈၅)ခု၊ နွေဦးရာသီ ကျွန်တော်နှင့် နောက်ဆုံးအကြိမ် တွေ့ခဲ့စဉ်ကမူ သည်လိုမဟုတ်။

မြင့်မားသော အရပ်အမောင်းနှင့် လိုက်ဖက်သည့် ကြံ့ခိုင်သန်ထွားသည့် ကိုယ်ဟန်၊ ဝင်းပစိုပြေသော အသားအရည်နှင့်မြင်သူအားကျဖွယ် လူငယ်တစ်ယောက်ဖြစ်ခဲ့သည်။

ယခုမွေးရပ်မြေသို့ ကျွန်တော်ခွင့်ပြန်လာစဉ် တွေ့မြင်ရသော သူ့အသွင်နှင့်ကား မယုံကြည်နိုင်ဖွယ်ရာ အခြားနားကြီးခြားနားနေလေပြီ။

နုပျိုသစ်လွင်သော သူ့အား သည်အဖြစ်ဆိုးနှင့် ကြုံစေရန်မည်သည့် နတ်ဆိုးက ကျိန်စာဆိုခဲ့သနည်း။

မည်မျှ ကြာအောင် ငိုင်နေ၊ တွေးနေမိသည်မသိ။

ကျွန်တော့်အနီးသို့ ဦးလေးဆင့်ရောက်လာမှ သတိပြန်ရ၏။

ကျွန်တော်နှင့် ဦးလေးဆင့်တို့ ဧည့်ခန်းထဲ ပြန်ဝင်ခဲ့ကြသည်။

"မင်း သူငယ်ချင်းရဲ့ ဘဝကတော့ မကြည့်ရက်စရာပါပဲမောင်ဝင်းမောင်ရယ်. . .

သားရဲ့ ကံကြမ္မာကိုက ဆိုးလှပါတယ်ကွာ။

သားဟာ ရိုးသားအေးဆေးပြီး ပျော်ပျော်ရွှင်ရွှင်နေတတ်

တယ်။

လူငယ်ပီပီ အမှန်တရားနဲ့ ပွင့်လင်းမှုကို နှစ်သက်တယ်၊ ဟန်ဆောင်မှုကို မနှစ်မြို့ဘူး။

စီးပွားရေးနဲ့ မြို့တကာသွားရ၊ လူပေါင်းစုံနှင့်ဆက်ဆံရတဲ့ သားဟာ ကုန်သည်တစ်ဦးရဲ့ သွေးဆောင်မှုကြောင့် ဘိန်းဖြူစွဲခဲ့တယ်။

ဒီအကြောင်းကို အချိန်မီ မသိခဲ့တာ ဦးရဲ့ပေါ့လျော့မှားယွင်းမှုပါကွယ်။

သိတဲ့အချိန်က တော်တော်နောက်ကျနေပြီ။

သားဟာ ဘိန်းဖြူကလွဲပြီး ဘာမှစိတ်မဝင်စားတော့ဘူး။

အကောင်းဆုံး ပြုစု၊ ကုသပေးခဲ့ပေမယ့် ဘိန်းဖြူက သူ့ကို နိုင်သွားခဲ့ပြီကွယ်။

လူတစ်ယောက်ရဲ့ ပုံမှန်အသိစိတ်၊ နေမှု၊ စားမှု၊ လှုပ်ရှားမှု၊ ဘာတစ်ခုမှ မရှိတော့ဘူး။

သေမင်းကို လည်စင်းပေးရင်း စောင့်နေရတဲ့ လူငယ်တစ်ယောက်ဘဝရောက်နေရပါပြီ။

ဖခင်တစ်ယောက်၏ ယူကြုံးမရ ကြေကွဲဆို့နစ်သောအသံ။

စီးကျနေသော မေတ္တာမျက်ရည်တို့က ကျွန်ုပ်တော့်နှလုံးသားအား ဆုပ်ကိုင်လှုပ်ခါနေသည်သို့ပင်။

ထိုစဉ်မှာပင်. . .

"အား. . . ဝူး. . . ဝူး"

တင်ကို၏ အခန်းဘက်မှ အော်သံကြောင့် ကျွန်တော်ပြေးကြည့်ပါ၏။

ဟိုမှသည် လေးဘက် တွားပြေးသွားလျက်. . .။

အခန်းနံရံကို တဗုန်းဗုန်းရိုက်လျက်. . .။

လက်သဲများဖြင့် ကုတ်ခြစ်လျက်. . .။

ဗလုံး၊ ဗထွေးအသံနက်ကြီးဖြင့် အော်ဟစ်နေသော တင်ကို . . .။

ရက်စက်ကြမ်းကြုတ်မည့် သားရိုင်းတိရစ္ဆာန်တစ်ကောင်အလား။

"ဒီအဖြစ်မျိုးက သူ့အတွက်ရော၊ ဦးတို့အတွက်ပါ ရိုးသွားပါပြီကွယ်။

ဒါ့ကြောင့်လည်း အခန်းထဲမှာ လှောင်ထားရတာပေါ့။

မောသွားတော့လည်း သူမဟုတ်သလို ပြန်ငြိမ်သွားတတ်တယ်။

ဝဋ်ကြွေးလို့ပဲ မှတ်ယူရတော့မှာပဲကွယ်"

နေဝင်ကာနီးမှ ဦးလေးဆင့်အား နှုတ်ဆက်၍ ကျွန်တော်ပြန်ခဲ့သည်။

ပြန်ကာနီး၌ တစ်ခေါက်ဝင်ကြည့်၏။ တင်ကိုကား အခင်းမဲ့ကြမ်းပြင်ပေါ်တွင် ခြေလက်ကားယားဖြင့် အိပ်မောကျနေပြီ။

သူ့ဘဝသည် ရှင်လျက်သေနေခြင်းလား။

သေလျက်ဖြင့် ရှင်နေခြင်းလား။

ကျွန်တော် မဝေခွဲတတ်ပါ။

ကျွန်တော်သိသည်မှာ၊ တင်ကိုတစ်ယောက်အဖြူရောင်နတ်ဆိုး၏ သားကောင်ဘဝသို့ ကျရောက်နေပြီ ဆိုခြင်းပင်တည်း။

## (နှစ်)

ခွင့်ရက်ကုန်ဆုံးချိန်တွင် မွေးရပ်မြေမှ ကျွန်တော် ပြန်ခဲ့ရသည်။

သနားစရာတင်ကို၏ အဖြစ်ကိုကား ရက်၊ လအတန်ကြာသည့်တိုင် မေ့ဖျောက်မရခဲ့။

စိတ်အာရုံထဲတွင် မြင်ယောင်နေဆဲ။

မေမေ့ထံမှ စာလာတိုင်း၊ သတင်းစာဖတ်တိုင်း၊ သူ့နာရေးသတင်းပါလာမည်လားဟု မမျှော်သင့်ပါဘဲ အလိုလိုလိုက်ရှာနေမိသေးသည်။

နောက်ပိုင်းတွင်တော့ ရံဖန်ရံခါ သတိရမိသည်မှအပ မေ့ထားလိုက်ရ၏။

လှိုင်းကြီးလေထန် ကာလတွင်း အညာမှ မေမေနှင့်ညီအစ်ကိုမောင်နှမများသည် လည်းကောင်း၊ ကျွန်တော်သည် လည်းကောင်း အဝေးဆီမှသာ စိုးရိမ်စိတ်နှင့် ဆုတောင်းမေတ္တာပို့နေကြရ၏။

ကားလမ်း ရထားလမ်း ပိတ်နေ၍ သွားမရ။ မည်သို့မျှလည်း ဆက်သွယ်၍မရခဲ့။

ထို အတောအတွင်းမှာပင် ကျွန်တော်သည် ကျောက်ကြီးမြို့နယ်သို့ လည်းကောင်း၊ ပဲခူးမြို့နယ်သို့ လည်းကောင်း တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့ခဲ့ရ၏။

မကြာမီမှာပင် မေမေ့ဆီစာရေးလိုက်သည်။

ရက်အနည်းငယ်အတွင်းမှာပင် မေမေ့ထံမှစာပြန်လာ၏။

မိသားစုအားလုံး ကျန်းမာလျက်ရှိကြောင်းနှင့် "တင်ကို" တစ်ယောက် သူ့အခန်းလေးထဲမှ ထွက်ပြေးသွားခဲ့ကြောင်း။

ယနေ့အချိန်ထိ သတင်းမရ၍ သေသလား ရှင်သလား မသိရသေးကြောင်း ရေးထားသည်။

ထိုအချိန်မှစ၍ ကျွန်တော့်တွင် အလုပ်တစ်ခု တိုးလာခဲ့သည်။

တာဝန်ဖြင့် ရောက်လာရာအရပ်၌ စိတ္တဇဝေဒနာရှင်များ၊ အခြေအနေမဲ့များကိုတွေ့ရှိပါက "တင်ကို"လေလားဟု ကြည့်ရသောအလုပ်ပင်ဖြစ်သည်။

သို့သော် မတွေ့ခဲ့ပါ။

ဤသို့ဖြင့် နှစ်အတန်ကြာခဲ့ပါပြီ။

၁၉၉၂ ဧပြီလတွင်ကား အလုပ်မှ ပင်စင်ယူခဲ့သည်။

မွေးရပ်ဇာတိ အညာကိုတော့ မပြန်ဖြစ်။

ဇနီးဖြစ်သူ၏ ကညွတ်ကွင်းမြို့လေးမှာပင် အခြေချဖြစ်ခဲ့၏။

ကျွန်တော်ရောက်သည်နှင့် ယခင်က မိတ်ဆွေအပေါင်းအသင်းများ ရောက်လာကြသည်။ ထိုအထဲတွင် ရဲတပ်ကြပ်ကြီး (အငြိမ်းစား) ဦးချစ်စိန်လည်း ပါ၏။

သူသည် ကညွတ်ကွင်းရဲစခန်းမှ အငြိမ်းစားယူပြီး ကျွန်တော့်အိမ်နှင့် မလှမ်းမကမ်းမှာပင် နေသူဖြစ်သည်။(ကျွန်တော်ရေးသည့် တောင်ငူ၊ ဇရပ်ကြီး၊ ထန်းတပင်ဘက်မှ မှုခင်းဝတ္ထုတို့အားလုံးလိုလိုမှာ သူကြုံတွေ့ခဲ့ရသော ဇာတ်လမ်းများဖြစ်ပါသည်။)

ကျွန်တော်က ခွန်းဆက်စကားဆို၊ နေရာထိုင်ခင်းပေးပြီး . . .

"တဲ ဆရာကြီး၊ ဘာဇာတ်လမ်းတွေ ရထားသေးလဲ"

"ရတာပေါ့ စာရေးဆရာ၊ ဇာတ်လမ်းကောင်းတွေ ပြောပြပါ့မယ် . . ။"

"ပထမဆုံး ရေးစေချင်တဲ့ ဇာတ်လမ်းကတော့ မူးယစ်ဆေးဝါးစွဲတဲ့ လူငယ်လေးတစ်ယောက်ရဲ့ မလှပတဲ့ ဇာတ်သိမ်းအကြောင်းပဲ"

ကျွန်တော့် စိတ်ထဲတွင် ငယ်သူငယ်ချင်း "တင်ကို"ကို မြင်ယောင်လိုက်သည်။

"မူးယစ်ဆေးစွဲ လူငယ်တစ်ယောက်ရဲ့ ဇာတ်လမ်းဟုတ်လား"

"ဟုတ်တယ်၊ စာရေးဆရာရဲ့"

"ကညွတ်ကွင်းမှာ ဖြစ်တဲ့ဇာတ်လမ်းပဲလား၊ ဆရာကြီး"

"ကညွတ်ကွင်းကလို့ပဲ ပြောရမှာပဲ၊ ဒါပေမယ့် လူငယ်လေးကတော့ ဒီကမဟုတ်ဘူး"

သိချင်စိတ်ပြင်းပြလာ၍ အစအဆုံးပြောပြရန် တောင်းဆိုလိုက်သည်။

"ဒီလို စာရေးဆရာရဲ့၊ တစ်နေ့မှာ ရွာသူကြီး ဦးမောင်ဝင်းရဲ့ အကြောင်းကြားချက်အရ ကျွန်တော်တို့ နတ်လောင်းရွာကို ရောက်သွားကြတယ်"

ထိုအချိန်က ကျွန်တော်သည် ကညွတ်ကွင်းမြို့၌ မရှိတော့။

ကျောက်ကြီးမြို့တွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေပြီ ဖြစ်သည်။

"အကြောင်းကြားတာက လူသေမှု၊ လူငယ်တစ်ယောက် သွေးရိုး၊ သားရိုး အဆုပ်အအေးမိပြီး သေတာ။ ဒါပေမယ့် သေတဲ့လူငယ်လေးဟာ ဘယ်သူလဲ။ ဘယ်ကလဲဆိုတာ သူတို့မသိကြဘူး။ ဒါကြောင့် ရဲစခန်းကို အကြောင်းကြားတာ"

"ဘယ်လိုဖြစ်ပြီး နတ်လောင်းမှာ လာသေရတာလဲ"

"မိုးကြီးသဲသဲမဲမဲ ရွာနေတဲ့ ညတစ်ညမှာ အဲ့ဒီလူငယ်လေးဟာ နတ်လောင်းဘုန်းကြီးကျောင်းထဲ ရောက်လာခဲ့တယ်။

မိုးတွေကလည်း တစ်ကိုယ်လုံး စိုရွှဲပြီး အပြင်းဖျားလာတယ်။

ဆရာတော်က ရွာလူကြီးတွေကို အကြောင်းကြားပြီး ဘုန်းကြီးကျောင်းမှပဲ ဆေးကုသပေးခဲ့တယ်။

ဒါပေမယ့် တစ်ပတ်လောက်အကြာမှာပဲ အဲ့ဒီလူငယ်လေး သေဆုံးသွားခဲ့တယ်။

ရွာလူကြီးတွေကလည်း သူနှင့်ပတ်သက်လို့ ဘာမှမပြောနိုင်ကြဘူး။

မသေခင် မေးကြည့်တော့လည်း ဘာမှမသိရဘူးတဲ့။ အဲ့ဒီနေ့မထူး အဝရောက်နေတဲ့ လူငယ်ဟာ မိဘဆွေမျိုး အသိုင်းအဝိုင်းနှင့် ဝေးရာကို ဇာတ်မြှုပ်ဖို့ ထွက်လာရင်း နတ်လောင်းကို ရောက်လာရတယ်လို့ထင်တယ်"

ကျွန်တော့် အာရုံထဲတွင် တိရစ္ဆာန်တစ်ကောင်ပမာ အော်ဟစ်ကုတ်ခြစ်နေသော "တင်ကို"၏အဖြစ်ကို ပြန်လည်မြင်ယောင်မိ

သည်။

ကျွန်တော့် နှလုံးသားများတုန်ရီလာ၏။ သိချင်စိတ်ကြောင့် အစောတလျှင် မေးလိုက်သည်။

"သူ. . . သူ့ရဲ့. . . ပုံသဏ္ဌာန်ကရော"

အရပ်ခြောက်ပေလောက်ရှိမယ်။ ဆံပင်ကလည်း ချေးလက်လေးသစ်နှင့်အရှည်ကြီး။ သူ့မှာစုတ်ပြဲနေတဲ့ တီရှပ်လေးနှင့် ဂျင်းဘောင်းဘီရှည် အဟောင်းတစ်ထည်ပဲပါတယ်။

"အဲ သူ့လက်ဖျံတွေမှာတော့ "ဝင်း"ဆိုတဲ့ စာလုံးနှင့် "မောင်"ဆိုတဲ့စာလုံး ဆေးမင်ကြောင်နှင့် ထိုးထားတယ်"

"ဗျာ. . ."

အံ့ဩထိတ်လန့်မှုသည် ကျွန်တော့်ရင်ကို သိမ့်သိမ့်ခါသွားခဲ့ပါပြီ။

ကျွန်တော့် ဝဲလက်ဖျံ၌ "တင်"ဆိုသောစာလုံး၊ ယာလက်ဖျံ၌ "ကို"ဆိုသော စာလုံးတို့ရှိသည်။

အထက်တန်းကျောင်းသားဘဝက ရွှေဂူကြီး ဘုရားပွဲဈေး ဆေးမင်ကြောင်ဆိုင်တွင် ထိုးခဲ့ကြသော စာလုံးလေးများ. . .။

သူက ကျွန်တော့်အမည် "ဝင်းမောင်"ကိုရေးထိုးပြီး ကျွန်တော်က သူ့အမည်"တင်ကို"ကိုရေးထိုးခဲ့ခြင်းပင်ဖြစ်သည်။

သူက ကုန်ကားဖြင့်သွားတိုင်း ကညွတ်ကွင်းရှိ ကျွန်တော့်ထံဝင်ခဲ့၏။

ယခုနေအိမ်မှ ထွက်ပြေးလာသောအခါတွင်လည်း ကျွန်တော့်ထံလာခဲ့ခြင်းပင် ဖြစ်မည်။

သူ့ကျန်းမာရေး အခြေအနေနှင့် ကျွန်တော်အခြားမြို့သို့ ပြောင်းရွှေ့သွားခဲ့ခြင်းတို့က သူနှင့်ကျွန်တော့်ကို မတွေ့ဆုံရန် ဖန်တီးခဲ့လေပြီ။

အချစ်ဆုံး သူငယ်ချင်းတင်ကိုကား သေမည့်အချိန်ထိ ကျွန်တော့်အပေါ် ထားရှိသော သူ၏မေတ္တာတရားကို ပြသခဲ့လေပြီတည်း။

ကျွန်တော့် နှလုံးသားတို့ တဆတ်ဆတ် တုန်ရီလာသည်။

ဆို့နစ်ကြေကွဲခြင်းက ရင်နှင့်မမျှအောင် ခံစားနေရ၏။ မျက်ရည်တို့ကြောင့်-

ကျွန်တော့် အမြင်များ မှုံဝါးသွားချေပြီ။

အတွေးအာရုံထဲ၌ကား ငယ်စဉ်ဘဝ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်၊ အတူသွား၊ အတူစားဘဝ၊ ပဲပြစ်တော သဲချောင်းထဲ ရေကူးနေကြပုံ။ တိရစ္ဆာန်တစ်ကောင်ပမာ အော်ဟစ်ကုတ်ခြစ်နေသော သူ့အသွင်၊ မိုးစိုရွှဲရွှဲထဲ၌ နတ်လောင်း ဘုန်းကြီးကျောင်းထဲ ဝင်လာသောမြင်ကွင်း၊ ဝေဒနာခံစားရင်း ကွယ်လွန်ရရှာပုံတို့ကို မြင်ယောင်ရင်း ရင်နင့်ကြေကွဲစွာနှင့်ပင့်သက်ကို ခါခါချခဲ့မိပါတော့သည်။

**(အနာဂတ်၏ မျိုးဆက်သစ်များ အဖြူရောင်နတ်ဆိုး၏ သားကောင်ဘဝမှ တင်းလွတ်နိုင်ကြပါစေ)**

## ပန်းမှူးချေတဲ့ တစ္ဆေ

### (တစ်)

ညွှန်ချုပ်ကြီး ဦးစောမြတ်ဘုန်းတစ်ယောက် စိတ်အနှောင့် အယှက်ဖြစ်ဖွယ် ကိစ္စတစ်ရပ် ကြုံတွေ့နေရလေပြီ။

အကြောင်းမှာ ယနေ့နံနက် စောစောက သူ၏စီးတော်ယာဉ် (TOYOTA TOWN/ACE) ကားမှ ရှေ့လေကာမှန်ချပ်ကြီး ပျောက်ဆုံးသွားခြင်းကြောင့်ဖြစ်၏။

ဝန်ကြီးအား သွားရောက်တွေ့ဆုံရမည့်နေ့မှ ခိုးယူခံရ၍လည်း ပို၍ စိတ်ဆင်းရဲနေရသည်။

အရာရှိများ နေထိုင်ရာ အနောက်ရွှေဂုံတိုင် ပရဝုဏ်တွင် ဖြစ်နေသဖြင့်လည်း သူ အံ့သြလျက်ရှိ၏။

ဤအိမ်ဂေဟာသို့ သူပြောင်းရွှေ့လာသည်မှာလည်းသုံးရက်မျှသာ ရှိသေး၏။

ယခုကိစ္စနှင့်ပတ်သက်ပြီး မည်သူ့အား အကြောင်းကြား တိုင်တန်းရမည်ကိုပင် သူမသိသေး။

စိတ်ပျက်လက်ပျက်ဖြစ်နေရမှုကို ရုတ်ခြည်းထိန်းသိမ်းကာ ဆိုဖာပေါ် ထိုင်ချလိုက်၏။

ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စအဝဝကို တည်ငြိမ်စွာပင် စဉ်းစားသည်။

သူ့စိတ်က တပ်မတော်အရာရှိငယ် ဘဝကအတူတိုက်ပွဲဝင်ခဲ့ဖူးသော မိတ်ဆွေတစ်ဦးကို သတိရလိုက်၏။

ထိုမိတ်ဆွေမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၌ အရာရှိကြီးတစ်ဦး ဖြစ်နေပေပြီ။

ချက်ချင်းပင် ဖုန်းကို ကောက်ကိုင်၏။

သစ်သီးဖျော်ရည် တစ်ခွက်ကမ်းပေးသော ဇနီးသည်ကို လက်ကာပြရင်း ဂဏာန်းကွက်ကလေးများကို နှိပ်သည်။

တစ်ဖက်မှ ဖုန်းကောက်ယူသံ ကြားရပြီး ရဲဌာနချုပ်နှင့် အဆက်အသွယ်ရ၏။

မကြာမီအချိန်အတွင်းမှာပင် သူ့မိတ်ဆွေရဲအရာရှိကြီး၏ အသံကို ကြားလိုက်ရပါတော့သည်။

(နှစ်)

"........"

"ဟုတ်ကဲ့ ရဲမှူး၊ ကျွန်တော် ကြီးစားပါ့မယ်"

တစ်ဖက်က ဖုန်းချပြီးမှ ရဲအုပ်စောသိန်းက ဖုန်းကို ချလိုက်သည်။

သူနှင့် စကားပြောသူမှာ ရဲတပ်ဖွဲ့ဌာနချုပ် ဦးစီးဌာနစိပ်မှ ရဲမှူးဖြစ်သည်။

ရဲမှူးက အနောက်ရွှေဂုံတိုင် တိုက်အမှတ်( )၊ပထမထပ်တွင် နေထိုင်သော ညွှန်ကြားရေးမှူးချုပ် ဦးစောမြတ်ဘုန်း၏ ကားမှ ရှေ့လေကာမှန် ပျောက်ဆုံး၍ သွားရောက်စစ်ဆေးဖော်ထုတ်ပေးရန် ဗဟန်းရဲစခန်းမှူး ရဲအုပ်စောသိန်းထံ ညွှန်ကြားခြင်းဖြစ်သည်။

တစ်ဆက်တည်းပင် ထိုညွှန်ချုပ်မှာ ရဲတပ်ဖွဲ့အကြီးအကဲ၏ မိတ်ဆွေဖြစ်ကြောင်းကိုပါ သတိပေးလိုက်သေးသည်။

ရဲအုပ်စောသိန်းက နယ်ထိန်းအရာရှိ ဒုရဲအုပ်စံလှိုင်ခေါ်၍ ကားနှင့် ထွက်ခဲ့၏။

Town Ace ရှေ့လေကာမှန်တစ်ချပ်၏ တန်ဖိုးမှာ မများလှသော်လည်း ဤကိစ္စကားအရေးကြီးနေပေပြီ။

လုပ်သားပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် လည်းကောင်း၊

ညွှန်ချုပ်တစ်ဦး၏ ပစ္စည်းဖြစ်နေခြင်းကြောင့်လည်းကောင်း၊

မိမိတပ်ဖွဲ့အကြီးအကဲ၏ မိတ်ဆွေဖြစ်နေခြင်းကြောင့်လည်းကောင်း၊

အရေးကြီးရခြင်း အကြောင်းများစွာကို တွေးရင်း ရဲအုပ်စောသိန်းသိလိုက်မိသည်။

နာရီဝက်ခန့် အတွင်းမှာပင် သူတို့ကားက အနောက်ရွှေဂုံ

တိုင်ထဲဝင်လာ၏။

ယာဉ်မောင်းလာသော တပ်ကြပ်ကြီးသာဆင့်က ညွန့်ချုပ် အိမ်ရှေ့မှ Town Ace ကားနှင့်ယှဉ်ပြီး ရဲကားကို ရပ်လိုက်သည်။

ရဲအုပ်စောသိန်းနှင့်အဖွဲ့က ညွန့်ချုပ်၏ ကားကိုကြည့်၏။

ကားလေးမှာ အဖြူရောင်ဖြစ်ပြီး နောက်ပေါ်ပုံစံအသစ်လေး ဖြင့်စွဲမက်ချင်စရာ။

သို့သော်လည်း ရှေ့လေကာမှန် ကင်းမဲ့နေသဖြင့် အကျည်း တန်နေရရှာ၏။

ခိုးသူသည် လေကာမှန် ထိန်းကွပ်သော ရာဘာအား ထက် မြက်သော လက်နက်ဖြင့် သေသေသပ်သပ် လှီးဖြတ်ကာ မှန်ကို ခိုး ယူသွားကြောင်း တွေ့ရှိရသည်။

ကားကို လှည့်ပတ်ကြည့်နေခိုက်မှာပင် ညွန့်ချုပ်၏ ယာဉ် မောင်းရောက်လာ၏။

ညွန့်ချုပ်က ဖိတ်ခေါ်လိုက်ကြောင်းပြော၍ ပထမထပ်သို့ တက်လာခဲ့သည်။

ဧည့်ခန်းတွင် ကမာရွတ်မြို့နယ် ရဲစခန်းမှူးကိုပါ တွေ့ရ၏။

"ကျွန်တော် ဗဟန်းစခန်းမှူး ရဲအုပ်စောသိန်းပါ ညွန့်ချုပ်"

ညွန့်ချုပ်က နေရာထိုင်ခင်းပေးကာ ရှင်းပြသည်။

"ကျွန်တော် အိမ်ကိုရောက်တာ (၃)ရက်ပဲရှိပါသေးတယ်။

ဒီနယ်မြေကို ဘယ်ရဲစခန်းက တာဝန်ယူရတယ်ဆိုတာ တောင် မသိသေးပါဘူး။

ဒီနေ့ နံနက်ပိုင်း ကားမှန်ခိုးယူခံရတော့ ဘယ်ကိုအကြောင်း

ကြားရမယ်ဆိုတာ မသိတာနှင့် ရဲဌာနချုပ်က ကျွန်တော့် မိတ်ဆွေဆီကို ဖုန်းနဲ့ဆက်ပြီး အကူအညီတောင်းလိုက်ရတာပါ။

သူကမှ လိုအပ်သလို အရေးယူနိုင်ဖို့ နီးစပ်တဲ့ မြို့နယ်နှစ်ခုက စခန်းမှူးနှစ်ယောက်စလုံးကို စေလွှတ်လိုက်တာဖြစ်ပါလိမ့်မယ်”

ညွှန်ချုပ်မှာ ကရင်တိုင်းရင်းသားတစ်ဦးပီပီ ရိုးသားဖြူစင်သော မျက်နှာနှင့် ပွင့်လင်းတည်ကြည်သော လေယူလေသိမ်းရှိသူဖြစ်၏။

“ဒီနယ်မြေဟာ သံလွင်လမ်းရဲ့ အရှေ့ဘက်မှာ ရှိတာမို့ ကျွန်တော့် ဗဟန်းရဲစခန်းအပိုင်ဖြစ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော်ကပဲ တာဝန်ယူဆောင်ရွက်ပါ့မယ်ခင်ဗျား”

ရဲအုပ်စောသိန်း ရှင်းပြလိုက်သည်နှင့်ညွှန်ချုပ်က ကမာရွတ်စခန်းမှူးအား ပြန်ခွင့်ပြုလိုက်၏။

ရဲအုပ်စောသိန်းနှင့်အဖွဲ့က လိုအပ်သည်များကို ကြည့်ရှုလေ့လာခြင်း၊ မေးမြန်းခြင်းတို့ကို ပြုလုပ်၏။ ပြီးစီးမှ

“အမှုဖွင့်လိုပါသလား ညွှန်ချုပ်ခင်ဗျား”

“ဖွင့်ပါ့မယ် ဦးစောသိန်း

ပြည်သူ့လုံခြုံမှုနှင့် ဒုစရိုက်သမားကို ထိထိရောက်ရောက် အရေးယူဖို့ အမှုဖွင့် တိုင်တန်းခြင်းဟာ လိုအပ်တယ်မဟုတ်လား။

အမှုမဖွင့် အရေးမယူတဲ့အခါ ဒုစရိုက်သမားဟာ ပိုပြီး အတင့်ရဲရဲနှင့် ကျူးလွန်ကြလိမ့်မယ် ဦးစောသိန်း”

“မှန်ပါတယ်ညွှန်ချုပ်၊ ကျွန်တော် ကြိုးစားပြီး ဖော်ထုတ်ပေး

ပျံမယ် ခင်ဗျား"

## (သုံး)

ဒုစရိုက်သမားတို့ စန်းတက်လာဒ်လာဘ ပွင့်လန်းရခြင်းမှာ ရဲအရာရှိ၏ ပေါ့လျော့ ပျင်းရိမှုကြောင့် ဖြစ်သကဲ့သို့

ရဲအရာရှိ၏ အားထုတ်ကြိုးပမ်းမှုက ဒုစရိုက်သမား၏ ဇာတာကို ညှိုးမှိန်စေခဲ့၏။

ရဲအုပ်စောသိန်း၏ ကြိုးပမ်းအားထုတ်မှုက ကားလေကာမှန်ခိုးသူ၏ ကံကို နိမ့်ကျစေတော့သည်။

အမှုတိုင်ကြားပြီး အချိန်အနည်းငယ်အတွင်းမှာပင် သတင်းအချက်အလက်များအား ပြည့်ပြည့်စုံစုံ စုဆောင်းနိုင်ခဲ့သည်။

နံနက်စောစောက မောင်ခိုင်လမ်းမှ ကားပစ္စည်းအရောင်းအဝယ်ပြုလုပ်သူ ဒေါ်သီသီလွင်၏ ဆိုင်သို့ ရှေ့လေကာမှန် တစ်ချပ်လာရောင်းသွားသည်ဟူသော သတင်းက တိတိကျကျ။

ချက်ချင်းပင် ဒေါ်သီသီလွင်၏ ဆိုင်သို့ ချီတက်ခဲ့၏။

သူမကား ရဲအုပ်စောသိန်းနှင့် တစ်ကြိမ်မက၊ နှစ်ကြိမ်မက ဆုံခဲ့ပြီးသား။

တစ်နည်းအားဖြင့် အမြဲတမ်းဆိုသလို မကြာခဏဆိုသလို ရောင်းမှားဝယ်မှားဖြစ်နေတတ်သူ။

ရဲအုပ်စောသိန်း ရှေ့လာရပ်သည်နှင့် အခြေအနေကို သဘောပေါက်၏။

ကားမှန်ချပ်ကြီးကို ထုတ်ပေးသည်။

ငွေခြောက်ထောင်ကျပ်နှင့်ဝယ်ယူမိကြောင်း ဝန်ခံ၏။

လာရောက်ရောင်းချသူ တရားခံ၏ အမည်နှင့်လိပ်စာကို လည်း မချွင်းမချန်ခဲ့။ ကားမှန်ချပ်ကြီးကို အမှုဖြင့် သိမ်းဆည်းလိုက်ပြီး တရားခံနောက်ဆက်၍ လိုက်ရပြန်သည်။

တရားခံမှာ သူ့အိမ်၌ ပြန်မရောက်သေးကြောင်း သတင်းရ၍ ဓမ္မစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံက စောင့်၏။

နာရီဝက်ခန့်ကြာသွားသည်။

တရားခံကား ပြန်မလာ။

တစ်နာရီ၊ နှစ်နာရီ။

အစအနပင် မတွေ့ရသေး။

မိမိတို့အဖွဲ့ လိုက်နေကြောင်း တစ်နည်းနည်းဖြင့် အနံ့ရသွား၍ ရှောင်ပုန်းသွားလေပြီလား။

အမှုပေါ်ပေါက်ပြီး ဖြစ်သော်လည်း တရားခံမမိပါက ရဲအလုပ်အောင်မြင်သည်ဟု မဆိုနိုင်။

ရဲအုပ်စောသိန်း စိုးရိမ်စပြုလေပြီ။

လူခွဲ၍လိုက်ရှာရန် စီစဉ်နေချိန်မှာပင် ကိုယ်တော်ချောက ထွက်တော်မူလာ၏။

တရားခံကား

နုနယ်ပျိုမျစ်သော လူငယ်တစ်ဦး

ခိုးမှုကို ကျူးလွန်ခဲ့သော်ငြား

သူ့မျက်နှာက ရိုးသားသန့်စင်မှုများဖြင့်သာ ပြည့်လျှံ။

စပို့ရှပ်လက်တို အပြာနှင့် ကျင်းဘောင်းဘီရှည်ကို ကပိုကယို ဝတ်ဆင်ထား၏။

ဒုစရိုက်သမားဘွဲ့၊ သူခိုးဟူသော ရာထူးနှင့်မည်သို့မျှ မသက်ဆိုင်ဟု ရဲအုပ်စောသိန်း ထင်လိုက်သည်။

အမှုပေါ်၍ တရားခံဖမ်းဆီးနိုင်ချိန်သည် ရဲအရာရှိတစ်ယောက် မော်ကြွားဂုဏ်ယူနေရမည့်အချိန်ဖြစ်သော်လည်း

သူ့အဖို့မူ မမော်နိုင် မကြွားဝံ့နိုင်ခဲ့ပါ။

သားသမီးချင်း ကိုယ်ချင်းစာသောစိတ်ဖြင့် ဝေဒနာတစ်စုံတစ်ခုကိုသာ သူ့ရင်သည် ခံယူနေရ၏။

လူငယ်လေး၏ ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့ရပါတော့မည်။

သူကျူးလွန်ခဲ့သော အမှုအတွက် သူပေးဆပ်ရမည်မဟုတ်ပါလား

ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို သက်သေအဖြစ်ခေါ်ယူ၍ တရားခံလူငယ်အား စစ်မေး၏။

လူငယ်က ဝဲကျလာသော ဆံပင်များကို ဆတ်၍တင်ကာ မော့ကြည့်သည်။

ပြီးတော့ ရှက်ပြုံးတစ်ခုကို မပွင့်တစ်ပွင့် ပြုံးရင်း

"ဟုတ်ပါတယ် အန်ကယ်။

အသစ်ပြောင်းလာတဲ့ ညွန်ကြားရေးမှူးချုပ်ရဲ့ ကားမှန်ကို ကျွန်တော်ဖြုတ်ယူခဲ့တာပါ။

မောင်ခိုင်လမ်းက ဆိုင်မှာ ရောင်းခဲ့ပါတယ်။

ဟောဒါက ရောင်းရတဲ့ငွေတွေပါ"

လူငယ်က စပို့ရှပ်အိတ်ကပ်ထဲမှ ငွေစက္ကူများကို ထုတ်ပေးသည်။

"ငွေလေးထောင်တိတိပဲ ဦးစောသိန်း"

သက်သေများက ရေတွက်၍ အပ်ပေး၏။

"မင်းရခဲ့တာ ခြောက်ထောင်ဆိုတော့ နှစ်ထောင်တိတိ ကျန်သေးတယ် ညီလေး"

"ကျွန်တော် သုံးခဲ့ပြီးပြီ အန်ကယ်"

"ဒီအချိန်အတွင်းမှာ ငွေနှစ်ထောင်ကုန်အောင် ဘာများသုံးခဲ့တာလဲကွ"

"ကျွန်တော် ဒါလေးတွေ ဝယ်ခဲ့တာပါ အန်ကယ်"

လူငယ်က ရယ်ကျဲကျဲလေးလုပ်၍ ဂျင်းဘောင်းဘီ နောက်အိတ်ကပ်ဆီသို့ လက်လှမ်း၍ နှိုက်နေသည်။

တစ်စုံတစ်ရာကို ထုတ်ယူပြီး စားပွဲပေါ်တင်လိုက်၏။

ရဲအုပ်စောသိန်း မျက်လုံးပြူးသွားသည်။

သက်သေလူကြီးများအား ကြည့်လိုက်၏။

သူတို့တစ်တွေလည်း အံ့အားတသင့်။

သနား ဂရုဏာသက်စွာဖြင့် လူငယ်ကို ကြည့်မိ။

လူငယ်ကား ဘာမှမဖြစ်သလို အေးအေးဆေးဆေး။

သူဝယ်လာသော ပစ္စည်းလေးများသည် သူ့ကိုလေးဘက်နံရံအတွင်း နှစ်များစွာ မြှုပ်နှံထားလိမ့်မည်ကို မသိလေရော့သလား။

ရဲအုပ်စောသိန်းက စားပွဲပေါ်မှ ပစ္စည်းလေးများကို ယူလိုက်

သည်။

အထဲတွင် အဖြူရောင် အမှုန့်များ။
ဘိန်းဖြူ (သို့မဟုတ်)
ပန်းဖူးချွေမည့် တစ္ဆေများတည်း။

(လေး)

"ကျွန်တော်နာမည် အာကာကျော်ပါ
ကောင်းကင်ဝဋ္ဋာ ထက်အာကာကို ရဲရဲဝံ့ဝံ့ဖြတ်ကျော်နိုင်စေလိုတဲ့ မိဘမေတ္တာသင်္ကေတအမည်ပေါ့။
ဖေဖေကတိုင်းအဆင့်ဌာနဆိုင်ရာတစ်ခုရဲ့ အကြီးအကဲဖြစ်ပြီး မေမေကတော့ ရတနာကုန်သည်၊ ရတနာပွဲစားဆိုပါတော့။
ဖေဖေနှင့်မေမေဟာ မနက်လင်းတာနှင့် ကိုယ်စီကိုယ်ငှ အလုပ်ရှိရာကို သွားကြတယ်။ ဒါနေ့စဉ်နှင့်အမျှ။
တစ်ဦးတည်းသား ကျွန်တော့်ကို စောင့်ရှောက်ဖို့ အိမ်ဖော်တစ်ယောက်ထားတယ်။
အမိအဖရဲ့ ရင်ငွေ့မလှူရပေမယ့် ကျွန်တော့်ကိုတော့ သိပ်ချစ်သိပ်အလိုလိုက်ကြပါတယ်။ လိုဒလသေးမရှိအောင် ထားကြပါတယ်။
(ဒီအကြောင်းအရာတွေကများ ကျွန်တော့်ကို ပျက်စီးစေခဲ့တာလားလို့ တွေးမိသေးတယ်။ ဒါပေမယ့် အဲ့ဒီအချိန်မှာ ကျွန်တော့်ကိုယ်ကျွန်တော်ပြုပြင်ပစ်ဖို့ မစွမ်းနိုင်တော့ဘူး)

ဆယ်တန်းနှစ်မှာ အပေါင်းအသင်းကောင်းမှုကြောင့် ချစ်သူတွေ့တယ်။

ကျွန်တော့် ချစ်သူက အဖြူရောင် ဟီးရိုးအင်းမလေး။

ကျွန်တော်တို့နှစ်ယောက်ဟာ စကြဝဠာရဲ့ ဟိုမှာဘက်ကို အတားအဆီးမဲ့ပျံသန်း။

အမှောင်ထုကို ရဲဝံ့စွာကျော်ဖြတ်။

စူးရှအလင်းတန်းများကို မက်မောစွာ ဖက်ပွေ့ယူယပြီး လွင့်ပါးခြင်း တိမ်တွေနှင့်လိုက်ပါပျော်ရွှင်ခဲ့ကြတယ်။

သူ့ကြောင့် ဆယ်တန်းနှစ်ခါကျပြီး ကျောင်းထွက်လိုက်ရတယ်။

အဲ့ဒီအချိန်ကျမှ ဖေဖေနှင့်မေမေက ကျွန်တော့်ကို ဂရုစိုက်ရမှန်းသိလာကြတယ်။

အမျိုးမျိုး သွန်သင်ကြ ဆုံးမကြတယ်။

ဟီးရိုးအင်းရဲ့ အပြစ်တွေကို ပြောဖော်ရလာကြတယ်။

ကျွန်တော်သိပါတယ်။ သဘောလည်း ပေါက်ပါတယ်။

ဟီးရိုးအင်းဟာ ကျွန်တော့်သွေးသားတွေကို ခမ်းခြောက်စေတယ်။ ကျွန်တော့်အရိုးတွေကို ဆွေးမြေ့စေတယ်။ နောက်ဆုံး ကျွန်တော့်ဘဝ တစ်ခုလုံးကို နှိပ်ကွပ်ချုပ်၊ အဆုံးသတ်ပစ်လိုက်မယ်ဆိုတာကို။

ဒါပေမယ့် ဘာတတ်နိုင်မှာလဲ။

ကျွန်တော်မှ မဖြတ်နိုင်တော့တာ။

ဖေဖေနှင့်မေမေလည်း ကျွန်တော့်ကို လက်လျှော့လိုက်ပါ

တယ်။

ကျွန်တော့်ကို ဆေးကုသဖို့ လူသိရှင်ကြား ထုတ်ဖော်ရင်လည်း ဂုဏ်သိက္ခာထိခိုက်မှာစိုးလို့ ဆေးတောင်မကုပေးခဲ့ဘူး။

အရင်အချိန်မှာ မေမေဆီက ငွေကို လိုသလောက်ရခဲ့ပေမယ့် တဖြည်းဖြည်းနဲ့ ကန့်သတ်လာတယ်။

နောက်လုံးဝမရတော့ဘူး။ ဒီတော့ အိမ်ကပစ္စည်းတွေဘက် ကျွန်တော်လှည့်တယ်။

နောက်ဆုံးမှာတော့ မေမေဟာ အပြင်မထွက်ရဲဘဲ အိမ်ကို စောင့်ကြည့်ရတဲ့အထိ ကျွန်တော် ဆိုးသွမ်းလာတယ်။

အိမ်က ပစ္စည်းယူလို့မရတော့ ကျွန်တော် ဘာလုပ်ရမလဲ။

ဘိန်းဖြူအတွက်ဆို သေရဲတဲ့၊ သတ်ရဲတဲ့ ကျွန်တော့်အဖို့ တွေ့ရာပစ္စည်း အလစ်သုတ်တဲ့ကိစ္စဟာ အသေးအဖွဲပါ။

မနေ့ကတော့ ငွေရပေါက် ကြံနေတုန်း မကြာမီကမှ ပြောင်းလာတဲ့ ညွှန်ကြားရေးမှူးချုပ်ရဲ့ ကားကို သွားမြင်တယ်။

ညဘက်မှာ ကားမှန်ကိုဖြုတ်ယူပြီး မနက်ကျသွားရောင်း၊ ဘိန်းဖြူဝယ်အပြန်မှာ အန်ကယ်တို့နှင့်တိုးတာပါ"

အာကာကျော်က သူ၏အစစ်ခံခြင်းကို အဆုံးသတ်လိုက်သည်။

သူ့မျက်နှာတွင် ချွေးသီးချွေးပေါက်တို့ တွဲခိုနေ၏။
အလိုလိုနေရင်း မျက်ရည်တို့ကျလာ၏။
အစစ်ခံနေစဉ်ကလည်း မကြာခဏ သမ်းဝေနေသည်။
ရဲအုပ်စောသိန်း သိလိုက်၏။

အာကာကျော်တစ်ယောက် ဘိန်းဖြူပြတ်သည့် ဝေဒနာကို စတင် ခံစားနေရပေပြီ။

"အန်ကယ်ရယ် ကျွန်တော့်ကို သနားပါဗျာ
ဆေးနည်းနည်းလောက် ဖြစ်ဖြစ်ပြန်ပေးပါ
လုံးဝမသုံးရရင် ကျွန်တော်သေသွားလိမ့်မယ်ဗျာ"

အနာဂတ်တိုင်းပြည်ကို တာဝန်ယူမည့် မျိုးဆက်သစ်လူငယ်လေးတစ်ယောက်၏ မလှပသော မြင်ကွင်းကို ရဲအုပ်စောသိန်းမကြည့်လို၊ မမြင်လိုတော့ပါ။

အာကာကျော်အား အချုပ်ထဲသို့ ပြန်ထည့်လိုက်သည်။

"ကျွန်တော့်ကို သနားပါဗျာ၊ နည်းနည်းလောက်ပြန်ပေးပါ"

တောင်းပန်တိုးလျှိုးနေရာမှ သူ့အသံက တစ်စတစ်စမာကျောလာ၏။

"ပြန်ပေးဗျာ ကျုပ်သေရလိမ့်မယ်ဗျာ"

"ကျုပ်သေလိမ့်မယ်ဗျ၊ အား"

ဝူးဝူးဝါးဝါး အော်ဟစ်သံကြီးက ဗဟန်းရဲစခန်းကို ဆူညံသွားစေ၏။

အာကာကျော်ကား အချုပ်ခန်းတိုင်တွေကို လက်သည်းဖြင့်ကုပ်ခြစ်ကာ ဦးခေါင်းဖြင့် ဆောင့်နေ၍ အချုပ်သားအချို့က ထိန်းသိမ်းနေရသည်။

ရဲအုပ်စောသိန်း စိတ်မကောင်းခြင်းကြီးစွာဖြင့် ကျောခိုင်းလိုက်ပါသည်။

သူ့ရင်ထဲတွင်ကား

အာကာကျော်တစ်ယောက် တရားဥပဒေ၏ အဆုံးအမကြောင့် ဘဝသစ်ကို လှမ်းလျှောက်နိုင်ပါစေ။

အမှိုက်မြေတစ်ခွင် အလှဆင်မည့် ပန်းငုံပန်းဖူးလေးများ မှုန်ယစ်ဆေးဝါးတည်းဟူသော ပန်းဖူးချွေးဖျက် တစ္ဆေလက်မှ ကင်းလွတ်ကြပါစေဟု အကြိမ်ကြိမ်အခါခါ ဆုတောင်းနေမိပါတော့သတည်း။

# အကယ်ဒမီမင်းသားတွင်ဦးထိပ်ခေါင်

(တစ်)

နေမင်းကြီးက သူ၏အလင်းရောင်တွေကို တစ်စမကျန် အောင် ရုပ်သိမ်းသွားလေပြီ။

လမ်းဘေး ဓာတ်တိုင်ပေါ်က နီကျင်ကျင်မီးလုံးတွေ ဖျတ်ခနဲ လင်းပွင့်လာကြသည်။

သူတို့အသွင်က အမှောင်ကိုခွင်းဖောက်ရန်မဝံ့မရဲ သိမ်ငယ် နေကြဟန်ရှိ၏။

ညနတ်သမီးက အနက်ရောင်ဇာပုဝါပါးတွေကို တစ်လွှာပြီး တစ်လွှာထပ်ကာ ဖြန့်ချလျက်. . . ဖြန့်ချလျက်. . . ။

ညအမှောင်က တဖြည်းဖြည်းနှင့် သိပ်သည်း ထူထဲလာ နေသည်။

ကျွန်ုပ်က ကြံ့တောသုသာန်၏ ဝင်ပေါက်နှင့် ခပ်လှမ်းလှမ်းရှိ

အမှောင်ရိပ်မှာ ကားကို ရပ်လိုက်သည်။

ကျွန်ုပ်ဘေးမှာတ ရုပ်ရှင်မင်းသားထွင့်ရှထိပ်ခေါင်. . . .။

တေပေလေလွင့်သူတွေ၊ အခြေအနေမဲ့သူတွေရှိရာ၊ တောင်းရမ်းစားသောက်သူ၊ ကျူးကျော်နေထိုင်သူတို့ ခိုနားနေထိုင်ရာ မြို့တော်ရန်ကုန်၏ အကြီးဆုံးသုသာန်ဝန်းကျင်လို နေရာမျိုးဆိုသည်က. . .

အကာလ ညအခါမှာ ဘယ်လိုမှ မသွားသင့်သော နေရာတစ်ခုဖြစ်သည်။

ခွေးသားအစိပ်သားဖိုး မပေး၍ လူသတ်မှုဖြစ်သော နေရာ၊

မိန်းမရွှင်တစ်ယောက်ကို လုရင်း အုပ်စုလိုက် ရိုက်ကြ၊ နှက်ကြသည့်နေရာ. . .။

သတ်ဖို့၊ ဖြတ်ဖို့၊ လုယက်တိုက်ခိုက်ဖို့ ဘဝပေး-စရိုက်တွေနဲ့ ကြမ်းကြ၊ ရမ်းကြတဲ့နေရာမျိုးဟု ကျွန်ုပ်ကြားဖူးသည်။

သည်လို နေရာမျိုးကိုမှ ကျွန်ုပ်နှင့် ထွင့်ရှထိပ်ခေါင်တို့ ရောက်ရှိခြင်းမှာ အကြောင်းရှိသည်။

မူးယစ်ဆေးဝါး မစင်ဘင်ပုပ်ထဲ ကျရောက်နေသူတို့၏ ဘဝဆိုးများကို ထွင့်ရှထိပ်ခေါင်အားပြရန် ကျွန်ုပ်ကြံစည်ခဲ့ခြင်းပင် ဖြစ်သည်။

ဘိန်းဖြူ၊ နံပါတ်ဖိုးဆိုသည်က အဖြူရောင်း နတ်မိစ္ဆာတစ်ကောင်ဆိုလည်း ဟုတ်သည်။

တစ်ကြိမ် စမ်းကြည့်ရုံနှင့် ဖြတ်မရအောင် စွဲလန်းစေသော အရာလည်းဖြစ်သည်။

မူးယစ်ဆေးဝါးမှန်သမျှတွင် ပုံမှန်မဟုတ်သော စိတ်ခံစားမှု

တစ်မျိုးဖြစ်ပေါ်အောင် လှုံ့ဆော်ပေးနိုင်သည်ဟု သုံးစွဲသူများယူဆတတ်ကြသည်။

အမှန်က ဤသို့မဟုတ်၊ စွဲလန်းစေသည့် ဓာတုပစ္စည်းတစ်မျိုး ပါဝင်ခြင်းကြောင့်သာ သူတို့အားလုံး မဖြတ်နိုင်ကြခြင်းဖြစ်သည်။

ကြောက်ရွံ့ထိတ်လန့်စရာ ဘိန်းဖြူတွေက စီးပွားယုတ်မာသူများ၏ ဖြားယောင်းသိမ်းသွင်းမှုဖြင့် ပစ်မှတ်သားကောင်တွေဆီ ရောက်ရှိနေကြသည်။

ပစ်မှတ်သားကောင်တွေ ထဲမှာ အနုပညာရှင်တွေလည်း ပါသည်။

အဖြူရောင် နတ်မိစ္ဆာ၏ပဥ္စလက် အစွမ်းက ထိတ်လန့်ကြောက်မက်ဘွယ် ကောင်းလှ၏။

အနုပညာရှင်များစွာ သူတို့ချစ်သော အနုပညာကို စွန့်ခွာသွားကြရသည်. . .။

လူ့လောကထဲမှ ထွက်ခွာသွားကြသူတွေလည်း အများအပြား. . .။

ဤမျှကြောက်စရာကောင်းသည့် "မူးယစ်ဆေးဝါး"၏ သားကောင်ဘဝသို့ ထွန့်ထိပ်ခေါင်တစ်ယောက် ကျရောက်နေကြောင်း မမျှော်လင့်ဘဲ ကျွန်ုပ်သိခဲ့ရသည်။

ထိုနေ့က ရုပ်ရှင်ကားကြီးတစ်ကားအတွက် တိုင်ပင်ဆွေးနွေးရန် ကျွန်ုပ်ထွန့်ထိပ်ခေါင်၏ နေအိမ်သို့သွားခဲ့သည်။

အသင့်ဖွင့်ထားသည့် တံခါးတွေက တစ်ဆင့် ဧည့်ခန်းထဲအထိ ကျွန်ုပ်ရောက်လာခဲ့၏။

ညှော့ခန်းဆိုဖာရှည်တစ်ခုပေါ် တွင် လျှော့ခွေလဲကျနေသည့် ထွင့်ထိပ်ခေါင်ကို ကျွန်ုပ်တွေ့လိုက်ရသည်။

သူ့တစ်ကိုယ်လုံး နုတ်ပူးနေသူကဲ့သို့ တုန်ယင်နေ၏။

"ဘာဖြစ်နေတာလဲ. . ."

အတွေးဖြင့် ခေတ္တငိုင်နေမိစဉ်မှာပင် ကျွန်ုပ်ကို သူမော့ကြည့်သည်. . .။

သူ့မျက်နှာပေါ်မှာ ချွေးသီးချွေးပေါက်တွေ စို့ရွှဲနေ၏၊ ရှုံ့မဲ့နေသော သူ့အသွင်က ဝေဒနာတစ်ရပ်ကို ပြင်းပြင်းထန်ထန် ခံစားနေရဟန်ရှိသည်။

"ပေး. . . ပေး. . . မြန်မြန်ပေး. . ."

ကျွန်ုပ်ထံ လက်ဖြန့်၍တောင်းနေ၏။

"အစတွေလဲ၊ ဘာတောင်းတာလဲ. . . ထွင့်ထိပ်ခေါင်၊ ဘာဖြစ်နေတာလဲ. . ."

တဒင်္ဂအတွင်းမှာပင် မေးခွန်းအများအပြားဖြင့် ကျွန်ုပ်ကို ကျွန်ုပ် ဒုက္ခပေးနေမိသည်၊ ဘာမှတော့ နားမလည်နိုင်သေး၊

ထိုအချိန်မှာပင် ညှော့ခန်းထဲသို့ဝင်လာသည့် ခြေသံသွက်သွက်ကို ကြားရသည်။

ကျွန်ုပ်လှည့်ကြည့်လိုက်၏၊ ထွင့်ထိပ်ခေါင်၏ တပည့်လူယုံ ထွေးမောင်ကို တွေ့ရသည်။

ထွေးမောင်က သူ့ဆရာဆီအပြေးသွားကာ တစ်စုံတစ်ခုကို ပေး၏။

ထွင့်ထိပ်ခေါင်လှမ်းယူသည်၊ လှမ်းယူသည်ဆိုခြင်းထက် လု

သူသည်ဆိုလျှင် ပိုမှန်ပေမည်။ သရဲတစ်ကောင်ဝင်စီးနေသလို အငမ်းမရ၊

ပါလာသော စက္ကူထုတ်ငယ်ကို တုန်ခနေသော လက်ချောင်းတွေဖြင့် ဖြည်သည်။

အထုပ်ထဲက အဖြူရောင်အမှုန့်တွေကို လက်ဖြင့်တို့ယူပြီး လျှာပေါ် ပွတ်သည်၊ အတွင်းပါးစောင်တွေ အနှံ့ပွတ်သည်။

ခဏအကြာမှာပင် သူငြိမ်သက်သွားသည်၊ သူငြိမ်သက်သွားပုံက အိပ်ပျော်သွားခြင်းမဟုတ်၊ သတိမေ့သွားခြင်းလည်းမဟုတ်၊ ယစ်မူးရီဝေ၍ ပကတိငြိမ်သွားခြင်းမျိုးဖြစ်သည်။

ထွေးမောင်က သက်ပြင်းတစ်ချက်ကို "ဟူး"ခနဲ ချရင်း ကျွန်ုပ်ကို လှည့်ကြည့်၏။

"သူ့ကို ဒီဘဝဆိုးကြီးက လွတ်အောင် ကယ်တင်ပေးပါဦး ဆရာ. . ."

သူ့အသံက ကြေကွဲခြင်းတို့ဖြင့် တုန်ရီလှိုက်မောလျက်၊

ကျွန်ုပ်သဘောပေါက်လိုက်ပါပြီ. . .၊

ထွင့်ထိပ်ခေါင်တစ်ယောက်မူးယစ်ဆေးပြတ် ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားနေရခြင်းပေ။ သူတို့စကားနှင့် ပြောလျှင် "ယင်းထ"နေခြင်းဖြစ်သည်။

"ထွင့်ထိပ်ခေါင် ဖိုးစွဲနေပြီ"

အံ့ဩထိတ်လန့်ခြင်းတွေနှင့်အတူ မချိတင်ကဲ ကြေကွဲဝမ်းနည်းခြင်းတွေ ကျွန်ုပ်ရင်နှင့်မဆံ့အောင် ခံစားလိုက်ရသည်. . .၊

ဘိန်းစွဲရောဂါကို ဆေးဝါးဖြင့် ဖြတ်၍ရမည်ဟု ကျွန်ုပ်မယုံ

ကြည့်၊ ခဏပြတ်ပြီး ပြန်သုံးနေကြသူတွေကို အများအပြားတွေ့နေရသည်။

ဘိန်းဖြူ၏ ကြောက်မက်ဖွယ်အန္တရာယ်ကို သိပြီး အသိဉာဏ် စိတ်ခွန်အားတွေဖြင့် လေးလေးနက်နက်ခံယူဖြတ်မှသာ ပြတ်နိုင်မည်ဟု ကျွန်ုပ်ယုံကြည်သည်။

ကြံတောသုသာန်ထဲမှာအထက်လွှာ၏ သားသမီးအချို့ဇာတ်မြှုပ်လာနေကြကြောင်း ကျွန်ုပ်ကြားသိထားသည်၊ မထင်မရှား အခြေအနေမဲ့ ပုံစံမျိုးဖြင့်။

ဘိန်းစားသားသမီးကို အိမ်မှာထား၍လည်းမဖြစ်၊ တံတားလေးဆောင်ရဲ့တက်ကုလို့လည်းမရ။

မိမိတို့ ဂုဏ်၊ ပါဝါညှိုးနွမ်းမှာ စိုးကြသည်။

အထက်တန်းလွှာ လောကမှာ သိက္ခာကျမှာ စိုးကြသည်။

သိက္ခာအတွက် ကိုယ့်သားသမီးအရင်းကိုပင် စွန့်ပယ်စတေးရဲကြသူတွေ . . .။ ဒီတော့ . . .

သားသမီးတွေကလည်း မိဘကို မခင်တွယ်၊ ညီအစ်ကို မောင်နှမတွေကိုပစ်ပယ် မုန်းတီးလာကြသည်။

ကြံတောသုသာန်ရှိ အခြေအနေမဲ့သူတွေကြားမှာ နေသားကျ ပျော်ဝင်လာကြသည်။ အုတ်ဂူတွေကြားမှာ သူတို့ဘဝတွေကို မြှုပ်နှံလိုက်ကြသည်။

ရံဖန်ရံခါ မိဘညီအစ်ကိုမောင်နှမတွေ ညဘက်လာတွေ့သည်၊ ငွေနှင့်စားစရာ ထောက်ပံ့သည်၊ ပြီးသည်နှင့် ပြန်သွားကြသည်၊ သည်အကြောင်းတွေ ကျွန်ုပ်သိထားခဲ့၏။

သေမထူးနေမထူး ဘဝဖြင့် ကြုံတောသုသာန်ထဲမှ ဘီန်းစားတွေကို ပြရန် ထွင့်ထိပ်ခေါင်ကိုခေါ်လာခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့နှစ်ဦးစလုံး စကားမဆိုမိကြ။

ငြိမ်သက်စွာဖြင့် သုသာန်ဝင်ပေါက်ကိုသာ စိုက်ကြည့်နေကြသည်။

ကြည့်နေစဉ်မှာပင် ကားတစ်စီး၏ မီးရောင်ပေါ်လာသည်။

ခပ်ဖြည်းဖြည်းမောင်းလာသော ကားဖြူလေးတစ်စီးက သုသာန်ဝင်ပေါက်အနီး ရောက်လာပါတော့သည်။

(နှစ်)

"အဲ့ဒါ. . . ဌာနက ညွှန်ကြားရေးမှူးချုပ်ရဲ့ကား၊ သူ့သားကိုလာတွေ့တာလေ၊ သုသာန်ထဲကထွက်လာတာ သူ့သားမောင်ဘီန်းစားပေါ့. . ."

ကျွန်ုပ်က ကြားရုံမျှ လေသံဖြင့် ထွင့်ထိပ်ခေါင်ကို ရှင်းပြလိုက်သည်။

သုသာန်ထဲက ထွက်လာသည့် ပိန်လှီလှီလူငယ်ကားဆီသို့ သွားသည်။

ရှေ့မီးဖွင့်ပိတ်လုပ်အချက်ပြရာက ကားမီးလုံးဝပိတ်သွား၏။

မသဲကွဲသော စကားသံအချို့ကြားနေရသည်။ နှစ်မိနစ်ခန့်မျှသာကြာ၏။ ကားဖြူလေးမီးဖွင့်ကာ မောင်းထွက်သွားသည်။

ပိန်လှီလှီ လူငယ်သုသာန်ထဲပြန်ဝင်သွားသည်ကို မီးရောင်ဖြင့် တွေ့လိုက်ရသည်။ သူ့လက်ထဲမှာ ကားလေးပေါ်က ပေးလိုက်

ဟန်ရှိသည့် အထုပ်တစ်ထုပ် ဆွဲထားသည်။

နာရီပိုင်းအတွင်းမှာပင် ကားသုံးစီးခန့်မျှ ထွင့်ထိပ်ခေါင်ကို ပြုသနိုင်ခဲ့သည်။

နိုင်ငံတော် ဘွဲ့တံဆိပ်တော်ရသူဌေးကြီးတစ်ဦး၏ ကား၊ တရားရေးဆိုင်ရာ ညွှန်မှူးတစ်ဦး၏ ကားနှင့် ညနက်မှ ရောက်လာသော ဒုဝန်ကြီးတစ်ဦး၏ ကားတို့ဖြစ်သည်။

ထို့နောက်တွင်တော့ ကျွန်ုပ်တို့ ပြန်လာခဲ့ကြ၏။

"ဘိန်းဖြူရဲ့ အန္တရာယ်ကိုကျွန်တော် နားလည်ပါတယ် ဆရာ။ ပြတ်လည်းပြတ်ချင်တယ်၊ ဖြတ်ဖို့လည်း အကြိမ်ကြိမ်ကြိုးစားတယ်၊ ဒါပေမယ့် မဖြတ်နိုင်ဘူး ဆရာ။ အချိန်ကျလာတာနဲ့ ကျွန်တော့် သွေးသားတွေက ဒီ'မကောင်းဆိုးဝါး'တွေကိုပဲ ဆာလောင်နေတော့တာပါပဲ။ ကျွန်တော် ဘယ်လိုလုပ်ရမလဲ ဆရာ. . ."

ကျွန်ုပ် ထွင့်ထိပ်ခေါင်ကို ငေးကြည့်နေမိ၏၊ သူ့မျက်နှာ ညှိုးငယ်နေသည်၊ သူ့အသံက အားအင်ဆုတ်ယုတ်နေသည်၊ ကျွန်ုပ် ဘာဆက်လုပ်ရမည့်နည်း. . .။

ထိုနေ့လွန်မြောက်၍ တစ်လခန့်အတွင်းမှာပင် နိုင်ငံကျော် အဆိုတော်၊ ရုပ်ရှင်မင်းသားတစ်ဦး ဘိန်းဖြူမှုဖြင့် အဖမ်းခံလိုက်ရသည်။ တစ်ဆက်တည်းဆိုသလိုပင်၊ မြန်မာသံအဆိုတော် တစ်ဦးနှင့် တေးရေးဆရာတစ်ဦးကို ဗဟန်းရဲစခန်းက ဘိန်းဖြူတွေနှင့် ဖမ်းမိလိုက်ပြန်သည်. . .၊

ကျွန်ုပ် ရင်မောနေမိသည်။

ကျွန်ုပ် မကြားလိုသောသတင်းတစ်ပုဒ်၊ တစ်နေ့မဟုတ် တစ်

နေ့ကြားရပေတော့မည်. . .

ထွင့်ထိပ်ခေါင်ဆိုသည်က ကျွန်ုပ်အတွက် သားနှင့်မခြားသော တပည့်ဖြစ်သည်။

အမှန်စင်စစ်၊ ထွင့်ထိပ်ခေါင်ကို သရုပ်ပျက်၊ လမ်းသရဲဘဝမှ နိုင်ငံကျော်ရုပ်ရှင်မင်းသားဘဝသို့ ကူးပြောင်းစေခဲ့သူမှာ ကျွန်ုပ်ပင်မဟုတ်ပါလား. . .

## (သုံး)

ကျွမ်းကျင်လိမ္မာသော ရဲအရာရှိသည် လူတစ်ယောက်၏ မျက်နှာဟန်အမူအယာကို ကြည့်ရုံဖြင့် ရာဇဝတ်မှုကျူးလွန်သူ ဟုတ်/မဟုတ် သိနိုင်သည် ဆိုသကဲ့သို့. . .

ဝါရင့်ဒါရိုက်တာတစ်ဦးအဖို့လည်း သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်နိုင်၊ မဖြစ်နိုင်ကို ထိုသူ၏ မျက်နှာဟန်ပန်ကိုကြည့်၍ သိနိုင်ပါသည်။

တစ်ယောက်နှင့်တစ်ယောက်မိတ်ဆက်ကြပြီး မောင်အောင်ထွင့်နှင့်ကျွန်ုပ် စကားပြောခဲ့ကြသည်။

တစ်နာရီခန့်မျှ စကားပြောမိသည်နှင့် မောင်အောင်ထွင့်မှာ ကျွန်ုပ် စိတ်တိုင်းကျမည့် သရုပ်ဆောင်ဖြစ်နိုင်မှန်းသေချာသွားခဲ့သည်။

"မင်း၊ ရုပ်ရှင်မင်းသားလုပ်မလား. . ."

ကျွန်ုပ်၏ ရုတ်တရက်အမေးကြောင့် သူအနည်းငယ်ကြောင်သွားဟန်ရှိသည်။

သို့သော် ချက်ချင်းပင်မျက်နှာပြင်၏။

ရွှင်ပြစွာဖြင့် ခေါင်းခါ၊ လက်ကာကာပြုရင်း ပြောသည်။

"အစ်ကိုကြီး မနောက်နဲ့နော်၊ ကျွန်တော့်မှာ အနုပညာပိုးရှိပေမယ့်၊ ရုပ်ရှင်မင်းသားအထိတော့ ဖြစ်နိုင်မယ်မထင်ဘူးဗျ. . ."

ကျွန်ုပ်ကမင် ထင်တစ်လုံးရှိနေ၍လား မသိ၊ ယခုပြောလိုက်သည့် သူ၏ ဟန်ပန်၊ လေယူလေသိမ်းကိုပင် နှစ်သက်မိပြန်သည်။

ထို့ကြောင့် ကျွန်ုပ်ယတိပြတ်ပြောချလိုက်၏။

"မင်း ဖြစ်ကိုဖြစ်ရမယ်၊ ငါတာဝန်ယူတယ်၊ သရုပ်ဆောင်လုပ်မယ်လို့သာ ကတိပေးပေတော့. . ."

သူက ကိုယ်ကိုနောက်သို့ ရုတ်သည်၊ မျက်လုံးအတန်ငယ်ပြူး၍ ကြည့်ကာ. . .

"ဟာ . . . အဟုတ်ကြီးကို ပြောနေတာပါလား. . . ကဲဗျာ . . . အစ်ကိုကြီးလို နိုင်ငံကျော်ဒါရိုက်တာကြီးကတောင် ဖြစ်မယ်လို့ အာမခံနေတာပဲ။ ကျွန်တော်ဘာမလုပ်ရဲစရာရှိလဲ၊ လုပ်မယ်ဗျာ၊ ရုပ်ရှင်မင်းသားလုပ်မယ်. . ."

ဤသို့ဖြင့် မောင်အောင်ထွဋ်တစ်ယောက် "ဒုဋ္ဌမြစ်ရေ ဘယ်မခန်း" ရုပ်ရှင်ကားကြီးတွင်ပါဝင်နိုင်ခဲ့သည်။

ရိုက်ကူးပြီးစီး၍ သမ္မတမှာအစမ်းပွဲပြသည်။

ရုပ်ရှင်ပညာရှင်ကြီးများ၏ နှစ်ခြိုက်ကျေနပ်သံများ ကြားရ၏။

ရုပ်ရှင်ဝေဖန်ရေး ဆရာများ၏ ကြယ်ငါးပွင့်အဆင့် ချီးမွမ်းခြင်းများကိုလည်း စာနယ်ဇင်းများတွင် ဖတ်ရ၏။

ကျေနပ်ဝမ်းသာမှုဖြင့် ပီတိတွေ ကျွန်ုပ်ခံစားခဲ့ရ၏။

သို့သော်. . . ရုံတင်ပြသ၍အောင်မြင်မှုကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လိုက်ရသောအခါ ကျွန်ုပ်ပင်လျှင် အံ့ဩတကြီးဖြစ်ခဲ့ရသည်။

"ဒုဋ္ဌမြစ်ရေ ဘယ်မခမ်း"၏ အောင်မြင်မှုက ဟုန်းဟုန်းထခဲ့၏။

ရန်ကုန်မြို့လည်း ရုပ်ရှင်ရုံများ၊ မြို့ပတ်ရုံများ အားလုံးကြိတ်ကြိတ်တိုး အောင်ပွဲခံခဲ့ရသည်။

ထိုမျှမကသေး၊ နိုင်ငံအနှံ့မြို့များရှိ ရုပ်ရှင်ရုံတိုင်းမှာလည်း သူမတူအောင် အောင်ပွဲခံနိုင်ခဲ့သည်။

ဝင်ငွေစံချိန်သစ် တင်နိုင်ခဲ့သည်။

ထိုစဉ်က ဦးမောင်ပိုင်၏ မျက်နှာကြီးကို ကျွန်ုပ်မြင်ယောင်မိပါသည်။

သကာတစ်ထပ်၊ ပျားရည်တစ်ထပ်၊ သကြားတစ်ထပ်မျက်နှာကြီးနှင့် အပြုံးတွေ ချိုမြနေပုံမှာ ရယ်စရာ၊ အမြင်ကပ်စရာ ကောင်းလှသည်။

ဒုဋ္ဌမြစ်ရေ၏ အောင်မြင်မှုနှင့်အတူ မင်းသားသစ် ထွန်းထိပ်ခေါင်လည်း လျှမ်းလျှမ်းတောက်ကျော်ကြားသူအဖြစ် နေ့ချင်းညချင်း ရောက်ရှိသွားခဲ့သည်။

ပြောင်မြောက်သော အနုပညာပြချက်တွေဖြင့် ပရိသတ်ရင်ထဲ ရောက်ရှိနေရာယူနိုင်ခဲ့သည်။

အထူးသဖြင့် လူငယ်ထု၏ အသဲစွဲဖြစ်ခဲ့၏။

အလားအလာကောင်းသော ကြယ်တစ်ပွင့်အဖြစ် ဝါရင့်ပညာရှင်ကြီးများ ချီးမွမ်းခဲ့ကြသည်။

မကြာမြင့်မီ အချိန်တွင် မြန်မာ့ရုပ်ရှင်လောက၏ အထွဋ်အထိပ် အခေါင်အဖျားသို့ တိုင်ထက်လှမ်းနိုင်မည့် သူဟုလည်းဝေဖန်ရေးဆရာများတင်စားခဲ့ကြသည်။

ထွဋ်ထိပ်ခေါင်သည် စိတ်ဓာတ်ခိုင်မာ၏။ ကျွန်ုပ်ခိုင်းသမျှဖြစ်အောင်လုပ်၏။ မရ ရအောင်ကြိုးစား၏။ ဆိုရလျှင် သရုပ်ဆောင်အနုပညာကို ရူးရူးမူးမူးခုံမင်သူဖြစ်၏။

ထိုအချက်တွေကြောင့် သူ၏ အနုပညာအရည်အသွေးတွေ တောက်ပလာခြင်းဖြစ်သည်။

ထွဋ်ထိပ်ခေါင်၏ အောင်မြင်မှုက ဤမျှနှင့်ရပ်တန့်မနေသေး. . . ၊

ထိုနှစ်အတွက် ပေးအပ်သော ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုအများစုကို "ဒုဋ္ဌမြစ်ရေ ဘယ်မခမ်း"က သိမ်းပိုက်နိုင်ခဲ့သည်။

အဓိကသရုပ်ဆောင် အကယ်ဒမီရွှေစင်ရုပ်ဆုကို ထွဋ်ထိပ်ခေါင်ကိုင်မြှောက်နိုင်ခဲ့၏။

"ဒုဋ္ဌမြစ်ရေ ဘယ်မခမ်း" မှာ မြို့ပြ၏ သရုပ်ပျက်ယဉ်ကျေးမှုတောဆိုးတွင် လမ်းပျောက်နေသည့် လူငယ်တို့ဘဝကို ရိုက်ကူးထားသည့် လူငယ်ပညာပေးဇာတ်ကားတစ်ကားဖြစ်သည်။

လူငယ်ပညာပေး ကားရိုက်ရင်း လမ်းပျောက်နေသည့် လမ်းသရဲလေး မောင်အောင်ထွဋ်ကို အကယ်ဒမီ ထွဋ်ထိပ်ခေါင်ဖြစ်အောင်ကျွန်ုပ် လမ်းပြနိုင်ခဲ့သည်။

တောင့်တမွတ်သိပ်ခဲ့ရသော အောင်မြင်မှု၊ တပ်မက်လိုချင်ကြီးလွန်းခဲ့သည့် ကျော်ကြားမှု၊ သည်အောင်မြင်ကျော်ကြားမှုတွေ မိမိထံပါး ရောက်လာပြီ၊ ပီတိအပြုံးတွေဖြင့် ယစ်မူးခံစားနိုင်လေပြီ။

သို့သော် ပီတိအပြုံးတွေ တာရှည်မခံနိုင်ခဲ့။

အချိန်အနည်းငယ်အတွင်း နေတွေ့နှင်းလို ပျောက်ကွယ်သွားကြသည်. . .၊

ထွင့်ထိပ်ခေါင်တစ်ယောက် အဖြူရောင် နတ်မိစ္ဆာကောင်၏ ချုပ်နှောင်ခြင်းကို ခံလိုက်ရပေပြီ. . .။

အနုပညာနှင့် ဘိန်းဖြူ သူဘာကိုရွေးမည်လဲ။

ကျွန်ုပ်သိချင်စမ်းပါဘိတော့သည်။

## (လေး)

၁၉၈၀ ပြည့်နှစ်၏ ဒီဇင်ဘာညတစ်ည၊ ခရစ်စ္စမတ်အကြိုနှင်းတွေ ဖွေးဖွေးလှုပ်မျှကျဆင်းနေသည့်ည။

အေးမြသည့် ချစ်စရာဆောင်းညလေးမှာ နိုင်ငံကျော်ရုပ်ရှင်ဒါရိုက်တာကြီး ဦးလှကိုနှင့် ကျွန်တော် စကားပြောခွင့်ရခဲ့သည်။

စာပေအနုပညာ၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် ရောက်တတ်ရာရာ ခေါင်းစဉ်အမျိုးမျိုးပြောင်းရင်းဆွေးနွေးကြ၊ စကားပြောကြ၏။

ဒါရိုက်တာဦးလှကိုက စကားပြောကောင်းသူ၊ အညာသားအသံနှင့် ရှင်းရှင်းပြတ်ပြတ်ပြောတတ်၏။ လက်ဟန်ခြေဟန်ပါပါပြော၍ ကြည့်ကောင်းသလို နာမည်ကြီးရုပ်ရှင်မင်းသား ထွင့်ထိပ်ခေါင်၏ အကြောင်းဖြစ်၍ လည်း စိတ်ဝင်စားနေမိသည်။

စိတ်ဝင်တစား နားထောင်နေကာမှ ဦးလှကိုက သမားဂုဏ် ပြ၏။

ဇာတ်ရှိန်မြှင့်ယူလာခဲ့သည်၊ ကျွန်ုပ်သိချင်စိတ်ပြင်းထန်နေ ချိန်မှာ၊ ဖြတ်ထားလိုက်သည်။

"ဆရာကို၊ ပညာမပြနဲ့လေ၊ မင်းသားထွန်းထိပ်ခေါင် ဘိန်းဖြူ ပြတ်လား၊ မပြတ်လား။ ပြောပါဦး. . ."

ဒါရိုက်တာဦးလှကိုက သူ့ရွှေသွားတွေပေါ်အောင် တဟဲဟဲ . . . ရယ်ရင်း. . .၊

"ပြောစရာလိုလို့လားဗျ၊ အခုမင်းသားထွန်းထိပ်ခေါင် ဘယ် နေရာမှာလဲ၊ ဘယ်နေရာ ရောက်နေလဲ. . ."

စကားကို တုံးတိဖြတ်ကာ၊ မေးခွန်းထုတ်တတ်သည်မှာ ဆရာဦးလှကို၏ အကျင့်။

မင်းသားထွန်းထိပ်ခေါင်၏ နေရာကို စဉ်းစားစရာမလိုပါ။

ဆေးစက်ကျရာ အရုပ်ထင်တဲ့ပန်ချီဆရာလို၊ သူလုပ်သမျှ အားလုံးကြိုက်နေကြသည့် ခေတ်ဖြစ်နေပေပြီ။

လူငယ်အများစုက သူ့ကိုအတုခိုးနေကြသည်။ လူငယ်လူထု အပေါ် လွှမ်းမိုးနိုင်သလို၊ လူကြီးတွေကလည်း သူ၏ အနုပညာ ရှုး သွပ်မှုအပေါ် လက်ခံကြသည်။

"ထွန်းထိပခေါင်ဆိုတာ အကယ်ဒမီတွေ ထပ်ဆင့်၊ ထပ်ဆင့် ရထားပြီး၊ မြန်မာ့ရုပ်ရှင်လောကမှာလည်း အတောက်ပဆုံးကြယ်ပွင့် ကြီး တစ်ပွင့်ဖြစ်ပါတယ်။ အဲ့ဒါသူ့နေရာပါဆရာကို. . ."

"ဟုတ်လိုက်လေ စာရေးဆရာရေ၊ ဘိန်းဖြူသာမပြတ်ခဲ့ရင်

ခုလောက်ဆို သူရုပ်ရှင်လောကမှာ မရှိနိုင်တော့ဘူး။ အဲလူ့လောက ကြီးထဲကလည်း ထွက်ခွာသွားလောက်ပြီ၊ ဘိန်းဖြူရဲ့ချုပ်နှောင်ခြင်းက နေ ရုန်းထွက်နိုင်လို့သာ ဒီနေရာကို ရောက်နေတာပေါ့ဗျာ. . ."

"အံ့ဩစရာပဲဆရာကို. . .၊ "စွဲလန်းတာနဲ့ ဘဝတစ်ခုလုံး" သွားပြီး"လို့ပြောနိုင်တဲ့ ဒီ ဘိန်းဖြူထောင်ချောက်ထဲက သူဘယ်လို ရုန်းထွက်ခဲ့တာလဲ၊ စိတ်ဝင်စားစရာပဲ ဆရာကို. . ."

ဆရာဦးလှကို၏ အကြည့်တွေက အတိတ်၏ အဝေးတစ်နေ ရာဆီ ပြန်ပြေးသွားဟန်ရှိသည်၊ ခေတ္တမျှ ငြိမ်ဆိတ်သွား၏။

အတန်ကြာမှ လေးတွဲ့သော စကားသံတွေ သူ့နှုတ်မှ ထွက် ကျလာသည်. . . .

"သူ ဘိန်းဖြူစွဲနေတာ သိတဲ့ အချိန်ကစပြီး ကျုပ်အမျိုးမျိုး ဆုံးမခဲ့တယ်။ ဘိန်းဖြူအန္တရာယ်ဆိုးရဲ့ ထိတ်လန့်စရာ ကောင်းပုံကို သတိပေးနေခဲ့တယ်။

အချိန်မရွေးအန္တရာယ်ပြုနိုင်သူတွေရှိတဲ့ ကြံတောသုသာန်လို နေရာထိခေါ်သွားပြီး ပြခဲ့တယ်။ ဒါပေမယ့် ဘိန်းဖြူနှောင်အိမ်ထဲက သူရုန်းမထွက်နိုင်ခဲ့ဘူး. . .၊

ဘိန်းဖြူဖြတ်မရပေမယ့် ဘိန်းဖြူရဲ့ ကြောက်စရာကောင်းပုံ ကို သူသိတယ်။ ဖြတ်ဖို့လည်း ကြိုးစားချင်စိတ် ရှိခဲ့တယ်။ တစ်နေ့ တော့ ထွင့်ထိပ်ခေါင်ဟာ ဘိန်းဖြူ မသုံးတော့ဘူးဆိုတဲ့ ယတိပြတ်ဆုံး ဖြတ်ချက် ချလိုက်တယ်။

သုံးစွဲဖို့ ဝယ်ထားတဲ့ ဘိန်းဖြူမှုန့်တွေကို အိမ်သာခွက်ထဲ သွန်ချလိုက်တယ်။

ဆေးပြွတ်ဝေဒနာ ခံစားရရှင်လည်း ရအောင်နေမယ်လို့ သန္နိဋ္ဌာန်ချထားခဲ့တယ်။

စိတ်ကို အသင့်ပြင်၊ ဆုံးဖြတ်ချက်ချပြီးလို့ မကြာခင်မှာပဲ ဘိန်းဖြူမိစ္ဆာကောင်ရဲ့ပြုစားတာကို စခံရတော့တာပါပဲ။

သူ့ရဲ့ အသွေးအသားတွေက ဘိန်းဖြူသုံးဖို့ တောင်းဆိုထကြွလာကြတယ်။

ထွဋ်ထိပ်ခေါင်ဟာ စိတ်ဓာတ်ခိုင်မာတဲ့သူပါ။ သန္နိဋ္ဌာန်ကလည်း ချထားတော့ စိတ်တင်းပြီးခံတယ်။

ဘိန်းဖြူမှုန့်တွေကလည်း အိမ်သာခွက်ထဲ သွန်ချထားတော့ ဘာမှ မတတ်နိုင်တော့ဘူးပေါ့။

မိစ္ဆာကောင်ရဲ့ ပြုစားမှုကလည်း ပိုပြီးအားပြင်းလာတယ်။

ထွဋ်ထိပ်ခေါင်ရဲ့ ကြံ့ကြံ့ခိုင်စိတ်နဲ့ တွန်းလှန်မှုတွေ ပိုပိုပြီး ပြင်းထန်လာတဲ့ ဆေးပြွတ် ဝေဒနာခံစားရမှုတွေ တစ်ခုနှင့်တစ်ခု အားပြိုင်ရင်း ဆေးပြွတ်ဝေဒနာခံစားရမှုက အမြင့်ဆုံးကို ရောက်သွားတယ်။

အဲ့ဒီအချိန်မှာထွဋ်ထိပ်ခေါင်ဟာ အသိတရားကင်းမဲ့တဲ့အနေအထားထိ ရောက်သွားခဲ့တယ်။

သူ့တစ်ကိုယ်လုံးပင် လယ်ပြင်ကျယ်ကြီးထဲမှာ ကြောက်မက်ဖွယ်လှိုင်းလုံးကြီးတွေရဲ့ ရိုက်ပုတ်တဲ့ဒဏ် အလူးအလိမ့်ခံနေရသလို ခံစားရင်း တိရစ္ဆာန်ရိုင်းတစ်ကောင်လို အော်ဟစ်လိုက်တယ်။

ဆေးပြွတ်ဝေဒနာကို အပြင်းအထန်ခံစားရင်း တဒင်္ဂရူးသွပ်သွားတဲ့ ထွဋ်ထိပ်ခေါင်ဘာလုပ်လိုက်လဲ သိလား. . ."

ဆရာဦးလှကို မေးခွန်းထုတ်ရင်း စကားစကိုပြန်ဆက်သည်။

“အိမ်သာခွက်ထဲ သွန်ချခဲ့တဲ့ ဘိန်းဖြူမှုန့်တွေကို လျှာနဲ့လျက်မိခဲ့တယ်. . .။

ဘိန်းဖြူရဲ့ စွဲဆောင်မှုဟာ ဘယ်လောက် ကြောက်စရာကောင်းလဲဆိုတာ အဲ့ဒီတော့မှ လက်တွေ့သိတယ်လို့ သူပြောပြတယ်၊

အဆိုးထဲက အကောင်းလို့ ဆိုရမှာပဲ။ အဲ့ဒီအချိန်ကတည်းက ထွင့်ထိပ်ခေါင်တစ်ယောက် ဘိန်းဖြူကို လှည့်မကြည့်ရဲလောက်အောင် ကြောက်သွားတယ်၊ မုန်းသွားတယ်။

အဲ့ဒီ ကြောက်စိတ်၊ မုန်းစိတ်ကြောင့်ပဲ ဘိန်းဖြူပြတ်သွားခဲ့တယ်။

ဒါရိုက်တာကြီး ဦးလှကိုက စကားကို အဆုံးသတ်လိုက်သည်။

ထို့နောက် ကျွန်တော် သူ့အိမ်မှ ပြန်လာခဲ့သည်။

အိမ်ချင်း မဝေးလှသောကြောင့် အေးမြမြ ဆောင်ကိုခံစားရင်း လမ်းလျှောက်ခဲ့၏။

နှင်းမှုန်ဖြူလွလွတို့ဖြင့် ဆောင်းညသည်လှပနေဆဲ။

နှင်းငွေ့အေးကို ရှူရှိုက်စဉ်ထုံသင်းသော ညမွှေးပန်းရနံ့ကိုလည်း နှစ်သက်စွာ ရှူရှိုက်ရသည်။

ကောင်းကင်ပြင်ကြီးအနှံ့ ကြယ်လေးတွေ တဖျတ်ဖျတ်လင်းလက်လျက်ရှိ၏။

ထိုကြယ်တွေထဲမှာမှ ထူးထူးခြားခြားကြီးမား တောက်ပနေသည့် ကြယ်ကြီးတစ်လုံး၊ ကျွန်တော်တွေ့သည်။

တွေ့သည့်ခဏမှာပင်ထပ်ဆင့် အကယ်ဒမီထွဋ်ထိပ်ခေါင်ကို မြေးမြင်မိသည်။

သူ၏ ပထမဦးဆုံးခြေလှမ်း၊ ဒုဋ္ဌမြစ်ရေ ဘယ်မခမ်းမှသည် ယနေ့တိုင်အောင် သရုပ်ဆောင်းနေဆဲသူ. . .

ထူးချွန်ဆုများစွာ ရယူရင်းအောင်မြင်မှုတံခွန်တွေ သိမ်းပိုက်နေဆဲသူ. . .

မြန်မာ့ရုပ်ရှင်လောက၏ မော်ကွန်းတွင် သရုပ်ဆောင်အနုပညာကို ရှူးရှူးမူးမူးခုံမင်သူတစ်ယောက်အဖြစ် ကဗ္ဗည်းတင်ခံရသူ . . .

ယနေ့ ရုပ်ရှင်လောက၏ အလင်းလက်ဆုံးကြယ်တစ်ပွင့် ဟု တင်စားခံနေရသော ထွဋ်ထိပ်ခေါင်တစ်ယောက်. . . အတိတ်၏ ထိုအချိန်ကသာ. . .

ဘိန်းဖြူတည်းဟူသော နတ်မိစ္ဆာဆိုး၏ အန္တရာယ်နှောင်အိမ်မှ လွတ်မြောက်အောင် ရုန်းမထွက်နိုင်ခဲ့ပါလျှင်. . .

လွတ်မြောက်အောင်၊ ရုန်းမထွက်နိုင်ခဲ့ပါလျှင်. . .

ချမ်းမြမြဆောင်း၏ နှင်းညမှာ အတွေးတစ်စနှင့်အတူ ကျွန်တော်ဆက်လျှောက်နေမိပါတော့သည်။

# လောဘ တစ္ဆေ

## (တစ်)

၂၃သိန်းတန် လက်ဝတ်ရတနာများ

လျှို့ဝှက်အံဆွဲအတွင်းရှိ ရွှေရေးယွန်းသေတ္တာအား ဖွင့်လိုက်သည်နှင့် ပြိုးပြိုးပြက်ပြက် လက်လက်တောက်ပသော ကျောက်မျက်တို့၏ အရောင်က ဖိတ်စဉ် အန်ကျလာသည်။

မဟူရာအနက်ရောင်အောက်ခံပေါ်ဝယ် အကန့်ငယ်ကလေးများဖြင့် သိမ်းဆည်းထားသည့် လက်ဝတ်ရတနာများကို ကြည့်နေရင်း ဒေါ်သန်းသန်းဆင့်၏ရင်သည် ရုတ်တရက် ထိတ်ခနဲ ခုန်သွားရ၏။

မှတ်မှတ်ရရထားရှိသော ရတနာအချို့ လျော့နည်းနေသည်ဟု ယူဆမိသောကြောင့်ဖြစ်သည်။

စိုးထင့်သော စိတ်ဖြင့် ထပ်မံဆန်းစစ်၏။ နောက်တစ်ဖန်

ထပ်ကျော့ဆန်းစစ်ပြန်၏။ စစ်ဆေးနေရင်းမှာပင် စိုးရိမ်စိတ်များ တစ်စတစ်စ ဝင်ရောက်လာသည်။ အဆုံးတွင်တော့ စုစုပေါင်း ၂၃ သိန်း တန်ဖိုးရှိ လက်ဝတ်ရတနာ ၄ မျိုး ပျောက်ဆုံးနေကြောင်း တိတိပပ သိလိုက်ရတော့၏။

ကတ္တီပါ အပြာသွေးရည်လဲ့လဲ့ နီလာချောကြီးတစ်ပွင့်။ နီလာပွင့်ကြီးကိုမှ တဖိတ်ဖိတ်လက်နေသည့် စိန်လုံးကလေးတွေ မှန်ကူကွက်သဏ္ဍာန်စီခြယ်ထားသည်။

စိန်တွေကို ကွပ်ထားသည်ကပင် ရိုးရိုးရွှေမဟုတ်။

တန်ဖိုးမြင့် ရွှေဖြူ။

ဤစိန် နီလာဆွဲသီးကလေးတစ်ခုတည်းပင် ၃ သိန်းတန်၏။

၈ ရတီကျော်ခန့်စီရှိ စိန်ဆွဲကြိုး နှစ်ကုံးလည်း ရှာမတွေ့။

ဇမ္ဗူရစ်ရွှေသား ဝင်းဝင်းအိအိအား စိန်သားအရောင်တလျှပ်လျှပ်ဟပ်နေပုံကို သူမ မမေ့နိုင်သေး။

ထိုဆွဲကြိုး နှစ်ကုံးကလည်း ၁၆ သိန်းဖိုးထက်မနည်း။

နောက် ၄ သိန်းတန် စိန်လက်ကောက်တစ်ကွင်း။

အထပ်ထပ်လျှော်ခတ်ထားသော ရွှေသားအပေါ် ၄ ရတီခန့် စိန် ၂၁ လုံးကို လပြည့်ဝန်းပမာ တစ်တန်းသွား စီခြယ်ထား၏။

ဒွိဟ သံသယဖြင့် အိပ်ခန်းတွင်းရှိ နံရံကပ်ဗီရိုများ၊ အံဆွဲများ၊ မွေ့ရာခေါင်းအုံးတွေကြား မွှေနှောက်လိုက်သည်။ နေရာလပ်မကျန် ရှာဖွေသည့်တိုင် မတွေ့ရှိမှ ယောင်ယောင်မှားမှားစိတ်ဖြင့် တစ်ဆစ်ချိုးလှေကားအတိုင်း အပြေးဆင်းလျက်။

(. . .) လမ်း ရတနာဆိုင်တွင်ရှိ ခင်ပွန်းထံ ဖုန်းဆက်မေး

သည်။ တစ်ဖက်မှ မယူကြောင်း ပြောသံကြားသည်နှင့် သူမက အနီး ရှိ ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။

ခဏအကြာ၌ ခင်ပွန်းဖြစ်သူ ကားနှင့်ရောက်လာ၏။

မိမိတို့ အိပ်ခန်းတွင်းတိုင် ဝင်ရောက် ခိုးယူခံရသည့်အတွက် ထိတ်လန့်အံ့ဩသွားသည်။

ရတနာသေတ္တာပါ ယူဆောင်မသွားသော ခိုးသူကိုပင် ကျေး ဇူးစကားဆိုရမည့်အခြေအနေရောက်နေ၏။

အိပ်ခန်းတွင်းက ဗီရို။

ဗီရိုထဲက လျှို့ဝှက်အံဆွဲ။

လျှို့ဝှက်အံဆွဲထဲက ရတနာသေတ္တာ။

ရတနာသေတ္တာထဲက ရတနာများ။

ရတနာများထဲကမှ လက်ဝတ်ရတနာ ၄ မျိုးပျောက်ဆုံးလေ ပြီ။

အဆင့်တိုင်းမှာလည်း သော့တွေ ခတ်ထား၏။

ခတ်ထားသည့် သော့အားလုံးကို ခြေရာလက်ရာမပျက် ယွင်းစေဘဲ ခိုးယူနိုင်သူကား မည်သူနည်း။

သူလော. . .၊ သူလေလော. . .၊ သူပင်လေလော. . .။

"အို"ဟု အာမေဋိတ်ရင်းသူမက ဘုရားတ လိုက်၏။

ဝစ္စည်း ဥစ္စာအပေါ် တပ်မက်စိတ်ဖြင့် ပွားမိသော မစ္စေ ရစိတ်ကို တခဏအတွင်း ပြန်လည်ချုပ်တည်းလိုက်ရလေတော့သည်။

(နှစ်)

**တယ်လီဖုန်းသတင်းတစ်ခု**

ဗဟန်းစခန်းမှူး ရဲအုပ်စောသိန်း၏ လင့်ရိုဘာ ကားပြာလေးက ရွှေတောင်ကြား(. . .)ရပ်ကွက်ရှိ သေသပ်လှပသော အုတ်တံတိုင်း ကာရံထားသည့် ခြံဝင်းကျယ်ကြီးတစ်ခုအတွင်း ဝင်လိုက်၏။

ခေတ်မီဆန်းပြားပုံစံနှစ်ထပ်တိုက်ကြီး၏ ဆင်ဝင်အောက်တွင် ကားရပ်လိုက်သည်နှင့် တရားလိုဒေါ်သန်းသန်းဆင့်နှင့်ခင်ပွန်းက ထွက်၍ ဆီးကြိုလာသည်။

ရဲအုပ်စောသိန်းက ဆိုဖာပေါ်ထိုင်ရင်း ဧည့်ခန်းကျယ်ကြီးကို လေ့လာ၏။ အဖိုးထိုက်တန် ထည်ဝါသားနားသော နိုင်ငံခြားဖြစ် ပရိဘောဂတို့ဖြင့် တန်ဆာဆင်ထားသည်။

အရောင်ဟပ်အောင် တိုက်ချွတ်ထားသည့် အောက်ခင်း၊ ကြမ်းပြင်မှ ပါကေးသစ်သားတုံးငယ်များကိုပင်လျှင် ဆန်းပြားသော ဒီဇိုင်းပုံစံများ အကွက်ဖော်ဖန်တီးထား၏။

ခေတ္တနားနေပြီးမှ အိမ်ပေါ်ထပ်တက်လာကြသည်။ တစ်ဆစ်ချိုးလှေကားအဆုံးအပေါ်ထပ်ရောက်သည်နှင့်တွေ့ရသော ဘုရားခန်းကား ခမ်းခမ်းနားနားရှိလှ၏။ ဖန်၊ မှန်သားတို့ဖြင့် စီခြယ်ထား၍လည်းကောင်း၊ ခြောက်သွယ်ရောင်ခြည်ပမာ မြူးကွန့်နေသည့် လျှပ်စစ်မီးတို့ကြောင့်လည်းကောင်း၊ ဘုရားစင်တစ်ခုလုံး ပြိုးပြက်ဝင်းပြောင်နေသည်။

ရွှေချထားသော မြတ်ဗုဒ္ဓရုပ်ပွားတော် အဆူဆူမှာလည်း

ရင်သပ်အံ့သြဖွယ် သပ္ပာယ်ကြည်ညိုစရာကောင်းလှ၏။ ပူဇော်ထား သည့် ပန်းမျိုးစုံတို့၏ မွှေးရနံ့၊ ကပ်လှူထားသည့် သစ်သီးပေါင်းစုံ တို့၏ ချိုရနံ့ဖြင့် ဘုရားခန်းတစ်ခန်းလုံး သင်းပျံ့မွှေးထုံလျက်ရှိသည်။ ရဲအုပ်စောသိန်းက လက်အုပ်ချီ ကန်တော့လိုက်၏။ ပြီးမှ ရတနာ သေတ္တာထားရှိရာအခန်းတွင်းဝင်ခဲ့ကြသည်။

ဒေါ်သန်းသန်းဆင့်တို့၏ အိပ်ခန်းကား ကြွားကြွားဝင့်ဝင့် ရှိပေစွ။

လှပသန့်ရှင်းသော ခေတ်မီအိပ်ရာပစ္စည်းများ အဝတ်အစား ဗီရို၊ နံရံကပ်ဗီရိုနှင့် စတီးလ်ခုံပေါ်တင်ထားသည့် ကာလာတီဗွီ၊ အိပ် ခန်းနှင့်တစ်ဆက်တည်း ရေချိုးခန်း၊ အိမ်သာခန်းရှိသဖြင့် ကြယ်ငါး ပွင့်အဆင့်နီးပါး ပြည့်စုံနေပေသည်။

ဒေါ်သန်းသန်းဆင့်က ဗီရို၊ လျှို့ဝှက်အံဆွဲနှင့် ရတနာ သေတ္တာတို့၏ အနေအထားကို ပြသဖြင့် ဓာတ်ပုံဆရာအား အဆင့် လိုက် ဓာတ်ပုံရိုက်ကူးစေသည်။

စစ်ဆေးနေရင်းမှာပင် သော့ခတ်ရာ မျောက်လက်ကို စုပ် ထားသော ဝက်အူခေါင်း၏ အလယ်မြောင်းမှ ထူးခြားမှုအားသတိ ပြုမိလိုက်သည်။

တစ်စုံတစ်ဦးသည် ဝက်အူလှည့်အသုံးပြုဖွင့်ကာ အခန်း တွင်း ဝင်ရောက်ခဲ့သည်။ ခိုးယူပြီးမှ ခြေရာလက်ရာမပျက် ပြန်လည် တပ်ဆင်ထားသည်မှာ သေချာပေပြီ။ ပြင်ပဒုစရိုက်လောကမှ ဖောက် ထွင်းသူခိုးသာ ဖြစ်ပါက ပြန်လည်တပ်ဆင်ရန် မလိုသည့်အပြင် လက်ဝတ်ရတနာများကိုလည်း သေတ္တာလိုက်ယူဆောင်သွားမည်သာ

ဖြစ်၏။ ဤတွက်ဆချက်မှန်ကန်ပါက 'အိမ်တွင်းသူခိုးသာဖြစ်မည်'ဟု သူယူဆလိုက်သည်။ အတန်ကြာကြည့်ရှုပြီး အောက်ထပ်ဧည့်ခန်းသို့ ပြန်ဆင်းခဲ့ကြသည်။

"ဒီရက်ပိုင်းအတွင်း လူစိမ်းအဝင်အထွက်များရှိပါသလား ဒေါ်သန်းသန်းဆင့်"

မှတ်စုစာအုပ်ကို အသင့်ပြင်ရင်း ရဲအုပ်စောသိန်းက မေး၏။

"ဟုတ်ကဲ့ရှင့်၊ လွန်ခဲ့တဲ့နှစ်ပတ်လောက်ကတော့ အကျိုးလို လားသူတစ်ဦးဆိုပြီး နေ့ ၂ နာရီအချိန်မှာ သစ်ရိပ်ကောင်း တဲ့ တောင်ဘက်ကကျော်ပြီး သူခိုးဝင်လိမ့်မယ်လို့ ဖုန်းနှင့် သတင်းပေးပါတယ်။ သတင်းကတော့တိတိကျကျပါပဲ။ ကျွန်မတို့ စောင့်နေခိုက်မှာ လူတစ်ယောက်ဝင်လာတယ်။ ခြံစောင့်တွေနဲ့ ဝိုင်းဖမ်းပေမယ့် ထွက်ပြေးလွတ်မြောက်သွား ပါတယ်"

"ဝင်လာလာချင်း ပြန်ထွက်ပြေးရတာပေါ့နော်"

"ဟုတ်ပါတယ်ရှင်"

"ဒီအိမ်မှာ မိသားစုဘယ်နှစ်ယောက်ရှိပါသလဲ"

"ကျွန်မခင်ပွန်း ဦးစိုးမြတ်သွင်ရယ်၊ ကျွန်မရယ်၊ သမီးကြီး နှင်းရှုပါသွင်၊ သမီးငယ် နှင်းသီတာသွင်နဲ့ သားအောင်ကျော် သွင် စုစုပေါင်း ၅ ယောက်ရှိပါတယ် ရှင်"

"အိမ်အလုပ်သမားရော ဘယ်နှစ်ယောက်ပါလဲ"

"ခြံစောင့်နှစ်ယောက်နဲ့ အိမ်ဖော်နှစ်ယောက်ရှိပေမယ့် မအေးကြိုင်ဆိုတဲ့ အိမ်ဖော်ကတော့ လွန်ခဲ့တဲ့ ၂ ရက်က

အလုပ်ထွက်သွားပါတယ်"

"ဟုတ်လား၊ ဘာကြောင့် အလုပ်ထွက်သွားတာပါလဲ"

"ကျွန်မသား အောင်ကျော်သွင်နှင့် မောင်သီဟမျိုးတို့ ကျွန်မ အခန်းတံခါးကို ဝင်အူလှည့်နဲ့ ဖွင့်တာတွေ့ကြောင်းပြောပြီး၊ နောင်တစ်ချိန် ပစ္စည်းပျောက်ရင် ဆင်းရဲနွမ်းပါးတဲ့ သူတို့ အပေါ်ပဲ အပြစ်ရောက်မှာစိုးလို့ဆိုပြီး ထွက်သွားတာပါ"

**မသတ်ာစရာ အတွင်းလူများ**

"ဒါနဲ့ မောင်သီဟမျိုးဆိုတာ ဘယ်သူပါလဲ ဒေါ်သန်းသန်းဆင့်"

"ကျွန်မ သမီးကြီး ရှုပါနဲ့ စေ့စပ်ထားတဲ့သူပါ"

"သူကရော အမြဲအဝင်အထွက်ရှိပါသလား"

"ဟုတ်ကဲ့ရှင့်၊ ရှိပါတယ်၊ တစ်ခါတစ်ရံ သားနဲ့အတူ လာအိပ် တတ်ပါတယ်"

"နေ့စဉ်လိုလို ဝင်ထွက်တတ်တာ တခြားဘယ်သူတွေ ရှိပါ သေးလဲ"

"သားကို စာလာပြပေးတဲ့ ဆရာတစ်ယောက်လည်းရှိပါ တယ်။ သူကတော့ ၃-၄ နာရီ စာပြပြီး ပြန်တတ်ပါတယ် ဦးစောသိန်း"

"သူ့နာမည်ကရော ဘယ်သူပါလဲ"

"ဆရာ ဦးမြတ်ဘုန်းလို့ ခေါ်ပါတယ်"

ဒေါ်သန်းသန်းဆင့်အားမေးပြီး မိသားစုဝင်များဖြစ်သည့်

ဦးစိုးမြင့်သွင်၊ မနှင်းရှုပါသွင်နှင့် မောင်အောင်ကျော်သွင်တို့အား လည်းကောင်း၊ ခြံစောင့် ကိုကံစိန်၊ ကိုကြည်ညွန့်နှင့် အိမ်ဖော်မနီတို့အားလည်းကောင်း တစ်ဦးစီ ခေါ်ယူမေးမြန်းလိုက်၏။ ပြီးစီးသည်နှင့် . . .

"မောင်အောင်ကျော်သွင်ကို အသေးစိတ်စစ်မေးချင်လို့ ရဲစခန်းခေါ်သွားခွင့်ပြုပါ ဒေါ်သန်းသန်းဆင့်ခင်ဗျား၊ အမှုအခြေအနေအရ လိုအပ်လာရင်လည်း သူ့ကိုဖမ်းဆီးရပါလိမ့်မယ်"

သားငယ်အပေါ် မိခင်၏ မေတ္တာစိတ်၊ သောကစိုးရိမ်စိတ်ဖြင့် သူမမျက်နှာက ရုတ်ခြည်း ညှိုးလျှော့မှိန်နယ်သွားရှာသည်။ ရဲအုပ်စောသိန်း၏ စကားက သူမ၏ နှလုံးသားကို ကြေကွဲစေသည်ထင့်။

"ဦးစောသိန်းတွက်ဆသလို အတွင်းလူပယောဂကြောင့်ပစ္စည်းတွေ ပျောက်ဆုံးရတယ်ဆိုတာ ကျွန်မတို့လည်းသံသယ ဝင်မိပါတယ်။ ဥစ္စာပစ္စည်းဆိုတာ တည်မြဲတဲ့အရာမဟုတ်လို့ အမိကမကျပါဘူး၊ သူ့ထက်ပိုအရေးကြီးတာက အကျင့်စာရိတ္တ ကောင်းမွန်ဖို့ပါရှင်။ လက်ဝတ်ရတနာတွေ ခိုးယူရလောက်အောင် အကျင့်ပျက်ပြားနေတာ ဘယ်သူလဲ။ ကျွန်မခင်ပွန်းဆိုရင် ကျွန်မ လင်ဆိုးမယား တဖားဖားဖြစ်ရမယ်။ အလုပ်သမားတွေထဲက ယူတာဆိုရင်လည်း ကျွန်ယုံတစ်ဖက်ကန်းတဲ့ကျွန်မာသား၊ သမီးနဲ့ သမက်လောင်းမောင်သီဟမျိုးတို့ ယူရင်တော့ သားသမီးယုံ စုံလုံးကန်းပြီပေါ့လေ. . .၊ စိတ်ဓာတ်ပျက်ပြားသူနဲ့ အရှည်သဖြင့်ဆုံ

တွေ့ပေါင်းဖော်နေရခြင်းဖြင့်လည်း သံသရာတစ်လျှောက်လုံး နောင်တရလို့ ဆုံးမှာမဟုတ်ပါဘူး။ ဦးစောသိန်းအနေနဲ့ အမှန်တရားဖော်ထုတ်ဖို့ ဆောင်ရွက်တယ်ဆိုတာ ကျွန်မ နားလည်နိုင်ပါတယ်. . .”

အောက်နှုတ်ခမ်းကိုကိုက်၍ အားတင်းကာ တုန်ရီလှိုက်လှဲစွာပြောနေသော သူမ၏စကားကြောင့် ရဲအုပ်စောသိန်းစိတ်မကောင်းဖြစ်မိပါ၏။

သို့သော်လည်း. . . .

အဖြေမရှိသေးသော ပုစ္ဆာ၊ ရှုပ်ထွေးလျက်ရှိသော ချည်ခင်တစ်ခုကို အဖြေထုတ်ရှင်းလင်းရန်အတွက် မောင်အောင် ကျော်သွင်အား ခေါ်ယူကာ ထွက်ခွာခဲ့လေတော့သည်။

(သုံး)

သော့ပြင်ကုလားတစ်ယောက်

တရားလို ဒေါ်သန်းသန်းဆင့်ထွက်ဆိုချက်။

အလှူသွားစရာရှိ၍ လက်ဝတ်လက်စား ဗီရိုဖွင့်ကြည့်ရာ တိုင်ချက်ပါပစ္စည်းများ မရှိတော့ကြောင်း၊ အခြားစိန်ရွှေများသာကျန်နေကြောင်း၊ အိမ်တွင် မေးကြည့်ရာ သမီးငယ် သီတာက အောင်ကျော်သွင်နှင့် သီဟမျိုးတို့ သော့ကုလားတစ်ယောက်ကို ကားဖြင့်တင်ပြီး ခေါ်လာသည်ကို တွေ့သည်ဟု ပြောဖူးကြောင်း။

သီဟမျိုးမှာ သမီးကြီးရူပါနှင့် စေ့စပ်ပြီးနောက် သားအောင်ကျော်သွင်နှင့်အတူ လာအိပ်တတ်ကြောင်း ထွက်ဆိုသည်။ ရဲအုပ်

စောသိန်းက မနှင်းရှုပါသွင်၏ အစစ်ခံချက်အား ဆက်၍ဖတ်၏။

ရင်းက သီဟမျိုးနှင့် လွန်ခဲ့သောနှစ်က စေ့စပ်ခဲ့ကြောင်း ယခု ပစ္စည်းပျောက်သည့်အိပ်ခန်းမှာ ယခင်က မိမိ၏အခန်းဖြစ်သဖြင့် မိခင်မှ ဗီရိုအတွင်း လက်ဝတ်ရတနာများ အထုတ်အသွင်းပြုလုပ်သည့်အခါ သီဟမျိုးမြင်တွေ့ပြီး "ဘာလုပ်တာလဲ" ဟုမေးသဖြင့် လက်ဝတ်ရတနာများ အံဝှက်အတွင်း သိမ်းဆည်းခြင်းဖြစ်သည်ဟု ပြောခဲ့ဖူးကြောင်း။

မိခင်၏ စိန်ထည်ပစ္စည်းများပျောက်သည်ဟု သိရ၍ သီဟမျိုးအား ပြောကြားခဲ့ကြောင်း အစစ်ခံထား၏။

ခြံစောင့်နှစ်ဦးနှင့်အိမ်ဖော်တို့ကလည်း အောင်ကျော်သွင်နှင့် သီဟမျိုးတို့ သော့ပြင်ကုလားတစ်ယောက် ခေါ်လာကာ အိမ်ပေါ်ထပ်တက်သွားသည်ကို သိမြင်ကြကြောင်း ထွက်ဆိုသည်ကို တွေ့ရ၏။

သော့ပြင်ကုလားအား ခေါ်ယူစစ်ဆေးရပြန်သည်။ ၎င်းမှာ ဒါလာမြားဆိုသူဖြစ်ပြီး အောင်ကျော်သွင်နှင့် သီဟမျိုးတို့လာခေါ်၍ အပေါ်ထပ်အခန်းတစ်ခုကို ၂ ကြိမ် ဖွင့်ပေးခဲ့ရပြီး လွန်ခဲ့သော ၃ ပတ်ခန့်ကမှ အပေါ်ထပ်အခန်းနှင့်အတွင်းရှိ ဗီရိုကိုပါ သံချောင်းဖြင့် ဖွင့်ပေးခဲ့ရကြောင်း ၎င်းတို့က သော့ကျန်နေကြောင်းပြော၍ ဖွင့်ပေးရခြင်းဖြစ်ကြောင်း အစစ်ခံ၏။

တရားခံ ညွှန်ပြမြားဦးကတော့ အောင်ကျော်သွင်နှင့် သီဟမျိုးတို့နှစ်ဦးစလုံးအား တိကျတည့်မတ်စွာ ညွှန်ပြလျက်ရှိလေပြီ။

တစ်ကိုတ်တည်း တစ်ဉာဏ်တည်း ခိုးယူကြခြင်းလား(သို့တည်း

မဟုတ်)တစ်ဦးတည်းကပဲ ခိုးယူခြင်းလားဆိုသည်ကိုတော့ မကွဲပြားသေး။

**အလိုတူ အလိုပါ**

ရဲအုပ်စောသိန်းက အမှုတွဲကို စားပွဲပေါ်တင်လိုက်ပြီး. . .

"ကဲ မောင်အောင်ကျော်သွင်၊ မင်းနဲ့ သီဟမျိုးတို့နှစ်ဦးစိန်ထည်ပစ္စည်းတွေ ယူနိုင်တယ်ဆိုတာ အားလုံးက တွက်ဆနေကြပြီ။ မိဘကိုငဲ့ညှာတဲ့အနေနဲ့ အမှန်အတိုင်း ဖွင့်ပြောစေချင်တယ်ကွာ. . ."

"ကျွန်တော်မယူတာအမှန်ပါ အန်ကယ်၊ ငွေအနည်းအကျဉ်းလိုတဲ့အခါ မိဘဆီက တောင်းပါတယ်။ ခဏခဏတောင်းလို့ဆိုပြီး လိုသလောက်မရတော့ အခန်းတံခါးကို ဝက်အူလှည့်နဲ့ ဖွင့်ယူပါတယ်။ မေမေက အာမခံသော့တွေ ခတ်လိုက်တော့ သော့ကုလားခေါ်ပြီးဖွင့်ခိုင်းတယ်။ ဒါပေမယ့် ကျွန်တော်တို့ယူတာ ငါးထောင်တစ်သောင်းလောက် ငွေကလေးပါ။ ဒီလောင်တန်ဖိုးကြီးတာတွေ ကျွန်တော် ဘာလုပ်ရမှာလဲ. . .၊ လိုလည်း မလိုပါဘူးအန်ကယ်"

သူဌေးသားလူငယ်ကလေး မောင်အောင်ကျော်သွင်၏ ဟန်က ပွင့်ပွင့်လင်းလင်းဟန်။ ပြောပုံဆိုပုံက လျှို့ဝှက်ချက်မရှိပုံ၊ မျက်နှာအနေအထားက အမှန်ကို ပြောဆိုသည့် အနေအထား။

မုသားဖော်စက်ဖြင့် စမ်းသပ်ခြင်းမဟုတ်သော်လည်း သည်လူငယ်ကလေးကျွေ့ကောက်လိမ်ညာနေခြင်းမဟုတ်ကြောင်း ရဲအုပ်

စောသိန်းရိပ်စားမိ၏။

"သက်သေအားလုံးက မင်းတို့နှစ်ယောက်လုံးမဟုတ်တောင် တစ်ယောက်က ယူထားတယ်လို့ ပြနေတယ် မောင်အောင် ကျော်သွင်"

"ဒါဆိုရင်တော့ သီဟမျိုးပဲအန်ကယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်မှ မဟုတ်တာကိုး။ ဒါပေမယ့် သူယူတာလည်း မဖြစ်နိုင်ဘူး။ ဗီရိုဖွင့်ငွေယူစဉ်က ကျွန်တော်ပါ ရှိနေတာပဲ၊ သူယူရင် မြင်ရမှာပေါ့ အန်ကယ်"

ရဲအုပ်စောသိန်းက ခေတ္တမျှစဉ်းစား၍ ပြုံးလိုက်သည်။

"ဗီရိုဖွင့် ငွေယူနေတုန်းမှာ သီဟမျိုးက တစ်ခုခုခိုင်းဖူးလား" အောင်ကျော်သွင် တွေဝေငေးငိုင်သွား၏။ အတန်ကြာမှ

"ဗီရိုဖွင့်ပြီးတာနဲ့ သော့ပြင်ကုလားကို အောက်ထပ်ကစောင့် နေဖို့မှာပြီး လှေကားထိပ်ထိ လိုက်ပို့ခိုင်းပါတယ်"

"အဲ့ဒီအချိန်မှာ နှိုက်ယူထားလိုက်ရင်တောကွာ"

"ယူရင်တော့ ရတယ်အန်ကယ်၊ ဒါပေမယ့် သူမလုပ်ဘူးနဲ့ တူပါတယ်"

အောင်ကျော်သွင်၏ အသံက မယုံရဲ ယုံရဲနှင့်၊ သံသယ ဒွိဟထွေပြားနေသည်ကို သတိပြုမိလိုက်၏။

"သီဟမျိုးမှာ ဘာစီးပွားရေးလုပ်ငန်းရှိလဲကွ. . ."

"တစ်နှစ်ကတော့ အကျိုးရှိမယ့် ၁၆ သိန်းတန်မြေကွက်တွေ့ လို့ စပ်တူဝယ်မယ်ဆိုပြီး မေမေ့ဆီက ၈ သိန်းယူသွားပါ တယ်။ ကြာတဲ့အထိ ဘာမှဖြစ်မလာလို့ မေမေပြန်တောင်း

တော့ ၅ သိန်းပဲပြန်ပေးနိုင်ပါတယ်။ နောက်တော်တော်ကြာမှ ၃ သိန်းပြန်ပေးနိုင်တယ်။ အဲ့ဒီ ၃ သိန်းကလည်း မမရှူပါ ကပေးတာလို့ သိရပါတယ်။"

"ဒါနဲ့ သီဟမျိုးမိဘတွေက ဘယ်သူလဲ၊ ဘယ်မှာနေကြတာ လဲ"

ရဲအုပ်စောသိန်းတစ်ယောက် ဟိုက်ခနဲဖြစ်သွား၏။ သီဟမျိုးဖခင်မှာ စီးပွားရေးဆိုင်ရာဌာနတစ်ခုမှ ပါဝါမျက်မှန်ပိုင်ရှင် အရာရှိကြီးတစ်ဦး။ ကြီးကြီးငယ်ငယ် မည်သူပင်ဖြစ်ပါစေ သူ့အနေနှင့်ကတော့ အမှန်တရားဖော်ထုတ်ရေး ရှုထောင့်ကသာ ကြည့်ရှုဆောင်ရွက်ရပါလိမ့်မည်။

လက်တွေ့စစ်ဆေးချက်များ၊ တွက်ဆချက်များအရတော့ သီဟမျိုးအား မဖြစ်မနေ ဖမ်းဆီးစစ်မေးရမည်သာဖြစ်ပါတော့သည်။

(လေး)

## တျူပ်သူခိုးမဟုတ်ဘူးဆိုသူ

တရားခံဖမ်းလာသည်က ရယ်စရာ. . .၊

'ထီးရဲ နန်းရဲ အိမ်ရှေ့မင်းသားလေးတစ်ပါး တိုင်းခန်းလှည့်လည်နေသည်နဲ့ပင် တူပေစွ' ဟုစဉ်းစားရင်း မိမိကိုလည်း 'နောက်တော်ပါးခစားတဲ့ ငယ်ကျွန်ကြီးများ၏ထင်နေမလား'ဟု တွေးကာ ရဲအုပ်စောသိန်းပြုံးလိုက်သည်။

နုနယ်ပျိုမျစ်သော မောင်သီဟမျိုး၏ မျက်နှာပေါ်၌ တုန်လှုပ်ခြင်း အလျှဉ်းမရှိ။

ပကတိ တည်တည်ကြည်ကြည်၊ ထည်ထည်ဝါဝါ။ ရဲကားပေါ် တက်ရသည့်တိုင် ဂရုမစိုက်။ ထီးမထင်သော မျက်နှာပေးကို တစ်ချက်ကလေးပင် မပျက်စေခဲ့။ ဖခင်အရှိန်အဝါကို ကျောထောက်နောက်ခံပြုပြီး ထန်ထန်မာမာဖြစ်နေကြောင်း ရိပ်စားမိလိုက်သည်။

သီဟာမျိုး၏ဖခင်ကား ဂုဏ်သရေရှိ လူကြီးမင်းပီပီ ရဲတပ်ဖွဲ့၏ လုပ်ငန်းကို ဝင်ရောက်စွက်ဖက်ခြင်းမပြုခဲ့။

'ဥပဒေနဲ့အညီဖြစ်အောင် ဆောင်ရွက်ပါ'ဟူသော စကားဖြင့် သားဖြစ်သူအား ရဲလက်အပ်ခဲ့သည်။

သီဟာမျိုးကား လမ်းတစ်လျှောက်လုံး စူးစိုက်ကြည့်ရှု အကဲခတ်လာသည့် သူ့ကိုပင် အဖက်မတန်သလို မသိကျိုးကျွံပြုနိုင်၏။

ဗဟန်းရဲစခန်း ရောက်၍ မေးမြန်းရာတွင်လည်း သော့ကုလားခေါ်၍ တံခါးဖွင့်ကာ အောင်ကျော်သွင်ငွေယူရာ၌ အဖော်အဖြစ် လိုက်ခဲ့ကြောင်း၊ စိန်ထည်ပစ္စည်းများကို မယူကြောင်း ငြင်းဆို၏။

"ကျုပ် သူခိုးမဟုတ်ဘူးဗျ. . .၊ ခိုးနိုင်တဲ့လူတွေ အများကြီးပဲ၊ ခင်ဗျားတို့ သိရဲ့လား။ အိမ်ဖော် မအေးကြိုင်စိန်တွေ ယူလစ်ပြေးပြီး ကျုပ်တို့ကို ချောက်တွန်းသွားတာဆိုရင် ဘယ်လိုလုပ်မလဲ။ အောင်ကျော်သွင်လည်း ခိုးနိုင်တာပဲ၊ အသုံးအဖြုန်းကြီးတယ်၊ အပျော်အပါးလိုက်စားတယ်၊ သူ့ကောင်မကလေးကို ပေးချင်လို့လည်း ယူနိုင်တာပဲ။ လွန်ခဲ့တဲ့နှစ်ပတ်ကလည်း အဲ့ဒီအိမ်ကို သူခိုးဝင်ခဲ့သေးတယ်။ သူရော မဖြစ်နိုင်ဘူးလား။ ပြီးတော့ ကျုရှင်ဆရာ၊ အိမ်မှာ အမြဲဝင်ထွက်

နေတာပဲ။ သူ့ကိုရော ထည့်မစဉ်းစားသင့်ဘူးလား။ လူကြီး လူကောင်းဆိုတဲ့ ရတနာပွဲစားတွေလည်း လာကြတာပဲ၊ လူကြီးလူကောင်းတိုင်း သူခိုးမဟုတ်ဘူးလို့ ဘယ်သူ ပြောနိုင်လဲ၊ သူတို့ လောက ကမှ ကလိန်ကျမှု၊ မသမာမှုပိုများတယ်။ ပစ္စည်းတွေ တစ်ပတ်ရိုက်ခံရတာ ဦးစိုးမြတ်သွင် သိမှာစိုးလို့ ဒေါ်သန်းသန်းဆင့်ကလည်ဆယ်တိုင်တာရော မဖြစ်နိုင်ဘူးလား"

သူ့လေသံက မာထန်လေစွတကား။

ရဲအုပ်စောသိန်းကတော့ ချိုသာယဉ်ကျေးသော အပြောအဆို၊ နူးညံ့သိမ်မွေ့သောအပြုအမူတို့ဖြင့် ဆုံးမစကားဆို၍ လည်းကောင်း၊ ချော့မော့၍လည်းကောင်း တရားနည်းလမ်းတကျစစ်မေးခဲ့သည်။

သို့သော် ဖခင်အားကိုးဖြင့် ဂုဏ်ဝင့်နေသူ၊ စိုးရွံ့ကြောက်လန့်မှု အလျဉ်းမရှိသူ လူငယ်ကား ခါးခါးသီးသီးပင် တွင်တွင်ခေါင်းခါငြင်းကာနေမြဲ။

ရဲအုပ်စောသိန်းမှ မြို့နယ်မှူး ဒုရဲမှူး ကျော်အောင်ထံအခြေအနေကို တင်ပြ၏။ ညှိနှိုင်းဆွေးနွေး၏။

ဤသို့ဖြင့် တရားဥပဒေအပေါ် မထီမဲ့မြင်ပြုနေသည့် သီဟမျိုး၏ မာန်မာနကို ယတိပြတ်ချိုးနှိမ်ပြီး အပြီးသတ်အောင်ပွဲခံယူနိုင်ရန်အတွက် အချိန်ဆွဲစစ်ကြောနည်းနှင့် စိတ်ဓာတ်စစ်ဆင်ရေးလုပ်ရန် ဆုံးဖြတ်ရလေတော့သည်။

(ငါး)

**စိတ်ဓာတ်စစ်ဆင်ရေး**

စိတ်ဓာတ်စစ်ဆင်ရေးအတွက် ဒုရဲအုပ်တစ်ယောက်၊ နယ်ထိန်းတစ်ယောက်တွဲထားသည့် အဖွဲ့ငယ် ၆ ဖွဲ့ခွဲလိုက်သည်။

တစ်ဖွဲ့လျှင် ၂ နာရီ တာဝန်ယူမည်ဖြစ်၍ ညနေ ၆ နာရီတွင် စစ်ကြောမှု စတင်မည်ဖြစ်သည်။

ဒုရဲမှူးကျော်အောင်နှင့်ရဲအုပ်စောသိန်းက ညနေ ၆ နာရီ၌ စစ်ကြောမှုစတင်လိုက်သည်။

ဒုရဲအုပ်မြင့်ခင်နှင့် တပ်ကြပ်ကြီးသန်းအောင်အတွဲက အလိမ္မာသုံး၍ စစ်မေးသည်။

ည ၈ နာရီ၌ ဒုရဲအုပ်ခင်မောင်ဦးနှင့် တပ်ကြပ်ဝင်းမြင့်တို့ ရောက်လာပြီး ပါးပါးနပ်နပ်နှင့် စစ်မေးကြ၏။ သီဟမျိုးကတော့ ဘူးပင်စိုက်၍ ဘူးသီးနေဆဲ။ သူတို့အလှည့်ပြီးတော့ ဒုရဲအုပ်လှထွန်း နှင့် တပ်ကြပ်စန်းဝင်းအဖွဲ့။ ပထမ ၂ ဖွဲ့ထုတ်ထွက်ဆိုချက်တွေကို စိစစ်ပြီး ရှေ့နောက်မညီသော စကားအမှားအယွင်းများကို ထောက်ပြ၍ ဖြေရှင်းစေ၏။

မေးခွန်းတွေက ဟိုလှည့်သည်လှည့်၊ ဝေ့လိုက် ဝိုက်လိုက်၊ စဉ်းစားခွင့်မပေး။

သီဟမျိုးကား ချုပ်ရီမန်တောင်းခံရန်အတွက် တစ်နေ့လုံး တရားရုံး၌ ကိုယ်စိတ်နှစ်ပါးဆင်း ဆင်းရဲရဲ နေခဲ့ရ၍ ငြီးစီစီဖြစ်နေသည်။ စားချင်စိတ်မရှိ၍ ညနေစာမစားခဲ့သော ဝမ်းကလည်း ယခုမှ ဆာလောင်လာ၏။

ပင်ပန်းနွမ်းနယ်မှုဖြင့် မျက်လုံးမှေးစင်း ငိုက်မျဉ်းလာသည်။

"ခင်ဗျားတို့ ဘယ်လိုလဲ၊ ဒုက္ခရောက်သွားချင်သလား"

ဒေါသဖြင့် ပေါက်ကွဲအော်ဟစ်သော်လည်း ရယ်ရယ်မောမောနှင့်ပင် အမေးစကားတွေဖြင့် ထပ်မံထိုးနှက်ကြ၏။

သန်းခေါင်ယံအချိန် ဒုရဲအုပ်သန်းဝင်နှင့် ဒုတပ်ကြပ်အောင်ဇေယျအလှည့်၌ သီဟမျိုး၏ အခြေအနေ ယိမ်းယိုင်လာသည်။

သူ့စိတ်အလျဉ်၌ မည်မျှထိ ရှုပ်ထွေး၊ နောက်ကျို၊ ဖြောင်းဆန်နေမည်ကို ရဲအုပ်စောသိန်း ကိုယ်ချင်းစာသနားပါ၏။

သို့သော်လည်း သီဟမျိုး၏ အနေအထားက တရားခံ(သို့မဟုတ်)ပစ္စက္ခရန်သူ။

ရန်သူကို ရန်သူလို သဘောထားရမည်။

နေလို မီးလို ကျင့်သုံးရင်ဆိုင်ရမည်။

"လူငယ်လူရွယ်တစ်ယောက်မို့ စိတ်အလိုလိုက် မှားမိတာကို အားလုံးက ခွင့်လွှတ်ကြစမြဲပါကွာ၊ ဗီရိုဖွင့်အပြီး အောင်ကျော်သွင်က သော့ပြင်ကုလားကို လှေကားထိပ်လိုက်ပို့နေတုန်း စိန်ထည်တွေ မင်းယူလိုက်တယ်။ နောက်တစ်ပတ်ကြာတော့ မင်းအပေါင်းအသင်းတစ်ယောက်ကို နေ့ ၂ နာရီခွဲထဲ ကျော်ဝင်ခဲ့ဖို့ ချိန်းလိုက်တယ်။ မင်းကတော့ တခြားကနေ အကျိုးလိုလားသူ'ဆိုပြီးဖုန်းဆက်သတင်းပေးလိုက်တယ်။ သဘောက ဒီအိမ်ကို သူခိုးဝင်တဲ့လမ်းကြောင်းပြချင်လို့ဆိုတာ ငါတို့ သိပြီးပြီမို့ ရဲရဲဝံ့ဝံ့ ဝန်ခံစေချင်တယ်ကွာ"

အပြင်းအထန် ငြင်းဆန်နေရာမှ ငြင်းဆန်သည်လည်း

မဟုတ်၊ ဝန်ခံသည်လည်းမဟုတ်သော လေသံသို့ပြောင်းလဲလာ၏။

ရှက်ကြောက်ခြင်းကြောင့် ဖုံးကွယ်ထားလိုစိတ်။

ယိမ်းယိုင်ချည့်နဲ့လာသော စိတ်ဖြင့် ဖွင့်ဟလိုက်လိုသော စိတ်တို့က တစ်ပြန်တစ်လှည့်စီ အနိုင်ယူအားပြိုင်နေဟန်တူ၏။

ဇောချွေးစို့သောမျက်နှာပြင်၌ စိုးရွံ့ခြင်းက အထင်းသား။

လန့်ထိတ်မှုကြောင့် မျက်လုံးများက မှုန်မှုန်။

"ကိုယ်ရော စိတ်ပါ ပင်ပန်းလှပါတယ် မောင်သီဟမျိုးရာ၊ မမှားသောရှေ့နေ မသေသောဆေးသမားတဲ့။ ဘယ်သူမှ အမှားဆိုတာနဲ့ ကင်းဖူးတာမဟုတ်ပါဘူး။ အမှားကိုဝန်ခံပြီး ယောက်ျားကောင်းတစ်ယောက်ဆိုတာ ပြသစမ်းပါကွာ၊ တရားလိုကလည်း တစ်ခြားသူမဟုတ်ဘူး၊ မင်းဇနီးလောင်းရဲ့ မိခင်၊ ပစ္စည်းပြန်ရလိုက်တာနဲ့ ဒီကိစ္စတွေဟာ အလိုလို ငြိမ်းအေး ပြီးစီးသွားမှာပါ"

ရဲအုပ်စောသိန်း၏ ကျိုးကြောင်းပြန့်သိမ့်မှုတွေက သီဟမျိုးအား တွေဝေစေသည်။

ည ၂ နာရီ တာဝန်ကျ ဒုရဲအုပ် တံလှိုင်နှင့်တပ်ကြပ်ကြီး စံတင်အဖွဲ့၏ ပါးနပ်သောအပြောအဆိုတို့ကြောင့်လည်းကောင်း၊

နောက်ဆုံးအဖွဲ့ ဒုရဲအုပ်စန်းလှိုင်နှင့် ဒုတပ်ကြပ်အောင်လှိုင်တို့၏ စကားပရိယာယ်တို့ကြောင့်လည်းကောင်း။

အရုဏ်ဦးအချိန်မှာပင် သီဟမျိုးတစ်ယောက် အမှန်တရား၏ ဥပဒေရင်ပြင်၌ ဒူးထောက်အညံ့ခံလိုက်ရလေသည်။

ငှက်မသိခင်က ဆက်ရက်လေလား၊ ချိုးလေလားဟု ဝေဝါး သံသယဖြစ်နေမှုမှာလည်း ပေါ်လွင်ထင်ရှားလေပြီဖြစ်ပါတော့သည်။

(ခြောက်)

လောဘတစ္ဆေသည် သီဟမျိုး၏ ဆင်ခြင်တုံတရားကို စတ်ရုံမည်းကြီးဖြင့် ဖုံးအုပ်လိုက်ပြီ. . .။

ချစ်သူ့မျက်ဝန်းကိုပင် မေ့လျော့အောင် ကျိန်စာဆိုလိုက် သည်။

သော့ပြင်ကုလားက သံချောင်းဖြင့် ကလိ၍ ဗီရိုဖွင့်ပြီးသည် နှင့် အောက်ထပ်ဧည့်ခန်းမှ စောင့်နေရန်မှာပြီး အောင်ကျော်သွင်ကို လိုတ်ပို့ခိုင်းလိုက်သည်။

အောင်ကျော်သွင် သူ့အနီးပြန်ရောက်ချိန်၌ စိန်ထည်လက် ဝတ်ရတနာအချို့က သူ့အတွင်းအိပ်ကတ်ထဲ၌ ရောက်ရှိသွားပေပြီ။

ကြိုတင်ပြင်ဆင်ထားသည့် လမ်းလွှဲနည်းတွေဖြင့် လှည့်စား ၍ သံသယအကြည့်များကို ရဲဝံ့ရင်ဆိုင်ခဲ့သည်။

သို့သော်လည်း. . .

ရဲအုပ်စောသိန်းနှင့်တပ်ဖွဲ့ဝင်တို့၏ မနားမနေကြိုးပမ်းမှု ကြောင့် ခိုးယူမိကြောင်း ဝန်ခံလိုက်ရသည်။

ဖခင်၏ရုံးခန်းရှေ့စားရေးကြီး၏ စာတင်စင်အောက်ဆုံး၌ ဝှက်သိုထားသော စိန်ထည်ပစ္စည်းများအား ဖော်ထုတ်အပ်နှံရတော့

၏။

ရဲအုပ်စောသိန်းက စိန်ကျွမ်းကျင်သူ၏ အကူအညီဖြင့် ချက်ချင်းသွားရောက်သိမ်းဆည်းကာ. . .။

ခိုင်မာသောအမှုတွဲဖြင့် တရားစွဲတင်ခဲ့လေသည်။

တရားလို ဒေါ်သန်းသန်းဆင့်နှင့်တရားခံ မောင်သီဟမျိုးတို့ နှစ်ဦး တရားခွင်တွင် အမှန်ဟရားကို ပိုက်ကာ ရင်ဆိုင်ကြမည်လား။ သည်းခံခြင်းတရားဖြင့် အမှုရုပ်သိမ်း ငြိမ်းအေးကြမည်လား။

သူ့အနေဖြင့် ဝေဖန်စဉ်းစားသမှု မပြုလိုတော့ပါ။

တရားဥပဒေနှင့်အညီ ပြည်သူလူထု၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် တပ်ဖွဲ့ဂုဏ်ရောင်တောက်ပြောင် အောင် မြှင့်တင်နိုင်ခဲ့ခြင်းအတွက်သာ ထာဝရ နှစ်သိမ့်ကျေနပ်နေ မည်ဖြစ်ပါတော့သတည်း. . .။

# ရေနစ်ဖို့

## (တစ်)

"ဟလို. . . ဟလို"

"မောင်. . . မောင်လားဟင်. ."

"ဟုတ်တယ်ခိုင်. . . ဘာကိစ္စရှိလဲ ပြောလေ. . .၊ ခိုင်အသံက စိတ်လှုပ်ရှားနေသလိုပဲ. . . ဘာဖြစ်နေလဲ ခိုင်. . ."

"ဟိုလေ. . . ဟို. . . မောင့်ကို ပြောချင်တာတစ်ခုရှိလို့ပါ . . . ခိုင့်ကို စိတ်ဆိုးမှာလည်းစိုးတယ်. . .၊ ပြီးတော့ သိပ်လည်းအားနာ. . ."

"ခိုင်ရယ်. . . ဘာတွေလျှောက်ပြောနေတာလဲ. . . မောင်က အားနာရမယ့်သူလား. . .၊ ပြီးတော့. . . ခိုင့်ကိုရော ဘာ့ကြောင့် စိတ်ဆိုးရမှာလဲ. . .၊ ပြောမှာသာ ပြောစမ်းပါကွယ်. . ."

"ဒီလိုပါမောင် ဒီနေ့တစ်နေ့လုံး အိမ်မှာ ခိုင်နဲ့မောင်အတူတူ ရှိနေခဲ့တယ်နော်. . .၊

မောင်ပြန်သွားပြီး၊ ခဏနေတော့ မေမေပြန်ရောက်လာတယ်၊ ချက်ချင်းပဲ. . .၊ သူ့အခန်းထဲက မှန်တင်ခုံအံဆွဲထဲထားခဲ့တဲ့ စိန်နားတောင်းတစ်ရံပျောက်လို့တဲ့ မောင်. . . အဲ့ဒါ. ."

"ရောက်တဲ့အချိန်ကနေ ပြန်အချိန်ထိ မောင်နှင့်ခိုင် အတူတူ ရှိနေတာမဟုတ်လား. . .၊ ခိုင်က မောင်ယူတယ်ထင်လို့လား"

"ဒီလိုတော့မပြောနဲ့မောင်၊ ခိုင်တို့ဘက်က စိတ်ချလက်ချရှိချင်လို့ မောင့်ဆီ ဖုန်းဆက်တာပါ. . ."

"မောင်လာတဲ့အကြောင်း ခိုင့်မေမေကိုပြောလိုက်သေးလားဟင်"

"မပြောသေးဘူးမောင်. . ."

"ခိုင့်မေမေက မောင့်ကို ကြည်တာမဟုတ်လို့ မပြောနဲ့နော် . . .၊ မောင်တို့နှစ်ယောက်ရဲ့ အချစ်ရေး အနှောင့်အယှက်ဖြစ်မှာစိုးရိမ်တယ်ခိုင်. . ."

"စိတ်ချပါမောင်ရယ်၊ မပြောပါဘူး. . ."

"ဒါထက် အဲ့ဒီနားတောင်းက ဘယ်လောက်တန်လို့လဲဟင်. . ."

"ငါးသိန်းကျော်လောက်တော့ တန်တယ်ပြောတာပဲ မောင် . . ."

"ခိုင်ကရော မောင့်အပေါ် သံသယကင်းရဲ့လားဟင်"

"မြူတစ်မှုန်စာတောင်မရှိပါဘူးကွယ်. . .၊ ဘာလဲ. . . မောင်စိတ်ဆိုးလို့လား. . ."

"စိတ်တော့မဆိုးပါဘူး ခိုင်ရယ်. . ."

"ကျွဲမြီးတော့ နည်းနည်းတိုတယ်ပေါ့လေ၊ ဟုတ်လား. . ."

"အင်း. . ."

"ဒါဆို. . . နောက်တစ်ခါတွေ့မှ ကျေနပ်အောင် တောင်းပန်ပါ့မယ်မောင်ရယ်. . . နော်. . . နော်. . ."

(နှစ်)

ကမ္ဘာအေးဘုရားလမ်းအတိုင်း ပြေးလွှားနေသော မာဇဒါ ဂျစ် အပြာလေးတစ်စီး. . .၊

ရဲတပ်ကြပ်ကြီးသာဆင့်က ကားလေးအား ရွှေတောင်ကြား ရပ်ကွက်အတွင်း ချိုးကွေ့ပြီး ခြံအမှတ် (---)အတွင်းသို့ ဝင်လိုက်၏။

ကွန်ကရစ်လမ်းအတိုင်း မောင်းလာပြီး ခေတ်မီနှစ်ထပ်တိုက် ကြီး၏ ဆင်ဝင်အောက်၌ ကားကိုရပ်လိုက်သည်. . .၊

ဗဟန်းစခန်းမှူး ရဲအုပ်စောသိန်းက နယ်ထိန်းအရာရှိ ဒုရဲ အုပ်ကံလှိုင်ကိုခေါ်ကာ ကားပေါ်မှ ဆင်းလိုက်သည်နှင့်. . .၊

တိုက်အဝင် သံဘာဂျာတံခါးဖွင့်လျက် ကြိုလင့်နေသူတို့ကို တွေ့လိုက်သည်. . .၊

အမှုလာရောက်တိုင်တန်းစဉ်က တွေ့ဆုံဖူးသဖြင့် စီးပွား

ရေးဆိုင်ရာ ဌာနတစ်ခု၏ ညွှန်ကြားရေးမှူး ဦးအောင်ဘုန်းညွှန့်နှင့် ဇနီး ဒေါ်မြင့်မြင့်စိုးတို့ဖြစ်ကြောင်း ချက်ချင်းမှတ်မိလိုက်သည်. . .။

ဦးအောင်ဘုန်းညွှန့်က ရဲအုပ်စောသိန်းနှင့်အဖွဲ့အား ဧည့်ခန်းတွင်းသို့ ခေါ်ဆောင်သွား၏။ ဧည့်ခန်းဝင်လျှင်ဝင်ချင်း အသက် (၂၀) ခန့် မိန်းမပျိုလေးတစ်ဦးအား မြင်လိုက်ရသည်။ သူမသည် လူစိမ်းဝင်လာ၍ တဟဲဟဲ မာန်ဖီနေသော အယ်လ်ဇေးရှင်းခွေးကြီးအား ထိန်းသိမ်းနေရ၏။

"သမီးရေ. . . ရန်လုံကို လှောင်အိမ်ထဲသွားထားလိုက်ပါကွယ်. . .၊ အဲ့ဒါ သမီးလေ၊ စောကျော့ခိုင်တဲ့၊ မနှစ်ကပဲ ကျောင်း ပြီးသွားတယ်"

ဦးအောင်ဘုန်းညွှန့်က သမီးဖြစ်သူကို ပြောရင်းရဲအုပ်စောသိန်းကိုပါ တစ်ဆက်တည်း ပြောလိုက်သည်. . .။

"ခွေးကြီးကတော့ လူစိမ်းအဝင်ခံမယ့်ကောင်မဟုတ်ဘူး အစ်ကိုကြီး၊ ခုတောင် တော်တော်ထိန်းနေရတယ်"

"ဟုတ်တယ် ကိုစောသိန်းရေ၊ ဒီကောင်ကြီးရှိလျက်နဲ့ ပစ္စည်းပျောက်တာမို့ စဉ်းစားရခက်နေတာပေါ့. . ."

သစ်လွင်ထည်ဝါသည့် နိုင်ငံခြားဖြစ်ပရိဘောဂတို့ဖြင့် တန်ဆာဆင်ထားသော ဧည့်ခန်း. . .၊

လှပသည့် ဆီဆေးပန်းချီကားချပ်ကြီးများ ချိတ်ဆွဲထားသည့်အပြင် မွေးပွကော်ဇော်ကြီးများကိုလည်း ခန်းလုံးပြည့်ခင်းထားလိုက်သေးသည်။

"ပျောက်ဆုံးရပုံကို ပြောပါဦးခင်ဗျာ. . ."

ရဲအုပ်စောသိန်းက မြန်မာပန်းချီကျော်တစ်ဦး၏လက်ရာ ကျွန်းသစ်လုံးကြီးအား နှာမောင်းဖြင့် တွန်းနေသည့် စွယ်စုံဆင်ကြီး ထံမှ အကြည့်ကိုရွှေ့၍ မေးလိုက်၏။

ဦးအောင်ဘုန်းညွန့်က ဇနီးဖြစ်သူအား ကြည့်၍ ခေါင်းညိတ်ပြလိုက်သည်. . .၊

"မနက်ပိုင်းဆိုရင် ကိုအုန်းက ရုံးသွားတော့ အစ်မကြီးနဲ့ သမီးခိုင်ပဲ အိမ်မှာကျန်ပါတယ်. . .၊ အိမ်ဖော်ကောင်မ ကလေးက သူ့အမေနေမကောင်းလို့ပြန်သွားတာ (၅)ရက် လောက်ရှိပါပြီ. . .၊ မနေ့ကတော့ ကိစ္စတစ်ခုကြောင့် အစ်မ ကြီး အပြင်သွားတယ်. . .၊ အိမ်မှာ သမီးခိုင်တစ်ယောက်ပဲ ကျန်ခဲ့တယ်. . .၊ ညနေ (၄)နာရီလောက်ပြန်ရောက်တော့ အပေါ်ထပ်အိပ်ခန်းမှန်တင်ခုံအံဆွဲထဲထည့်ခဲ့တဲ့ စိန်နား တောင်းတစ်ရံ ပျောက်နေတာကို သိရတာပါပဲကွယ်. . ."

"အံဆွဲထဲ ထည့်မိတာတော့ သေသေချာချာပေါ့နော် အစ် မကြီး"

"မနေ့က အပြင်မထွက်မီလေးတင် မှတ်မှတ်ရရထည့်ထား ခဲ့တာပါ"

ရဲအုပ်စောသိန်းက နားတောင်းထားသည့် နေရာအား ကြည့် လိုကြောင်းပြော၍ အားလုံး အပေါ်ထပ်တက်ခဲ့ကြသည်။

ဦးအောင်ဘုန်းညွန့်တို့ ဇနီးမောင်နှံ၏ အိပ်ခန်းကား ထည်ဝါ လှ၏။

နိုင်ငံခြားဖြစ် ဖဲမွေ့ယာကြီးအပြင် ရုပ်မြင်သံကြားစက်၊ တယ်

လီဖုန်း၊ ၇ အဝတ်အစားဗီရိုကြီးများနှင့် မှန်တင်ခုံကြီးကို စနစ်တကျ နေရာချထားသည်. . .။

ရေချိုးခန်းနှင့် အိမ်သာကလည်း အိပ်ခန်းနှင့် တစ်ဆက်တည်းပင်. . .။

ဒေါ်မြင့်မြင့်စိုးက နားတောင်းထည့်ထားသည်ဆိုသော မှန်တင်ခုံအံဆွဲကိုပြသည်. . .၊

ရဲအုပ်စောသိန်းက အိပ်ခန်းကို အသေးစိပ်လေ့လာ၏။

ပြီးလျှင် ပြတင်းပေါက်မှ အပြင်သို့လှမ်းမျှော်ကြည့်သည်။

တိုက်၏နောက်ပိုင်းအား ကာဆီးထားသကဲ့သို့ဖြစ်နေသော ကုန်းမြင့်ကြီးကို မြင်ရ၏။

ကုန်းမြင့်၏ ခပ်ဝေးဝေးတစ်နေရာတွင်ကား ဆောက်လက်စ အဆောက်အဦးအချို့ကို လှမ်းတွေ့နေရသည်. . .၊

တိုက်အောက်ခြေဆီ ငုံ့ကြည့်ပြန်၏။

မိမိရှိနေသော ပြတင်းပေါက်အနီးတွင်ရောက်လာသည့် ရေပိုက်လိုင်းအား တွေ့ရသည်. . .၊

ဤအိပ်ခန်းတွင်းသို့ ဝင်ရောက်နိုင်သည့်နေရာမှာ မိမိဝင်လာသော အိမ်အတွင်းမှ တံခါးနှင့် ဤပြတင်းပေါက်သာဖြစ်ကြောင်း သတိပြုမိ၏။

တိုက်နောက်ဘက်ကုန်းမြင့်ကြီးကြောင့် မျက်ကွယ်ဖြစ်နေသော်လည်း အဘယ်သူသည် နေ့ခင်းကြောင်တောင် ရေပိုက်မှ တွယ်တက်ဝံ့မည်နည်း. . .၊

တွယ်တက်ဝံ့သည်ဆိုက ဘယ်လိုလူစားနည်း. . .၊

တန်ဖိုးကြီးမားသော အခြားပစ္စည်းများအား အဘယ့်ကြောင့် မယူဆောင်သွားသနည်း. . .။

သူခိုးသည် အိမ်အတွင်းမှ ဝင်ခြင်းဖြစ်အံ့. . .။

ပိတ်ထားသော သံဘာဂျာတံခါး၊ အစွယ်ဖွေးဖွေး အယ်လ်ဖေးရှင်းခွေးကြီး . . .၊ အိမ်စောင့်ကျန်နေသော စောကျော့ခိုင်. . .၊

ထိုအရာများကို မည်သို့ ကျော်ဖြတ်ခဲ့သနည်း. . .၊

စောကျော့ခိုင်၏ သူငယ်ချင်း၊ မိတ်ဆွေ၊ ချစ်သူတစ်ဦးဦး လာမည်။ သူမက တံခါးကိုဖွင့်ပေးမည်။ ဧည့်ခန်းမှတစ်ဆင့် တနည်းနည်းဖြင့်အပေါ် ထပ်ရောက်သွားမည်. . . ထိုအခါ. . .

သူက စောကျော့ခိုင်အား မေးသည်။

"သူငယ်ချင်း၊ မိတ်ဆွေတစ်ဦးဦး လာသေးသလား"ဟု၊ သူမ ခေါင်းကို တွင်တွင်ရမ်း၏။

"ဘယ်သူမှ မလာ"ဟု ဘူးတစ်လုံးဆောင်၏။

ရဲအုပ်စောသိန်းနှင့်အဖွဲ့ စခန်းပြန်လာခဲ့သည်. . .၊ ဖြစ်နိုင်သမျှကို တွေးဆ၏။

နယ်ထိန်းအဖွဲ့နှင့်အတူ အချိန်အတန်ကြာသည့်တိုင် ဆွေးနွေးညှိနှိုင်းကြသည်. . .။

အရှုပ်ကြီးရှုပ်လျက်ရှိသော ချည်ခင်ထွေးကြီးအား ရှင်းလင်းရသကဲ့သို့. . .။

ခက်ခဲလှသော ပုစ္ဆာကြီးတစ်ပုဒ်၏ အဖြေမှန်ရရန် တွက်ဆရသကဲ့သို့ပင် ကြိုးပမ်းကြရ၏။

နောက်ဆုံးတွင်ကား. . .

လက်တွေ့ ဆောင်ရွက်ရန် အဆင့်(၂)ဆင့်သာရှိသည်ကို တွေ့ရှိလိုက်ကြ၏။

ရဲအုပ်စောသိန်း၏ စိတ်သန္တာန်၌ ကျေနပ်အားရမှုတို့ဖြင့် ရွှင်ပြကြည်လင်လျက်ရှိသည်. . .။

မကြာခင်အချိန်ပိုင်းမှာပင် ဤအမှုအား ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း အကြွင်းမဲ့ယုံကြည်လိုက်ပြီဖြစ်သောကြောင့်ပါတည်း။

## (သုံး)

"သမီးနာမည်က မစောကျော့ခိုင်နော်. . ."

"ဟုတ်ပါတယ်ဦး. . ."

"ဦးတို့ဟာ သမီးတို့မိသားစု ဆုံးရှုံးနစ်နာနေရတာကို ဖော်ထုတ်ပေးဖို့ သမီးတို့မိသားစုအတွက် စုံစမ်းမေးမြန်းနေတာ နားလည် ပါရဲ့လား. . ."

"ဟုတ်ကဲ့ သမီး နားလည်ပါတယ်. . ."

"ဒါဆိုရင် ဦးကို အကူအညီပေးပါ။ ဦးမေးတဲ့မေးခွန်းလေးတွေကို အမှန်အတိုင်းဖြေပေးပါ သမီး"

"ရှင်. . ."

"ဟုတ်ပါတယ်သမီး. . .၊ သမီးဆီကို ဘယ်မိတ်ဆွေမှ မလာဘူးဆိုတာ အမှန်ပဲလား. . ."

စောကျော့ခိုင်တစ်ယောက် တွေဝေသွားသည်။ ဖွေးဥသော ပါးပြင်၌ ပန်းနုရောင်တို့ ရုတ်ခြည်းယှက်ဖြာသွား၏။

အတန်ကြာ ခေါင်းငုံ့နှုတ်ဆိတ်နေရာမှ. . .

"သမီး အမှန်အတိုင်းပြောပါ့မယ်ဦး. . .၊ ဒါပေမယ့် သူ မယူဘူးဆိုတာတော့ အမှန်ပါဦးရယ်. . ."

"သူဆိုတာ ဘယ်သူလဲ သမီး. . ."

"သမီးရဲ့ ချစ်သူ၊ ကိုထက်အောင်ကျော်ပါ. . . မေမေအပြင် ထွက်သွားလို့ ခဏနေတော့ သူဖုန်းဆက်ပါတယ်။ စကား ပြောနေရင်း၊ အိမ်မှာ သမီးတစ်ယောက်တည်းရှိတဲ့ အကြောင်းသိသွားတော့ သူရောက်လာပါတယ်. . . ရန်လုံကို လှောင်အိမ်ထဲထည့်ထားပြီး၊ သမီးတို့ စကားပြောကြပါ တယ်။ ညနေ (၃)နာရီလောက်ကျ သူပြန်သွားပါတယ်ဦး"

"သမီးတို့ အပေါ်ထပ်ကို ရောက်သေးလား. . ."

"လုံးဝမရောက်တာပါဦးရယ်. . .၊ အောက်ထပ်ဧည့်ခန်းထဲ မှာပဲ စကားပြောကြတာပါ. . ."

"သမီးရဲ့အလစ်မှာ အပေါ်ထပ်ကို သူတက်သွားနိုင်မလား . . .၊ ဥပမာသမီးက စားသောက်စရာတစ်ခုခုသွားလုပ်နေ တဲ့အချိန်မျိုးမှာပေါ့. . ."

"မဖြစ်နိုင်ဘူးဦး၊ ဒီလောက်ထိ အချိန်မရနိုင်ပါဘူး. . .၊ ပြီးတော့ သူ့ရဲ့အကျင့်စာရိတ္တကလည်း ဒီလိုပဲဟော့ဟော့ရမ်း ရမ်းထဲကမဟုတ်ပါဘူး"

"သူအဖမ်းခံရမှာစိုးလို့ ကာကွယ်ပြောနေတာလား သမီး"

"မဟုတ်ပါဘူးဦးရယ်၊ အမှန်အတိုင်းသမီးပြောတာပါ၊ သူက နည်းနည်းနွမ်းပါးတော့ မေမေက သိပ်သဘောမကျဘူး။ သူလာတာသိရင် သူ့ကိုပဲ စွပ်စွဲတော့မှာမို့ သမီး အသိမပေး

ရဲဘူးဦး. . .၊ ဒါကြောင့်လည်း စောစောက ဦးကိုညာပြောမိတာပါ. . ."

"ကဲ ဒီကိစ္စနဲ့ပတ်သက်ပြီး သမီးရဲ့ချစ်သူအပေါ် ရာခိုင်နှုန်း ဘယ်လောက်ထိ စိတ်ချယုံကြည်မှုရှိလဲသမီး"

"သမီးကတော့ ရာခိုင်နှုန်းပြည့် ယုံကြည်တယ်ဦး. . ."

ရဲအုပ်စောသိန်းက ခေတ်မီသမီးပျိုတစ်ဦး၏ ရိုးသားဖြူစင်မှုနှင့် ပွင့်ပွင့်လင်းလင်းပြောဟန်လေးကို သဘောကျစွာဖြင့် ပြုံးသိုက်သည်။

"ကဲ ကျေးဇူးတင်ပါတယ်ကွယ်။ သမီးပြန်လို့ရပါပြီ"

စောကျော့ခိုင်က နှုတ်ဆက်ပြီး လှည့်ထွက်၏။

ရုံးခန်းဝရောက်တော့ နောက်ပြန်လှည့်သည်. . .၊

"ဦး. . . သူ့ကို ဖမ်းဦးမှာလားဟင်. . .၊"

ချစ်သူအတွက် စိုးရိမ်ကြောင့်ကြမှုမကင်းသော အမေး. . .

ရဲအုပ်စောသိန်းက ပြုံးရင်း ခေါင်းကို အသာယမ်းခါပြ၏။

"ကျေးဇူး. . . ကျေးဇူးပဲဦးရယ်"

လှိုက်လှိုက်လှဲလှဲအသံနှင့်

ဝမ်းမြောက်ပျော်ရွှင်ခြင်းတို့ဖြင့် လင်းလက်သွားသော သူမ၏မျက်နှာတို့သည်. . .၊

ချစ်ခြင်းမေတ္တာ၏နက်ရှိုင်းသိမ်မွေ့မှုတစ်ခုပင်ဖြစ်မည်ဟု ရဲအုပ်စောသိန်း ထင်မှတ်လိုက်ပါတော့သည်. . .။

## (လေး)

နယ်ထိန်းအရာရှိ ဒုရဲအုပ်ကံလှိုင်နှင့်တပ်ကြပ်စိုးမြင့်တို့က သံမဏိသေတ္တာ၏ အံဆွဲများထဲမှ ပြစ်မှု ၁၀၃(က)ပုံစံကတ်ပြားအချို့အား ထုတ်ယူလိုက်သည်။

ထို့နောက် ရဲအုပ်စောသိန်း စားပွဲပေါ်တင်ပြီး ခုံများ၌ ဝင်ထိုင်လိုက်၏။ ပြစ်မှု ၁၀၃(က)ပုံစံမှာ "လူဆိုး အညွှန်းမာတိကာစာချုပ်"ကို ခေါ်ခြင်းဖြစ်သည်။

၎င်းစာချုပ်၌ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်သူ လူဆိုးနှင့်သက်ဆိုင်သမျှ တစ်ဦးချင်းအလိုက် မှတ်တမ်းတင်ထား၏။

သူတို့ထုတ်ယူလာသော ကတ်ပြားများမှာ ခိုးမှုအမျိုးမျိုးနှင့် ဖောက်ထွင်းမှုကျူးလွန်တတ်သူ လူဆိုးတို့၏ ကတ်ပြားများသာတည်း။

ထိုကတ်ပြားများစွာထဲမှ ဒုစရိုက်သမားတစ်ဦးချင်းစီ၏ ပြစ်မှုကျူးလွန်ပုံ၊ အလေ့အထတို့ကို ဆန်းစစ်၏။

အချို့ထောင်ထဲမှာပင် ရှိသေးသည်. . .၊

အချို့ကျန်းမာရေးမကောင်း၊ အချို့ကျတော့ နောင်တရကာ လူကောင်းသူကောင်းဖြစ်နေကြပေပြီ။

ဒီကောင်တော့ မဖြစ်နိုင်. . .၊

ဒီကောင်လည်း မဟုတ်နိုင်. . .၊

လူဆိုးကတ်တွေကို တစ်ခုပြီးတစ်ခုစီစစ်၊ ပယ်ချ. .၊

နောက်ဆုံးတွင်ကား. . .၊

မကြာမီရက်အနည်းငယ်ကမှ ထောင်ကလွတ်လာသူ၊ ရေပိုက်မှတွယ်တက်၍ နေ့အချိန်ခိုးမှု ကျူးလွန်တတ်သူ "လှထွန်း"၏

ကတ်ကိုတွေ့ရှိလိုက်ကြသည်။

ရဲအုပ်စောသိန်းက နယ်ထိန်းအဖွဲ့အား လှထွန်းအကြောင်း စုံစမ်းရန် ညွှန်ကြားသည်။ နယ်ထိန်းအဖွဲ့ပြန်လာတော့ သတင်းတစ်ခု ပါလာ၏။

"အခင်းဖြစ်နေ့က လှထွန်းနှင့်လူစိမ်းတစ်ယောက် ရွှေတောင်ကြားထဲ၌ လမ်းသလားနေခြင်းကို မြင်လိုက်သည်" ဆိုသော သတင်း. . .!

ဒုစရိုက်သမား အချင်းချင်း၊ တစ်ယောက်လှုပ်ရှားမှုတစ်ယောက်က သိနေတတ်၏။ မြွေမြွေချင်းတော့ ခြေမြင်ကြသည်မဟုတ်ပါလား။

သို့သော်. . .

လှထွန်းနှင့်တွဲလာသော လူစိမ်းကိုတော့ မမြင်ဘူး။ မသိဘူးဟု သတင်းပေးက ဆို၏။

"လှထွန်းလိုကောင်မျိုး ရွှေတောင်ကြားထဲ ခြေများခြင်းဟာ ကောင်းတဲ့ ကိစ္စမဖြစ်နိုင်ဘူး. . ."

"ထောင်ထဲမှာဆုံခဲ့တဲ့ တစ်နယ်ကကောင်ကို ခေါ်လာတာ ဖြစ်မယ်"

ရဲအုပ်စောသိန်းနှင့် နယ်ထိန်းအဖွဲ့က ထိုသို့ သုံးသပ်ပြီး၊ လှထွန်းအား ချက်ချင်းသွားရောက်ဖမ်းဆီးလိုက်တော့သည်။ လူမိုက်ပါးမဝသေးသူ ဒုစရိုက်သမားအချို့က မိမိရင်ဆိုင်နေရသော ရဲအား မဲည်သို့သောရဲဆိုသည်ကို မလေ့လာ၊ မစဉ်းစား၊

ငြင်းဖို့၊ လိမ်ဖို့၊ လှည့်ပတ်ဖို့သာ အားထုတ်၏။

ရင်ဆိုင်နေရသောရဲမှာ အရည်အချင်းပြည့်ဝသူတစ်ဦးဖြစ်နေပါက မအူမလည်လူမိုက်ခမျာ . . .

စေ့စေ့စပ်စပ်ရှာဖွေထားသော သဲလွန်စများ . . .၊

ယထာဘူတကျသော၊ သုံးသပ်ချက်များ . . .၊

မငြင်းကွယ်နိုင်သော မေးခွန်းများကြောင့် ကြိုးစားပမ်းစား၊ လိမ်လည်လှည့်ပတ်သမျှ အလဟဿဖြစ်ရသည်။

လှထွန်းကတော့ လူမိုက်ပါးဝနေပြီ၊

လည်သည်ဟုပင်ဆိုရမည်၊

သူနှင့် ရဲအုပ်စောသိန်းကလည်း ရင်ဆိုင်ဖူးပြီးပြီ . . .၊

နှစ်ကြိမ်တိုင်တိုင် လိမ်ညာဖို့ ပတ်ဖို့ ကြိုးစားခဲ့ပြီးပြီ . . .၊

အဆုံးတွင်တော့-

သူသာ အရှုံးပေးလိုက်ရမြဲ၊ အင်းစိန်အုတ်ရိုးဝင်းထဲ ဝင်သွားရစမြဲ . . .၊

ရဲအုပ်စောသိန်းကဲ့သို့သော ရဲအရာရှိအား ငေ့လည်ကြောင်ပတ်လုပ်၍ မရမှန်းသူယုံကြည်ပြီးသား သဘောပေါက်ပြီးသား

ထို့ကြောင့် ချက်ချင်းဝန်ခံ၏။

ဟုတ်ပါသည်၊ မှန်ပါသည်။

သူနှင့် ထောင်ထဲမှာ သိကျွမ်းခဲ့သော ဖောက်ထွင်းဝိဇ္ဇာ "မိုးကြီး" တို့နှစ်ယောက် ရွှေတောင်ကြားကို ရောက်သည်။

နှစ်ထပ်တိုက်တစ်လုံး၏နောက်ဖေး၌ ကပ်မိသည်။

လူရိပ်လူ့ကဲကြည့်တော့ ဧည့်ခန်းထဲ၌ ချစ်သူနှစ်ဦးကို တွေ့ရ၏။

သို့သော် ကိစ္စမရှိ။ သူတို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေခြင်းမို့ ဘယ်သူ့မှ မြင်မည်မဟုတ်၊ လှထွန်းက မိုးကြီးကို အပေါ်ထပ်တက်ခိုင်းသည်။ ဖွင့်ထားသော ပြတင်းပေါက်တစ်ခုကို ညွှန်ပြသည်။

သေတ္တာတွေ၊ ဗီရိုတွေ၊ ဖွင့်ရဖျက်ရမည်ဆိုလျှင် မိုးကြီးသာ တတ်စွမ်းသည်မဟုတ်ပါလား။

သူကတော့ အောက်ကပဲ လူကြည့်ပေး၏။ ခဏနေတော့ "မိုးကြီး"ပြန်ဆင်းလာ၏။

"ဘာမှမရှိပါဘူးကွာ. . "ဆိုသဖြင့် သူတို့ပြန်လာခဲ့ကြသည်။

လှထွန်း၏အစစ်ခံချက်က ဤမျှသာ. . .

စိန်နားတောင်းကို သူတို့ မယူခဲ့ပါဟုဆိုသည်။

အမျိုးမျိုးကျိန်တွယ်ပြော၏။

"မိုးကြီး ဖျံကျတာမဖြစ်နိုင်ဘူးလား"ဟုမေးတော့ တွင်တွင်ခေါင်းခါ၏။

"မဖြစ်နိုင်ဘူးဆရာ၊ ကျွန်တော့်ကို ဖျံကျရဲမှာမဟုတ်ဘူး"

ဟုတ်တော့လည်း ဟုတ်သည်။

လှထွန်းကလည်း ဖျံပဲလေ. . .၊ လက်ယဉ်သည့်အပြင် တပည့်တပန်းလည်း ပေါသဖြင့် သူ့အပေါ်ကျော်ရဲသူမရှိ။

လှထွန်းကသာ၊ သူ့အပေါ်ဖျံကျရဲမည်မဟုတ်ဟုဆိုနေသော်လည်း ရဲအုပ်စောသိန်းကတော့ လှထွန်းတစ်ယောက်ဖျံကျခံလိုက်ရပြီဟု တွက်ဆလိုက်သည်။

လှထွန်း၏ အစစ်ခံချက်ကြောင့် (လှိုင်သာယာ)မြို့သစ်နေ မိုးကြီးအား ဖမ်း၍စစ်ဆေး၏။

ထိုအခါမှ သာ. . .

သူသည် ရေနစ်ဖျံတစ်ကောင်ဖြစ်နေမှန်း လှထွန်းခမျာ တိတိ ပပ သိလိုက်ရရှာလေတော့သတည်း။

(ငါး)

"(--)မြို့မှာ သိန်းသုံးဆယ်လောက်ရှိတဲ့ စိန်တွေခိုးမှုနှင့် ကျွန်တော် ထောင်ကျသွားပါတယ်။ ထောင်ထဲမှာ လှထွန်းနဲ့ တွေ့ပြီး၊ လွတ်ရင် အတူတွဲလုပ်ဖို့ တိုင်ပင်ထားတယ်. . .။ အဲ့ဒီနေ့က ရေပိုက်ကတွယ်ပြီး အပေါ်ထပ်တက်သွားတယ်။ ပြတင်းပေါက်ကဝင်လိုက်တာနဲ့ အိပ်ခန်းကျယ်ကြီးတစ်ခန်း ထဲ ရောက်သွားပါတယ်။ မှန်တင်ခုံရဲ့အံဆွဲတစ်ခုကို ဖွင့် အကြည့်မှာ စိန်နားတောင်းကိုတွေ့လိုက်ရပါတယ်။ ကျွန်တော်က စိန်စပါယ်ရှယ်လစ်ဆိုတော့ မြင်တာနှင့် တန် ဖိုးကို တန်းသိတယ်။ ထောင်ကလွတ်ကာစ ရှားရှားပါးပါးဖြစ်နေတဲ့ ကျွန်တော့်အ ဖို့ ရတနာပုံဆိုက်သလိုပါပဲ။ လောဘဇောက ဖိစီးလာတော့ လှထွန်းကိုလည်း ခွဲမပေး ချင်တော့ဘူး။ နားတောင်းကို အတွင်းအိတ်ကပ်ထဲထည့်၊ ချက်ချင်းပြန်ဆင်းတယ်။ လှထွန်းကိုတော့ ဘာမှမတွေ့ဘူး လို့ ညာလိုက်ပါတယ်. . .။

ကျွန်တော်တို့ပြန်လာတော့၊ အောက်ထပ်က ချစ်သူနှစ်ဦး၊ စကားလက်ဆုံကျနေတုန်း၊ ကြည်နူးနေကြတုန်းပါပဲ. . . ”

မိုးကြီးက ဝန်ခံချက်အရှည်ကြီးကို ရပ်နားလိုက်၏။

သူရောင်းချထားသော စမ်းချောင်းရှိ စိန်ရွှေရတနာဆိုင်မှ မူလပကတိအတိုင်းပင် စိန်နားထောင်းအား ပြန်သိမ်းရသည်။

လှထွန်းကား “တက်”တခေါက်ခေါက်. . ။

သူ့လိုဖျံကို ဖျံကျသည့်အတွက် မခံချိမခံသာ ဖြစ်မဆုံး။

ပို၍ ဒေါသဖြစ်ရသည်က. . . သူပါ မိုးကြီးနှင့်လက်တွဲ၍ ထောင်တွင်းဝင်ခဲ့ရခြင်းပါ။

အမှန်စင်စစ်မူ. . .

ဒုစရိုက်လောက၌ မည်မျှကျွမ်းကျင်လိမ္မာသော ဖျံတွေဖြစ်ပါစေ. . .

အဆုံးတစ်နေ့တွင်. . .

အမှန်တရား၏ ဥပဒေ ရေအလျင်ဝယ် စုံးစုံးမြုပ်ကာ ရေနစ်ဖျံများအဖြစ်ဖြင့် ဘဝနိဂုံးသတ်ကြရမည်ကို အသိတရားမှ ရပါလေစ. . .

ရပါလေစဟုသာ တွေးတောရင်း. . .

ရဲအုပ်စောသိန်းတစ်ယောက် “ဖျံ”ဆိုသူများအပေါ်တွင် ကရုဏာသက်မိပါတော့သတည်း. . .။

# သုံးချက်ပြတ်ဇာတ်သိမ်း

## (တစ်)

"ရွာမပြန်ပါနဲ့လား ညီမောင်၊ ညဉ့်နက်နေပြီ ငါစိတ်မချဘူး"

"ရပါတယ်ကွာ သွားနေကျပဲဟာ"

ညီမောင်က ပုဆိုးတစ်ထည်ကို ခေါင်းမှစွပ်ကာ ကွင်းသိုင်း၏ ဝါးဖတ်ခမောက်ကို ဆောင်းကာ မေးသိုင်းကြိုးအား မလျော့မတင်းဆွဲချည်၏။ ပြီးသည်နှင့် တဲကြမ်းခင်းတစ်ဖက်စွန်းက ဌက်ကြီးတောင်ကို လှမ်းယူလိုက်သည်။

"တောဝက်တွေ လာမှာမဟုတ်တော့ပါဘူး။ မင်းလည်းပြန်လိုက်ခဲ့ပါလား"

စံရွှေက ခေါင်းယမ်းပြရင်း-

"လာချင်လာနိုင်သေးတယ်ကွ၊ ငါတော့ စောင့်ကြည့်ဦးမယ်"

"ကဲ ဒါဆိုလည်း ငါသွားပြီတော့"

နှုတ်ဆက်ရင်း ညီမောင် တဲတံစက်မြိတ်ကို ငုံ့၍ထွက်လိုက်သည်။

အပြင်ဘက်မှာ အင်အားကောင်းစွာ ထွန်းပနေသော အလင်းရောင်ကိုတွေ့ရ၏။ လပြည့်ခဲ့သည်မှာ မကြာသေး၍ လရောင်က ထိန်ထိန်သာနေသည်။

ညီမောင် လယ်တဲကို ကျောခိုင်းလိုက်၏။ ရွာဘက်သို့ ဦးတည်နေသော ခြေလှမ်းတွေကို မြန်မြန်သုတ်သုတ် သူလှမ်း၏။

ရိုးမတောင်ခြေရှိ သူ့ယာတဲနှင့် ရွာကငါးမိုင်သာသာလောက်ဝေးသည်။ ကြားမှာ ခင်တန်းတောလေးတစ်ခုနှင့် ချောင်းတစ်ချောင်းကို ဖြတ်ရသေး၏။ ချောင်းလွန်လျှင်တော့ ရွာအရောက် လူသွားတာလမ်းမအတိုင်းလျှောက်သွားရုံပဲဖြစ်သည်။

ချောင်းကလည်း မိုးရာသီမှာသာ ကမ်းပြည့်ကမ်းလျှံဒေါမာန်ထတတ်သော တောင်ကျချောင်း။ သည်လိုနွေဦးရာသီဆိုလျှင် ကမ်းပါးနှင့်သောင်ပြင်ကြားက လူတစ်ခုန်စာ ရေစီးကြောင်းလေးသာကျန်တတ်၏။

ပြီးတော့ သည်လမ်းပေါ်မှာ အခေါက်ပေါင်းများစွာ သူလျှောက်ခဲ့ပြီးပြီ၊ သည်ခရီးကို မျက်စိမှိတ်သွားလျှင်ပင် ရွာကို ခလုပ်မထိဘဲရောက်နိုင်သည်။

လရောင်ကလည်း ထင်းထင်းကြီးလင်းနေသည့်အတွက် မြွေပါး၊ ကင်းပါးကအစ စိုးရိမ်ရန်မရှိပါ။ လမ်းခရီးတစ်လျှောက်လုံး သူ့ကို အန္တရာယ်ပြုနိုင်သည့် ရန်တစ်စုံတစ်စီကိုမျှ စိုးရိမ်စရာမရှိပါချေ။

သို့သော် ညကြီးမင်းကြီး တောခရီးမှပင် ရွာသို့မဖြစ်မနေပြန်

ဖို့ လှုံ့ဆော်တိုက်တွန်းနေသော စိုးရိမ်စိတ်တစ်ခုတော့ ညီမောင်ရင်ထဲမှာ ရှုပ်ရှုပ်ထွေးထွေးအမြစ်တွယ်လျက်ရှိသည်။ ထိုစိုးရိမ်စိတ်ကား သူ့ဇနီး မြရီနှင့် နွယ်သော စိုးရိမ်စိတ်ပင်ဖြစ်ပါသည်။

"ငါကြားတဲ့ သတင်းတွေ မှားပါစေလို့ ငါဆုတောင်းပါတယ် မြရီ"

တီးတိုးရေရွတ်နေစဉ်အခိုက်မှာပင် လူတစ်ယောက်၏ ခွံ့ရှာဖွယ်မျက်နှာက သူ့အာရုံထဲ တိုးဝင်လာသည်။

"တောက်"

ကျယ်လောင်တင်းမာသော ညီမောင်၏ 'တောက်'ခေါက်သံကြောင့် ညဉ့်ငှက်တစ်ကောင် အလန့်တကြား ထပျံသွား၏။

"သတင်းသာမှန်ရင်တော့ မင်းကို အရှင်မထားဘူးဟေ့"

ဒေါသစိတ်ထန်ပြင်းမှုကြောင့် လက်ထဲက ငှက်ကြီးတောင်ကိုပင် တဆဆ လုပ်နေမိသည်။

တောတန်းကို လွန်၍ ချောင်းကမ်းပါးထိပ် ရောက်လာ၏။ သူက ကမ်းပါးအတိုင်း တစ်ဟုန်ထိုးပြေးဆင်း၊ ချောင်းရေစီးကိုပါ ခုန်ကျော်၍ သောင်ပြင်အတိုင်း ပြေးသွားသည်။ တာလမ်းမပေါ် တက်မိမှ သူကိုယ်ရှိန်သပ်လိုက်၏။

ဟိုးအဝေးလရောင်အောက်မှာ သူ့ရွာအုပ်အုပ်ကို တွေ့နေရပြီ။ သူ့အိမ်က ရွာလယ်ပိုင်းမှာ ရှိသည်။ ခုချိန်ဆို မြရီ အိပ်မောကျနေပြီလား။ ဘာလုပ်နေမည်လဲ။ သူမန်ဘေးမှာ ဟိုကောင်ရောက်နေလေမလား။

ညီမောင် ရှေ့တည့်တည့်လေထဲကို ငှက်ကြီးတောင်နှင့် ဘယ်

ပြန်ညာပြန် ပိုင်းချလိုက်၏။

ငှက်ကြီးတောင်က ဝှစ်ခနဲ ဝှစ်ခနဲမြည်ရင်း လရောင်အောက်မှာ လက်လက်ထသွား။ ကိုင်းပင်ရှည်အချို့ ခေါင်းပြတ်ကျကြ။

ညအကာလက လရောင်ရွှန်းမြနေပေမယ့် သာယာလှပမှုမရှိ၊ ခက်ထန်သောမျက်နှာဖြင့် တစ်ဒင်္ဂ ရူးသွပ်သွားသူ ညီမောင်၏အပြုအမူ တွေကို မြင်ရသည်မှာ ရင်တုန်ထိတ်လန့်စရာကောင်းလှ၏။

ရွာနှင့် နီးလာလေ သူ့ခြေလှမ်းတွေက ပို၍မြန်ဆန်သွက်လက်လာလေဖြစ်သည်။ လွန်ခဲ့သည့်ရက်အနည်းငယ်က မမျှော်လင့်သော သတင်းတစ်ခုသူကြားခဲ့ရ၏။ သူ့မိန်းမ မြရီနှင့်ရွာတောင်ဖျားက ဖဲသမားသိန်းဆောင်၏သတင်း။

ကြားစက သူ့တစ်ကိုယ်လုံး ထူပူသွားသည်။ ခြေမကိုင်မိ၊ လက်မကိုင်မိပင်ဖြစ်ခဲ့ရသည်။ မြရီကိုဖွင့်မေးဖို့အကြိမ်ကြိမ်ကြံသေးသော်လည်း မမေးဖြစ်။ မြရီ စိတ်ဆင်းရဲသွားမှာစိုးသောကြောင့် ဖြစ်သည်။

သူ မြရီကို ချစ်သည်။ ဘာပဲဖြစ်ဖြစ်လည်း ချစ်နေဦးမည်။ သူ့ထက် အသက်ဆယ်နှစ်တိတိ ငယ်ရွယ်သူဖြစ်၍လည်း နားလည်စိတ်ဖြင့် မြရီကို သူခွင့်လွှတ်နေဦးမည်။

ဒါက မြရီအပေါ်ထားရှိသော ညီမောင်၏မေတ္တာဖြစ်သည်။ သို့သော် လူ့စိတ်သဘာဝကလည်း ခက်၏။ ဘာပဲဖြစ်ဖြစ် ခွင့်လွှတ်နိုင်တယ်ဆိုသော လူရိုးလူအေးကြီး ညီမောင်မျောက်မီးခဲကိုင်မိသလို နေမထိထိုင်မသာဖြစ်ရ၏။ သတင်းကြားသည့်နေ့ကစ၍ ယာခင်းကို

ပင် ညဥ့်အိပ်ညဥ့်နေ မသွားခဲ့။

သည်နေ့တော့ မသွားမဖြစ်သည့်အကြောင်းက ပေါ်လာသည်။ ထို့ကြောင့် သွားခဲ့ရခြင်းဖြစ်သည်။

သို့သော် သူမနေနိုင်။ မြရီနှင့် သိန်းဆောင်တို့၏ မျက်နှာတွေကိုချည်း မျက်လုံးထဲမှာ မြင်နေသည်။ ထို့ကြောင့်လည်း စံရွှေကိုထားရစ်ကာ တစ်ယောက်တည်းရွာပြန်လာခဲ့ခြင်းပင်ဖြစ်သည်။

ယာခင်းဖျက်သော တောဝက်ထက်၊ လူ့တိရစ္ဆာန်တစ်ကောင်၏ ဖျက်ဆီးမှုကြောင့် သူနှင့်မြရီတို့၏ ဘဝလေးယိုင်လဲပြိုကျသွားမှာကို သူစိုးရိမ်ပူပန်ခဲ့နေမိ၏။

မြရီကမူ ညီမောင့်လို မဟုတ်။ အိမ်ထောင်ရေးကို ပေါ့ပေါ့တန်တန် သဘောထားသူ၊ မေတ္တာတရားကို တန်ဖိုးမထားတတ်သူ။ အပျော်ကြိုက်၊ အမြှောက်ကြိုက်၊ သာယာမှုနောက် လိုက်တတ်သူဖြစ်သည်။

စားနေကျ ကြောင်ဖားသိန်းဆောင်က သည်အထာကိုသိ၏။ အညှာကို ကိုင်တတ်၏။ သည်လိုနှင့် မြရီတစ်ယောက် သိန်းဆောင်ရင်ခွင်ထဲ ကြွေကျသွားခြင်းဖြစ်၏။

ညီမောင် ယာထဲညအိပ်သွားသည်ကို မြရီအကြောင်းကြား၍ သိန်းဆောင်သိ၏။ လူခြေတိတ်တော့ မြရီဆီကို သွား၏။ မြရီက အသင့်စောင့်ကြိုနေသည်။ ထို့နောက် တူစုံတွဲကာ ချစ်ပွဲဝင်ခဲ့ကြသည်။ ခုချိန်မှာတော့ သူတို့နှစ်ယောက်စလုံးလည်ချင်းယှက်၍ အိပ်မောကျနေကြပေပြီ။

ရွှန်းမြသော အလင်းရောင်ရုတ်တရက် မှောင်ကျသွားသည်။

အလည်လွန် တိမ်တစ်အုပ်က လမင်းကြီး၏ရှေ့မှ ခပ်ဖြည်းဖြည်း
လေး ဖြတ်နေခဲ့၏။

တိမ်တွေ လွန်သွားမှ လရောင်က ထင်းခနဲပြန်ကျလာ၏။

ထိုအချိန်မှာတော့ ညီမောင်တစ်ယောက် သူ့အိမ်ခြံဝသို့
ရောက်ရှိလာပြီဖြစ်ပါသည်။

## (နှစ်)

"ကိုညီမောင့်အခြေအနေက သေလောက်တဲ့အတွက် သေ
ဆုံးနိုင်တယ်လို့ မြို့နယ်ဆရာဝန်ကြီးက အကြောင်းကြားပါတယ် ဗိုလ်
ကြီး"

"၃၀၂ ပြောင်းရတော့မယ်နဲ့တူတယ်"

စခန်းမှူးမော်တင် စိတ်မသက်သာစွာဖြင့် လေပူတစ်ချက်
မှုတ်ထုတ်လိုက်သည်။

သူ့စိတ်တွေ လေးလံရခြင်းမှာ ချွန်ထက်သောလက်နက်ဖြင့်
အိမ်ပြင်းအထန် နာကျင်စေမှုပုဒ်မ ၃၂၆ ဖွင့်ထားရာက လူသတ်မှု
ပုဒ်မသို့ ပြောင်းကာအမှုကြီးတစ်မှုတက်မည်စိုးသောကြောင့်မဟုတ်
ပါ။ ...တော့

မကြွေသင့်၊ မကြွေထိုက်သေးပါဘဲ လူ့လောကထဲမှ ...
ယောက် ကြွေလွင့်သွားရရှာတော့မည်ကို စာနာသနားမိသွား အသင့်
ဖြစ်ပါသည်။ ...ူသိသမျှ ဒဏ်

သန်းခေါင်ကျော် တစ်နာရီခွဲလောက်က အကို့အား ဖုန်းဖြင့်
မင်းလမ်းရွာမှ အမှုတိုင်သူတွေ ရောက်လာ၏။ ဝမ်းဗိုု...

ဒဏ်ရာတစ်ချက်ရထားသည့် လူနာတစ်ယောက်လည်းပါလာသည်။

လူနာ၏အမည်က ကိုညီမောင်၊ ယာခင်းဝင်ပြီး တူးဆွဖျက်ဆီးသော တောဝက်တွေကို ခြောက်လှန့်ပစ်ခတ်ဖို့ သွားတဲ့ ညီမောင်။

ညတစ်ဝက်တစ်ပျက်ပြန်အလာ သူ့မိန်းမမြရီနှင့် သိန်းဆောင်တို့ အတူအိပ်နေကြသည်ကို တွေ့ရ၏။

ဒေါသကို မထိန်းနိုင်သောကြောင့် သိန်းဆောင်၏ ဦးခေါင်းကို ငှက်ကြီးတောင်ဖြင့် ခုတ်ချလိုက်သည်။ ဖြစ်ချင်တော့ ဓားက ရည်မှန်းရာကို မထိ။ သိန်းဆောင်ဦးခေါင်းအနီးက သစ်သားဆင့်ကို သာခုတ်မိ၏။

ဝုန်းခနဲအသံကြောင့် သိန်းဆောင်လန့်နိုးပြီး အသင့်ပါလာသော ဓားမြှောင်ဖြင့် ထိုး၍ညီမောင့်ဝမ်းဗိုက်မှာ ဒဏ်ရာရခြင်းဖြစ်သည်။

အခင်းဖြစ်ချိန်က ည ၁၀ နာရီ၊ ရဲစခန်းရောက်လာတော့ ညနာရီပြန်တစ်ချက်ခွဲ ရှိနေပြီ။ ဒဏ်ရာကို ပုဆိုးဟောင်းတစ်ထည် စည်းနှောင်ထားခြင်းမှအပ မည်သည့်ကုသမှုမျှ မပြုလုပ်နိုင်ခဲ့။

စခန်းမှူးမော်တင် သွေးတွေ ရွှဲနစ်နေသည့် ပုဆိုးဟောင်းကို သိန်းဆော ဒဏ်ရာအနေအထားကို ကြည့်၏။

သင့်စောင့်ဂ ... အရှည် ၂ လက်မခန့်ထိုးသွင်း ဒဏ်ရာတစ်ချက်၊ ဒဏ်ရာဝ ခုချိန်မှာတော့ ရပြားစေ့၍ ပိတ်နေသော်လည်း သွေးတွေက တစိမ့်စိမ့် တျနေကြပေပြီ။ သွေးနံ့နှင့်အတူ ခပ်ပုပ်ပုပ်အနံ့တစ်ခုကိုပါ သူသတိပြု

ရွှန်းမြသေ ... မစင်နံ့။

... င်းကလီစာပါ ထိထားတယ်။ လူနာအတွက် သိပ်အ

ရေးကြီးနေပြီ၊ ဆေးရုံသာ မြန်မြန်ပို့လိုက်တော့"

အမှုဖွင့်တိုင်ကြားခြင်းကို အမြန်လက်စသပ်လိုက်ပြီး ဆေးရုံပို့ခိုင်းလိုက်ရသည်။

ကိုညီမောင်ပင် ကံဆိုးချင်နေ၍ပဲလား မသိ။ တိုက်နယ်ဆေးရုံမှာ ဆရာဝန်က မရှိ၊ ခွင့်သွားနေသည်။ ထို့ကြောင့် ဖြူးဆေးရုံသို့ ဆက်ပို့ရဦးမည်။ သည်အဖြေသိရသောအချိန်ကပင် နံနက်သုံးနာရီ ထိုးတော့မည်။

ကညွတ်ကွင်းနှင့် ဖြူး ၁၀ မိုင်ခရီးပေမယ့် သည်ဒဏ်ရာကြီးနှင့် သည်လူနာကို သည်နွားလှည်းနှင့် ပို့၍မဖြစ်တော့။ လူနာရှင်တွေ ခေါင်းချင်းဆိုင်ကြတာကို မကြည့်သော်လည်း မြင်နေရ၏။

လူနာတင်ရန် ကားငှားဖို့ တိုင်ပင်နေကြတာဟု သူအလိုလိုသိမိ၏။ အချို့ခေါင်းယမ်းခါနေသည်ကို တွေ့ရသည်။ မည်သူ့ဆီက ထွက်လာမှန်းမသိသော သက်ပြင်းချသံလေးလေးကြီးကိုလည်း ကြားဖြစ်အောင်ကြားလိုက်သေးသည်။

မည်သို့ပင်ဖြစ်စေ ခရီးသည်တင်ကားလေးတစ်စီးကိုတော့ သူတို့ငှားနိုင်ခဲ့ပါသည်။

ထိုအချိန်မှာတော့ မိုးစင်စင်လင်းနေပြီ ဖြစ်ပါသည်။

ညီမောင်အတွက် သူလုပ်ပေးနိုင်သည့် အလုပ်တစ်ခုကိုတော့ စခန်းမှူးမော်တင် လုပ်ပေးခဲ့ပါသေးသည်။

ထိုအလုပ်ကား ဖြူးဆေးရုံတာဝန်ကျဆရာဝန်များ အသင့်ပြင်ဆင်ထားနိုင်ဖို့ လူနာရောက်လာမည်ဖြစ်ကြောင်း သူသိသမျှ ဒဏ်ရာအနေအထားနှင့် ညီမောင်၏ သွေးအမျိုးအစားတို့အား ဖုန်းဖြင့်

ကြိုတင်ပြောကြားပေးခြင်းပင်ဖြစ်ပါသည်။

ယခု ဆေးရုံလိုက်ပို့သူ ရဲတပ်ဖွဲ့ဝင် ပြန်ရောက်လာပြီး ညီမောင်သေဆုံးနိုင်ကြောင်း မြို့နယ်ဆရာဝန်ထံမှ အကြောင်းကြားချက်ပါလာသည်။

သည်အမှုမှာ ညီမောင်က နစ်နာသူတရာလို၊ ပြီးတော့ အဓိက အကျဆုံး သက်သေနံပါတ်တစ်။

အမှုတရားခွင် မရောက်မီ သူသေဆုံးသွား၍ သက်သေအစစ်မခံနိုင်လျှင် အမှန်တရား ရှာဖွေရာမှာ အားနည်းနိုင်သည်။ အခြေအနေဆိုးရွားစွာ အမှုပျက်ပြားသွားနိုင်သည်။ စခန်းမှူးမော်တင်သည်လိုဖြစ်သွားမှာ မလိုလား။ ထို့ကြောင့် သေခါနီးအစစ်ခံချက်ယူပေးဖို့ မြို့နယ်တရားသူကြီး ဥက္ကဋ္ဌထံမေတ္တာရပ်ခံ အကြောင်းကြားစာရေးရ၏။

(လူတစ်ဦးတစ်ယောက် ဆေးရုံတွင် ဒဏ်ရာကြောင့် သေလိမ့်မည်ဟု ဆရာဝန်က စိုးရိမ်သည့်အခါ ဆရာဝန်၏ အကြောင်းကြားစာအရ ရာဇဝတ်တရားသူကြီးက သွားရောက်ရေးမှတ်ယူသည့် အစစ်ခံချက်ကို သေခါနီး အစစ်ခံချက်ဟု ခေါ်သည်။ ကျင့်ထုံး ၁၆၄ အရ ဖြစ်သည်။

ဒဏ်ရာရသူကို ကျမ်းတိုက်၍ သက်သေစစ်နည်းအတိုင်း စစ်ရ၏။ တရားခံဖမ်းပြီးရှိလျှင် တရားခံရှေ့တွင် စစ်ရသည်။ တရားခံက ပြန်လှန်မေးခွန်းထုတ်ရသည်။ ပြီးဆုံးသောအခါ ဖတ်ပြပြီး ထွက်ဆိုသူနှင့် တရားသူကြီးတို့ လက်မှတ်ထိုးရ၏။ အသေးမှုဖွင့်ရ၏။

ထွက်ဆိုသူ သေဆုံးပါက ထိုသေခါနီးအစစ်ခံချက်အမှုတွဲ

ကို သက်သေခံအက်ဥပဒေပုဒ်မအရ သက်သေခံတင်ရ၏။ ရေးမှတ်သူ တရားသူကြီးကို သက်သေအဖြစ် စစ်ရန်မလို။ ထိုအမှုတွဲမှာ ကျင့်ထုံး ၁၆၄ နှင့် တိကျစွာ မညီညွတ်မှ ရေးမှတ်သူတရားသူကြီးကို သက်သေအဖြစ် စစ်ရ၏။

ကျင့်ထုံး ၁၆၄ အရ ထွက်ဆိုချက်ကို သက်သေများကသာ ပေးလေ့ရှိသော်လည်း တရားခံကလည်း ပေးနိုင်၏)

နံနက် ၈ နာရီမှာတော့ စခန်းမှူးမော်တင် မကြားလိုသောသတင်းက ဖုန်းဖြင့် ရောက်လာသည်။

မြို့နယ်တရားသူကြီး ဥက္ကဋ္ဌဦးမှတ်မှ သေခါနီးအစစ်ခံချက်ယူအပြီး ၄၅ မိနစ်အကြာမှာပင် ညီမောင် သေဆုံးသွားခဲ့ကြောင်း ဖြူးဆေးရုံမှ တာဝန်ကျဆရာဝန်က အကြောင်းကြား၏။

စခန်းမှူးမော်တင် ပြစ်မှုပုဒ်မ ၃၂၆ မှ ၃၀၂ သို့ပြောင်း၍ စစ်ဆေးပြီး အမှုကြီး အမှတ် (၁/၈၄)အဖြစ် သတ်မှတ်ပေးလိုက်သည်။

ထို့နောက်တွင်တော့ အခင်းဖြစ်စစ်ဆေးရန်နှင့် လူသတ်တရားခံဖမ်းဆီးရန် တပ်ကြပ်သန်းဆောင်၊ ဒုတပ်ကြပ် အောင်သိန်း၊ တပ်သားမြင့်စိုး၊ ကျော်စိုးမင်းတို့နှင့်အတူ စခန်းမှ ထွက်ခွာခဲ့ပါတော့သည်။

(သုံး)

မမြရီမှာ အသက် ၂၀ ခန့်သာရှိသေး၏။ မြို့ဟန်မြို့မဆန်သော်လည်း တောကျေးလက်မှာတော့ လှဂုဏ်ဝင့်နိုင်သူဟု စခန်းမှူး

မော်တင် မှတ်ချက်ချမိ၏။

အသားညိုသော်လည်း မျက်နှာဝိုင်းလေးနှင့် လိုက်ဖက်သော နှာတံရှိသည်။ နှုတ်ခမ်းထူထူရှိသည်။ အထင်ရှားဆုံးက ရှည်လျားကော့ ညွတ်သော မျက်တောင်နှင့် စိုရွှန်းရီလဲ့သော မျက်ဝန်းနက်အစုံပင် ဖြစ်သည်။ ပြီးတော့ ကျန်းမာသန်စွမ်းသော မိန်းမတစ်ယောက်၏ ခန္ဓာကိုယ်အလှအပတွေရှိသည်။

သူမ၏ သည်အလှအပတွေကြောင့် ညီမောင် သေခဲ့ရတာလား။

သိန်းဆောင် လူသတ်တရားခံဖြစ်ရတာလား။

လျှပ်တစ်ပြတ်အတွေးက စခန်းမှူးမော်တင်စိတ်ထဲ ဖျတ်ခနဲ ရောက်လာ၏။

"မနေ့ညနေက ကိုညီမောင်နှင့် ကိုစံရွှေတို့နှစ်ယောက် ယာထဲသွားကြပါတယ်"

တောဝက်အုပ် ယာခင်းဝင်ဖျက်လို့ ခြောက်လှန့်ဖို့အတွက် ညအိပ်သွားကြတာပါ။

ကျွန်မလည်း ၉ နာရီလောက်မှာ ခေါင်းရင်းမီးခွက် ထွန်း ရင်းအိပ်ပျော်သွားပါတယ်။

ည ၁၀ နာရီလောက်မှာ ဝုန်းခနဲအသံကြားလို့ လန့်နိုးလာ ပါတယ်။ ကျွန်မဘေးမှာ အိပ်နေတဲ့ ကိုသိန်းဆောင်ကို ကိုညီမောင် က ဓားနှင့်ခုတ်တာ လူမထိဘဲ ခေါင်းရင်းဆင့်ကိုထိပါတယ်။ ကိုသိန်း ဆောင်လူးလဲထပြီး ကိုညီမောင်ကို ဓားနဲ့ထိုးထွက်ပြေးသွားပါတယ်။

ကိုညီမောင် အော်ဟစ်အကူအညီတောင်းတဲ့အတွက် ရွာလူ

ကြီးတွေနဲ့ အိမ်နီးချင်းအချို့ ရောက်လာကြပါတယ်။

အိပ်ရာထဲမှာ ကျန်နေခဲ့တဲ့ ကိုသိန်းဆောင်ရဲ့ ဦးထုပ်ကိုလည်း ရွာလူကြီးတွေ သိမ်းသွားပါတယ်။

ကိုသိန်းဆောင် ကျွန်မဘေးဝင်အိပ်နေတာ ကျွန်မလုံးဝမသိပါဘူးရှင်"

မမြရီ၏ အစစ်ခံချက်က ဤမျှသာပဲဖြစ်သည်။

'သိန်းဆောင် သူမဘေးမှာ အိပ်နေခြင်းကို သူမ လုံးဝမသိပါ'ဟု ငြင်းကွယ်ထွက်ဆိုခဲ့သော်လည်း မည်သူကမျှ မယုံကြည်ကြပါ။

စခန်းမှူးမော်တင်ပင် မယုံကြည်ရဲသေး။

ကိုညီမောင်၏ ညီအစ်ကိုမောင်နှမတွေကတော့ သည်ကိစ္စဖြစ်ပွားရခြင်းနှင့် ပတ်သက်ပြီး မမြရီကိုသာ အပြစ်ဆိုကြသည်။

"မြရီ လော်လည်လို့၊ မြရီ ဖောက်ပြားလို့"

"မြရီ. . . လို့ မြရီ. . . လို့"

ကြမ်းတမ်းသည့်စကားလုံးများ၊ ရုန့်ရင်းသည့် အသုံးအနှုန်းများဖြင့် မမြရီကိုပစ်ပေါက်ကာ ဝိုင်းဝန်းလက်ညှိုးထိုးခဲ့ကြ၏။

ရဲစခန်းသွားရာ၊ ဆေးရုံတင်ရာ၊ မြှုပ်သင်္ဂြိုဟ်ရာ၊ သူတို့ဘာသာသူတို့ လုပ်ဆောင်သွားကြ၏။ ငွေကြေးအကုန်ခံကြ၏။ မြရီကိုတော့ တိုင်မှတ်၍ပင် နှပ်မသုတ်၊ အဖက်မလုပ်၊ ဂရုမစိုက်။ 'လင်ငယ်နေမ' ဟု ပစ်ပယ်ထားသည်။

ကိုညီမောင် သေဆုံးသည်ကိုပင် စခန်းမှူးမော်တင်ပြောမှ သူမ သိရသည်။

သူမ၏ မျက်နက်ဝန်းအစုံမှ မျက်ရည်တွေ တသွင်သွင်စီး

ကျနေ၏။

ထိုလှပသော မျက်ဝန်းကြည်လဲ့တို့ကို ကိုညီမောင်စွဲမက်ခဲ့ပေလိမ့်မည်။ ကြည်နူးခဲ့ပေလိမ့်မည်။

ယခု ထိုမျက်နှာဝန်းအစုံက ကျလာသော မျက်ရည်တို့ကမူ ကိုညီမောင့်အတွက်မှ ဟုတ်ပါလေစ။ မမြရီတစ်ဦးတည်းသာ သိနိုင်ပေလိမ့်မည်ဖြစ်သည်။

အခင်းဖြစ်နေရာတွင် လိုအပ်သည်များ ဆောင်ရွက်ပြီး စခန်းမှူးမော်တင်ရွာလူကြီး ဦးဌေးမောင်အိမ်သို့ ကူးခဲ့၏။

ရွာလူကြီးနှင့် သက်သေအချို့ စစ်ဆေးမေးမြန်းပြီး သိန်းဆောင်ကျန်ရစ်သည့် စစ်စိမ်းရောင်အဝတ်ဦးထုပ်အား ရွာဖွေပုံစံဖြင့် သိမ်းဆည်းနေစဉ် တပ်ကြပ်သန်းဆောင်နှင့်အဖွဲ့ ပြန်ရောက်လာ၏။

"သိန်းဆောင်ကတော့ ရိုးမပေါ် ထွက်ပြေးသွားပြီ ဗိုလ်ကြီး၊ အခင်းဖြစ်ပြီးပြီးချင်းအိမ်ကို ရောက်လာတယ်။ အဝတ်အစားတစ်ချို့ ယူပြီး ပြန်ထွက်သွားတယ်လို့ သိန်းဆောင်မိန်းမက ပြောပါတယ်။

ညောင်ထောက်စခန်းမှာ မီးသွေးဖုတ်နေတဲ့ သူ့အစ်ကိုဆီ သွားတယ်ဆိုတဲ့သတင်းလည်းရပါတယ်"

ညောင်ထောက်စခန်းဆိုသည်က ရိုးမပေါ်က သစ်စခန်း၊ ကျော်မကြီးပေါ် မရောက်သော်လည်း တစ်နေ့ခရီးတော့ခပ်မြင်းမြင်း နှင်ရသည်။ ရွှေရင်ဆို့တောင်သုံးလေးလုံးလောက်ကျော်ရမည်။

"အလှည့်ကျရင်တော့ ဘယ်သူမှ နွံ့လို့မရဘူး ဆရာသန်းဆောင်ရေ အရေးကြုံရင် သက်လုံကောင်းရမှာပဲ။

လူသတ်မှုဖြစ်နေတော့ အထက်ကလည်း စိတ်ဝင်စားမယ်။

တရားခံရဖို့အတွက် ကျွန်တော်တို့ ရေဆုံးရေဖျား ကြိုးစားရမှာပဲ။

"ဒီနေ့ည ရွာမှာနားပြီး နောက်နေ့နံနက်စောစောမှ တောင်ပေါ်တက်ပါလား စခန်းမှူးကြီး"

ရွာလူကြီးဦးဌေးမောင်၏စေတနာစကားကိုပင် အားနာစွာဖြင့် ငြင်းပယ်ရ၏။

"ကျွန်တော်တို့ ရဲတွေနောက်ကျလေ တရားခံက ပိုပြီးဝေးလေမို့ ချက်ချင်းပဲလိုက်မယ် ဥက္ကဋ္ဌကြီးရေ လမ်းပြကောင်းကောင်း တစ်ယောက်သာ အကူအညီပေးပါ။ သူ့အတွက် ရွာ့ထုံးစံအတိုင်း နေ့တွက်ခပေးပါ့မယ်"

နေ့လည်စာ စားပြီးချိန်၌ တပေါင်းနွေက အပူကဲနေလေပြီ။ ကျဲကျဲတောက်နေပူရှိန်ထဲကို စခန်းမှူးမော်တင်နှင့်အဖွဲ့ တိုးဝင်လာခဲ့ကြသည်။

"ဒီယာခင်းက ညီမောင်ရဲ့ ယာခင်းပေါ့"

ရိုးမတောင်ခြေအရောက် လူသွားလမ်းဘေးမှ ယာခင်းတစ်ခုကို ညွှန်ပြရင်း လမ်းပြရွာသားကပြော၏။

ယာခင်း၏ အလယ်ကုန်းလေးပေါ်မှာ သခုင်မဲ့ယာစောင့်တဲလေးကို တွေ့ရ၏။

အခင်မဖြစ်မီ ညပိုင်းက တောဝက်တွေကို ခြောက်လှန့်ဖို့ ညီမောင် သည်တဲလေးကို ရောက်လာခဲ့သေးသည်။

ယခုရော ညီမောင့် ဝိညာဉ်သည်တဲလေးပေါ် ရောက်နေလေပြီလား။

စခန်းမှူးမော်တင် တွေးကြည့်မိသည်။

ရိုးမတောစပ်နှင့် နီးသည့် ယာအစပ်မှာ မြေပဲပင်အချို့ ခြောက်သွေ့ပြန့်ကျဲနေတာတွေ့ရ၏။

"အဲ့ဒီဘယ်က တောဝက်တွေ ဖျက်ဆီးထားတာ"

လမ်းပြက လက်ညိုးညွှန်၍ ပြသည်။

တကယ်တော့ တိရစ္ဆာန်တစ်ကောင် ဖျက်ဆီးနိုင်သည်က သူစိုက်ပျိုးထားသော ပဲပင်အချို့အဝက်မျှသာ ဖြစ်သည်။

မိန်းမတစ်ယောက်၏ အလှအပကို ကိုးကွယ်မိခြင်းကြောင့်သာ သူ့ဘဝတစ်ခုလုံး ပျက်စီးစေခဲ့သည်ကိုတော့ ညီမောင်တစ်ယောက်သိမှ သိသွားပါလေစဟု စခန်းမှူးမော်တင်အတွေးနယ် ကျယ်နေမိပါတော့သည်။

## (လေး)

လရောင်ကွက်ကွက်ကဲ တောအုပ်အလယ်ကောင်ရှိ ဝါးတဲလေးတစ်လုံးပေါ် ထွန်းပလျက်ရှိ၏။

ငြိမ်သက်ခြင်းသာ မင်းမူနေသည့် ညဥ့်နက်နက်မှာပင် သည်တဲလေးအနီးသို့ စခန်းမှူးမော်တင်နှင့်အဖွဲ့ တိတ်တဆိတ် ချဉ်းကပ်နိုင်ခဲ့ကြသည်။

ထွက်လမ်းတို့ကိုပိတ်ဆို့၍ လျှပ်တစ်ပြက် စီးနင်းနိုင်ခဲ့သော်လည်း သိန်းဆောင်ကတော့ မရှိ။ သိန်းဆောင်အစ်ကို သိန်းအောင်နှင့် အဖော်တစ်ယောက်သာ တွေ့ရ၏။

"နံနက်စောစောက သိန်းဆောင် ရောက်လာပါတယ်။ မျက်နှာလည်း မကောင်းဘူး။ ဘာမှလည်း မပြောဘူး။ ငိုင်နေတယ်။ ဘာ

ဖြစ်လာတာလဲ ချော့မော့မေးမှ ညီမောင်ကို ဓားနဲ့ထိုးပြီး ထွက်ပြေးခဲ့တဲ့အကြောင်း ပြောပြပါတယ် ဆရာ။

ဒီနေရာကိုလည်း မလုံခြုံဘူးလို့ တွက်တယ်နဲ့တူပါတယ်။ တောနက်ထဲ ဝင်ခိုမယ်ပြောပြီး နေ့လည်စာစားပြီးကတည်းက ထွက်သွားတာပါပဲ ဆရာ"

ရိုးမပေါ်တက်လာကတည်းက တရားခံဖမ်းဆီးရမိဖို့ လေးဆယ်ရာခိုင်နှုန်းသာရှိသည်ကို စခန်းမှူးမော်တင် တွက်ဆပြီးသားဖြစ်၏။ ဤသည်ပင် မိမိ၏ ကံ၊ ဉာဏ်၊ ဝီရိယဖြစ်၏။

မိုင်ပေါင်းများစွာ ရှည်လျားကာ မိုင်ပေါင်းများစွာ ကျယ်ပြန့်လှသော တောတောင်လျှိုမြောင်၊ ချောင်းကမ်းပါး၊ ချိုင့်ဝှမ်းတွေ ထူပြောကြီးမားလွန်းသော သည်ရိုးမထဲမှာ တောကျွမ်းတရားခံပြေးတစ်ယောက်ကို ဖမ်းမိရန် အခွင့်အရေးက နည်းပါးလွန်းသည်ကို သူသိပါသည်။

သို့သော် တာဝန်က တာဝန်ပဲဖြစ်သည်။ ရှောင်လွှဲ၍မရ။ မည်သို့ပင်ဆိုစေ အားထုတ်ကြိုးပမ်းခြင်းကိုမူ သူမလျှော့ခဲ့။

"ကိုသိန်းအောင်အနေနဲ့ ကိုသိန်းဆောင်ကို စည်းရုံးဖျောင်းဖျပေးစေချင်တယ်"

သူထိုးလိုက်တာလည်း တစ်ချက်တည်းပါ။ ပြီးတော့ တမင်ကြံရွယ်ပြီး လုပ်လိုက်တာမဟုတ်ဘူး။ ရုတ်တရက်ဖြစ်သွားရတဲ့ ဓားထိုးမှုပါ။ တရားဥပဒေကပေးတဲ့ သက်ညှာခွင့်တွေကိုရဖို့ ရဲရဲဝံ့ဝံ့ရင်ဆိုင်သင့်ပါတယ်။

ရှောင်တိမ်းထွက်ပြေးနေမယ်ဆိုရင်တော့ ဓားထိုးမှုအပြင်

ဝရမ်းပြေးမှုပါ တိုးသွားမယ်။

အဲ့ဒီအချိန်ကျရင် တရားဥပဒေနဲ့အညီ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ဆုံးရှုံးသွားမှာဖြစ်ပါတယ်။

ဒီအကြောင်းတွေကို ကိုသိန်းဆောင် သဘောပေါက်အောင် ရှင်းပြပေးပါ"

စခန်းမှူးမော်တင်က တွေ့ကြုံဖူးသော ဖြစ်ရပ်များနှင့် သာဓကပြု၍ ရှင်းပြသည်။

"ပြီးတော့ ဝရမ်းပြေးတစ်ယောက်ရဲ့ဘဝ၊ ဘယ်လိုမှ ငြိမ်းချမ်းမှုမရှိတဲ့ဘဝပါ။ မိတကွဲ၊ ဖတကွဲ၊ သားမယားတွေနဲ့ တကွဲတပြားစီနေကြရတယ်။ ကြီးစွာသော ပရိဒေဝ လောင်မြိုက်ခြင်းတွေနဲ့ပါ ကိုသိန်းအောင်။

ရှင်လျက်နဲ့ သေနေတဲ့ ဒီလိုဘဝမျိုးထက်စာရင် တရားဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းလိုက်တာက ပိုပြီး လျော့ကန်တယ်ဆိုတာ ကိုသိန်းအောင်လည်း သိမှာပါ။

ကိုယ့်ရဲ့ ဆွေစဉ်မျိုးဆက်သမိုင်းမှာလည်း လုပ်ရဲရင်ခံရဲတယ် သတ္တိနည်းပြီး သေွးကြောင်တဲ့ မျိုးရိုးမဟုတ်ဘူးဆိုတာ ပြသဖို့ ကိုသိန်းဆောင်မှာ တာဝန်ရှိတယ်လို့ ကျွန်တော်ပြောတဲ့အကြောင်းလည်း နားလည်အောင်ပြောပေးပါ ကိုသိန်းအောင်"

ပညာပေးစည်းရုံးစကားပြောကြားရာမှာ ကိုညီမောင်သေဆုံးသွားခြင်းသတင်းကိုတော့ စခန်းမှူးမော်တင် တမင်ချန်ထားခဲ့ပါသည်။

ညီမောင် သေသွားပြီဆိုသည်သာသိပါက သိန်းဆောင်အနေ

ဖြင့် အပြစ်ဒဏ်ကြီးမားသွားမည်ကို စိုးရိမ်ထိတ်လန့်ပြီး လုံးဝတိမ်း ရှောင်သွားနိုင်သည် မဟုတ်ပါလား။

စခန်းမှူးမော်တင်က တစ်ရက်ထပ်နေပြီး သိန်းဆောင်အ ဖမ်းခံရေး ဖျောင်းဖျစည်းရုံးရန် စိတ်ကူးလိုက်၏။

နောက်နေ့နံနက်လင်းသည်နှင့် ကိုသိန်းအောင်ရိုးမတော နက်တွေထဲ တိုးဝင်သွားသည်။

ရဲတပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်ကိုမျှ ထည့်မပေးလိုက်တော့။ သူတို့ရောက်ရှိနေခြင်းကို တစ်နည်းနည်းဖြင့် သိန်းဆောင် သိရှိနိုင် သည်။ သူ့အစ်ကို သိန်းအောင် တစ်ဦးတည်းဆိုလျှင်သာ သူထွက် တွေ့ပေလိမ့်မည်။

ရဲကိုတွေ့ရင်တော့ နက်သည်ထက်နက်သော တောတောင် ထဲသို့ သူဝင်ပြေးသွားနိုင်သည်။

စခန်းမှူးမော်တင်၏ အားထုတ်မှုနှင့် စည်းရုံးပညာပေးခြင်း တို့က အဟောသိကံ ဖြစ်မသွားခဲ့ပါ။ ကြိုးစားမှု၏ အသီးအပွင့်တို့ကို သူခူးဆွတ်ရပါသည်။

နေ့လည်ဘက်မှာ ကိုသိန်းအောင် တောနက်ထဲက ပြန်ထွက် လာသည်။

သူ့ဘေးတွင် ခေါင်းငိုက်စိုက်ချလျက် လူတစ်ယောက်ပါလာ ၏။

"အဲ့ဒါ ကိုသိန်းဆောင်ပဲ ဗိုလ်ကြီး"

လမ်းပြ၏ အသိပေးသံကြားသည်နှင့် တပ်ဖွဲ့ဝင်များလှုပ် လှုပ်ရှားရှားဖြစ်သွားသည်။

"အသာနေကြပါ တောထဲကတောင် ထွက်လာပြီပဲ။ သူ့အေး အေးဆေးဆေး အဖမ်းခံပါလိမ့်မယ်"

စခန်းမှူးမော်တင်က တီးတိုးဟန့်တားရင်း သတိပေး၏။

"ဒါ ကျွန်တော့်ညီ သိန်းဆောင်ပါပဲ ဗိုလ်ကြီး၊ သူ့ကို ဗိုလ်ကြီး လက်ထဲကို ကျွန်တော်အပ်ပါတယ်။

တရားဥပဒေနဲ့အညီ ရသင့်ရထိုက်တဲ့ သက်ညှာခွင့်သာရ အောင် ဆောင်ရွက်ပေးစေလိုပါတယ် ခင်ဗျာ"

"စိတ်ချပါ ကိုသိန်းအောင်၊ တရားဥပဒေဘောင်ထဲက ကျွန် တော်ပေးနိုင်တဲ့ အခွင့်အရေးမှန်သမျှကို ကျွန်တော်ဆောင်ရွက်ပေးပါ့ မယ်"

တကယ်လည်း စခန်းမှူးမော်တင် လှိုက်လှဲစွာ ပြောလိုက် ခြင်းပါ။ စေတနာအပြည့်ဖြင့် ပြောလိုက်ခြင်းပါ။

တရားခံကို ဖမ်းဆီးရမိပြီဖြစ်သဖြင့် သူ အထူးဝမ်းသာပါ သည်။ သို့သော် ထိုဝမ်းသာခြင်းက သူနာမည်ကောင်းရဖို့ မဟုတ် ဂုဏ်ယူဝင့်ကြွားဖို့ မဟုတ်။

ဥပဒေဘောင်တွင်း နေထိုင်ကြသည့် ပြည်သူအားလုံး ဥပဒေထီးရိပ်အောက်မှာပဲ အေးချမ်းစွာ ရှိစေချင်တယ်။

ပြည်သူလူထု၏ ဆန္ဒနှင့်အခွင့်အရေးတွေကို တရားဥပဒေ နှင့်အညီ ဖြည့်ဆည်းကာကွယ်ပေးချင်သည်။

ဒါက ရဲတပ်ဖွဲ့ဝင်ပီသသော သူ၏ မွန်မြတ်စိတ်ထားဖြစ်ပါ သည်။

သို့မှသာ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရယူနိုင်သော

ရဲ။ ပြည်သူနှင့် တစ်သွေးတည်းတစ်သားတည်း ရှိသော ရဲဖြစ်လာမည် မဟုတ်ပါလား။

(ငါး)

ရက်တွေ၊ လတွေ အလီလီပြောင်းခဲ့ပါပြီ။

မင်းလမ်းရွာ လူသတ်မှုနှင့်ပတ်သက်၍ စခန်းမှူးမော်တင် အမှန်တရားကို ဖော်ဆောင်နိုင်ခဲ့သည်။

ခိုင်မာသော အမှုတွဲတစ်တွဲ တည်ဆောက်၍ ရုံးတော်သို့ တရားစွဲဆိုတင်ပြနိုင်ခဲ့ပါသည်။

သို့သော် အများထင်သလို ချောချောမွေ့မွေ့တော့မဟုတ် လူ့သဘာဝအကောက်အကွေ့တွေ၊ မာယာပရိယာယ်တွေ၊ အလိမ်အလှည့်တွေကြားက အမှန်ကိုရောက်အောင် ကျော်ဖြတ်နိုင်ခဲ့ရခြင်း ဖြစ်ပါသည်။

တကယ်လည်း မှုခင်းဖြစ်စဉ်က ရိုးရိုးလေးဖြစ်သည်။

မမြရီ၊ သိန်းဆောင်နှင့် ဖောက်ပြားသည်။ လင်ဖြစ်သူညီမောင်ပက်ပင်းမိ၍ ဓားဖြင့်ခုတ်သည်။ သို့သော် မထိ။ သိန်းဆောင် ဓားနှင့် ထိုး၍ထွက်ပြေးသွားသည်။ ညီမောင် သေသည်။ မိန်းမ အတွက် ဖြစ်ရသည့် မဆန်းပြားလှသော မှုခင်းဇာတ်လမ်းသာဖြစ်ပါ သည်။

ညီမောင်ကိုယ်တိုင်လည်း မသေမီ တရားသူကြီးထံ သေခါ နီးအစစ်ခံချက် ပေးသွားနိုင်၏။ အခင်းဖြစ်ချိန် ရွာလူကြီးတွေ ရောက် လာတော့လည်း သိန်းဆောင် ဓားနှင့်ထိုးသည်ဟု ပြောနိုင်ခဲ့၏။

သိန်းဆောင် အမြဲဆောင်းနေကျ ဦးထုပ်ကိုလည်း အခင်းဖြစ်နေရာ က တွေ့၍ သိမ်းဆည်းနိုင်ခဲ့၏။

၎င်းသည်က အကွေ့အကောက်လှည့်ဖြားမှုမရှိသော အမှန်တရားဖြစ်၏။

သို့သော် အမှုစစ်ဆေးနေစဉ်မှာပင် အမှန်တရားကို မျက်ကွယ်ပြုကာ အလိမ်အလှည့်တွေနှင့် မာယာရှင်တစ်ယောက်က ပေါ်ထွက်လာခဲ့သည်။

သူကား မမြရီပင်ဖြစ်ပါသည်။

သူမကို နှစ်နှစ်နာနာ ချိုးဖဲ့နှင်းချနေကြသည့် ညီမောင့်ဘက်က ဆွေမျိုးတစ်စုကို မကျေနပ်သည်လား

ထောက်ထားစရာ ညီမောင် မရှိတော့၍လား

သိန်းဆောင်ကို အားကိုးတာလား၊

မည်သူမျှတော့ အတိအကျမပြောနိုင်။

ကိုသိန်းဆောင် အိမ်လာလည်ပြီး သူမနှင့်စကားပြောနေစဉ် ညီမောင်က အထင်မှားကာ ဓားနှင့်ခုတ်ခြင်းဖြစ်သည်။ ထို့ကြောင့်သာ သိန်းဆောင်က ကိုယ့်ကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်အရ ဓားဖြင့် တစ်ချက်တည်း ထိုးခြင်းဖြစ်သည်ဟု သူမကိုယ်တိုင် လိုက်ပြောနေခဲ့သည်။

အမှုအနေအထား တိမ်းစောင်းပျက်ယွင်းအောင်လုပ်သည်ကို စခန်းမှူးမော်တင် မလိုလား။

မမြရီကို သူ့မိဘတွေ၊ ရွာလူကြီးတွေကတစ်ဆင့် အမှန်အတိုင်း ထွက်ဆိုအစစ်ခံဖို့ မနည်းကြီးစည်းရုံးခဲ့ရသည်။ ဖောပြော

ပညာပေးရသည်။

ထို့ကြောင့်သာ အမှုနိဂုံးအဆုံးသတ်၍ သိန်းဆောင်တစ်ယောက် မိုက်ပြစ်မိုက်ဒဏ်အဖြစ် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ်ကျသွားခဲ့ရ၏။

လွန်ခဲ့သည့် ရက်အနည်းငယ်က အခြားကိစ္စတစ်ခုဖြင့်စခန်းမှူးမော်တင် မင်းလမ်းရွာသို့ ရောက်သည်။

ရွာလူကြီးအချို့နှင့် စကားဝိုင်းဖွဲ့နေစဉ် တစ်ယောက်ကပြော၏။ သူသည် သေသူညီမောင်၏ ဦးကြီးတော်စပ်သူဖြစ်၏။

"မြရီက ညီမောင်ရှိပါလျက် သိန်းဆောင်ကို အမျှောင်ထားတယ်၊ သိန်းဆောင်နဲ့ အမျှောင်နေရင်း နိုင်ဝင်းဆိုတဲ့ ကောင်လေးတစ်ကောင်နဲ့ ထပ်ငြိတယ်။

အဲ့ဒါကြောင့် တစ်ချက်ခုတ်၊ သုံးချက်ပြတ်လုပ်လိုက်တာ။

ညီမောင်ကို သတ်ဖို့အတွက် မြရီကိုယ်တိုင် သိန်းဆောင်ကိုဓားမြှောင်ဝယ်ပေးထားတာလို့ နောက်ပိုင်းမှာ သိရတယ် ဆရာ။

အခုညီမောင်သေပြီ၊ သိန်းဆောင်လည်း ထောင်ကျသွားပြီ။

မြရီလည်း မကြာခင် နိုင်ဝင်းနဲ့ ယူကြတော့မယ်"

"ဘောလဟာဒလ ထင်ကြေးတွေနဲ့ တူပါတယ်ခင်ဗျာ၊ ဒီအမှုကို ကျွန်တော်ကိုယ်တိုင် အစအဆုံး စစ်ဆေးခဲ့ရတာပါ။ ဒီသဘောပါတဲ့ အရိပ်အယောင်မျိုး မကြားခဲ့ပါဘူး"

စခန်းမှူးမော်တင် သည်လိုပင် ပြန်ပြောခဲ့သည်။

သို့သော် စိတ်ထဲမှာတော့ သံသယမြူမှုန်အချို့ ကပ်ငြိသွားခဲ့၏။

သူ့အာရုံက လတ်ဆတ်ဆဲ မြင်ကွင်းတစ်ခုကိုပြန်လည်မြင်ယောင်မိလိုက်သည်။

ယနေ့နံနက် မင်းလမ်းသို့ အလာ ရွာဝင်တံတားငယ်အနီးမှာ မမြရီကို တွေ့ရသည်။ လုလင်ပျိုတစ်ဦးနှင့်အတူတွဲ၍ဖြစ်သည်။ လုလင်ပျို၏ပခုံးမှာ သူ့ဦးခေါင်းကိုနွဲ့မှီထားသည်။ တစ်ယောက်နှင့်တစ်ယောက် လက်ချင်းခိုင်ခိုင် တွဲထားကြသည်။

မမြရီ၏ မျက်နှာပေါ်မှာ သကာ၊ နှုတ်ခမ်းနီနီပေါ်မှာတော့ အပြုံးတွေက နှင်းဆီပန်းတွေပမာ ဖူးပွင့်ဝေဆာလို့။

ရှည်လျားကော့ညွှတ်သော မျက်တောင်တို့အောက်မှ မျက်ဝန်းနက်အစုံ၊ ချစ်ရမ္မက်ကြောင့် ရည်ရွှန်းကြည်လဲ့နေသည်ကိုလည်း လျှပ်တစ်ပြက်တွေ့မြင်ခဲ့ရသည်မဟုတ်ပါလား။

ညီမောင်၏ ဦးကြီးပြောသောစကား မှန်ချင်မှန်မည်။ မှန်ချင်မှလည်း မှန်မည်။

မည်သို့ပင်ဖြစ်စေ မမြရီဆိုသော မိန်းမတစ်ယောက်ကိုမူ စခန်းမှူးမော်တင် လျှော့မတွက်ရဲခဲ့ပါချေတကား။

# မြေလျှိုးမိုးပျံ လူသတ်သမား

(တစ်)

"လူသတ် လူယက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိခြင်း" စာလုံးမည်းကြီးများဖြင့် ဖော်ပြထားသော ခေါင်းစဉ်နှင့် သတင်းတစ်ပုဒ် သတင်းစာမှာ ပါလာသည်။

ရဲအုပ်စောသိန်းက မင်နီတံကို ကောက်ကိုင်ပြီး အသင့်ဖြန့်ချထားသော သတင်းစာမှ သတင်းအား အထူးပြုစက်ဝိုင်းဝိုင်းလိုက်သည်။ ဤသတင်းကား သူ၏ အောင်မြင်မှုသတင်း။ သို့မဟုတ် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့၏အောင်မြင်မှုသတင်းတစ်ပုဒ်ဖြစ်ပါ၏။ထို့ထက်ပိုကဲ၍ ဆိုရပါမူ 'တရားဥပဒေ၏ ကြီးမြင့်သော အောင်ပွဲတစ်ရပ်'ဟု ဆိုရပါမည်။ 'အဘယ်ကြောင့်ဤမျှ တခမ်းတနား ငြိကာချဲ့နေရပါသလဲ'ဟု အမေးရှိလာပါကလည်း အဖြေကအသင့်ရှိပြီးလေပြီ။

'သတင်းကို သေသေချာချာဖတ်ကြည့်ပါ'ဟု ပြန်လည်ညွှန်ပြ

ရမည်သာ။ စေ့စေ့စပ်စပ်ဖတ်၍ ဂယနဏာသိပြီဆိုပါက ထူးခြားမှု တစ်ခု တွေ့ရမည်ဖြစ်သည်။ ၎င်းမှာ အခင်းဖြစ်ပွားပြီး နှစ်နှစ်နီးပါး ကြာမြင့်မှ တရားခံတို့အား ဖမ်းဆီးရမိခြင်းပင်တည်း။

လူသတ်၊ လုယက်မှု၊ ကျူးလွန်သူတစ်စုသည် ကံကြမ္မာမျက်နှာသာပေးလှည့်စားချက်ကြောင့် ရာဇဝတ်ဘေး ပြေးလွတ်နေခဲ့၏။

သို့သော် အမှုဖော်ထုတ်ခြင်း၊ တရားခံဖမ်းဆီးခြင်း အရာ၌ မိုးမြေအဆုံး ရှောင်ပုန်းစေတော့၊ မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် ဖော်ထုတ်၊ ဖမ်းဆီးတတ်သော ရဲအုပ်စောသိန်းနှင့် ရင်ဆိုင်ရသော အခါတွင်ကား ကံတရားသည်ပင် မျက်နှာသာ မပေးရဲတော့ချေတကား။

နှစ်နှစ်နီးပါးကြာမျှ တင်ရှိနေသော အမှုကြွေးကို ယနေ့ ပေးဆပ်နိုင်လေပြီ။

"အမှုများစွာ ဖော်ထုတ်နိုင်ခဲ့ပေမယ့် မနှင်းရီ အသတ်ခံရတဲ့အမှုမှာတော့ ဗိုလ်စောအကြွေးကျန်နေတယ်နော်"

ဗဟန်းမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အဖြစ်မှ အနားယူမည့်ဆဲဆဲ ဗိုလ်မှူးစံကြည် (ယခု ဒုတိယဗိုလ်မှူးကြီးစံကြည်)၏ တရင်းတနှီး ပြောခဲ့သောစကားကို ပြန်လည်ကြား ယောင်နေမိသည်။

"တင်ရှိခဲ့တဲ့အကြွေးကို ဆပ်လိုက်နိုင်ပါပြီ ဗိုလ်မှူးကြီး"

ရဲအုပ်စောသိန်းက တီးတိုးရေရွတ်ရင်း မင်နီတံကို နေရာ တကျ ပြန်ထားလိုက်၏။

ထိုစဉ်မှာပင် တယ်လီဖုန်းမြည်လာ၍ကောက်ကိုင်လိုက်ရာ

"အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော် ဗဟန်းရဲစခန်းမှူး ရဲအုပ်စောသိန်းပါ"

"ဗိုလ်စော၊ ကိုယ်ပါကွာ။ ဒုဗိုလ်မှူးကြီးစံကြည်ပါ"

"ဟာ ဗိုလ်မှူးကြီး၊ ခုပဲ သတင်းစာဖတ်ရင်း ဗိုလ်မှူးကြီး ပြောခဲ့တဲ့စကားကလေးကို သတိရနေတာ"

"ဟုတ်လားဗိုလ်စောရဲ့၊ ဘာစကားများလဲ"

"မနှင်းရီအသတ်ခံရတဲ့အမှုနှင့် ပတ်သက်လို့ ကျွန်တော့်မှာ အကြွေးကျန်နေသေးတယ် ဆိုတဲ့စကားပါ ဗိုလ်မှူးကြီး"

"သြော်. . . ဟုတ်တယ်၊ ကိုယ်လည်း ခုပဲ သတင်းစာဖတ်ပြီးပြီ။ ဒါကြောင့် ဖုန်းဆက်လိုက်တာ။ ဗိုလ်စောအကြွေးဆပ်လိုက်ပြီပေါ့လေ"

"မှန်ပါတယ်ဗိုလ်မှူးကြီး၊ ကျွန်တော်အကြွေးကျေသွားပါပြီ"

"ဝမ်းသာပါတယ် ဗိုလ်စော၊ ဂုဏ်ယူပါတယ်"

"ကျေးဇူးအထူးတင်ရှိပါတယ် ဗိုလ်မှူးကြီး"

"ဒါပဲနော် ဗိုလ်စော၊ အောင်မြင်ပါစေ"

"ဟုတ်ကဲ့၊ လေးစားပါတယ် ဗိုလ်မှူးကြီးခင်ဗျား"

မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်က ရဲတပ်ဖွဲ့လုပ်ငန်းအပေါ် စိတ်ဝင်တစားရှိပုံမှာ ထင်ရှားလှ၏။

လွန်ခဲ့ပြီးသော နှစ်နှစ်ခန့်က အမှုကိုပင်သတိတရရှိနေသည်။ ဒုတိယဗိုလ်မှူးကြီးစံတြည်ကဲ့သို့ပင် သူသည်လည်း မမေ့နိုင်သေး။ ထိုအမှုနှင့်ပတ်သက်လျှင် အသေးစိတ်ကလေးတစ်စိတ်ကိုပင်

သတိရဆဲ၊ ရက်ပေါင်းလပေါင်းများစွာ ကြာမြင့်သည့်တိုင်ထင်ရှားဆဲပင်ဖြစ်၏။

တကယ်တော့ ထိုအဖြစ်အပျက်သည် မနေ့တစ်နေ့က အဖြစ်အပျက်တစ်ခုပမာ သူ့စိတ်သန္တာန်၌ စွဲမှတ်နေဆဲပင်တည်း။

## (နှစ်)

(၁၉၉၁) ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်။

(၀၇း၀၀) နာရီ။

ငါးထပ်ကြီးပရဝုဏ်၌ အမျိုးသမီးတစ်ဦး တိုက်ခိုက်လုယက်ခံရကြောင်း' တာဝန်သိပြည်သူတစ်ဦး၏ တယ်လီဖုန်း သတင်းပို့ချက်အရ အခင်းဖြစ်နေရာသို့ ရဲအုပ်စောသိန်းနှင့် တပ်ဖွဲ့ဝင်များ ချက်ချင်း ရောက်သွားကြသည်။

လဲကျနေသော အမျိုးသမီး၏ ဝဲဘက်နံကြား၌ ချွန်ထက်သော လက်နက်ဖြင့်ရသည့် ထိုးဖောက်ဒဏ်ရာတစ်ချက် တွေ့ရ၏။ အသက်ရှုလိုက်တိုင်း သွေးများက စီးကျနေသည်။ အဝတ်အစားတို့တွင် နီပျစ်သောသွေးတို့ စွန်းထင်ပေကျံလျက်။

သူမ၏မျက်နှာမှာ ဖျော့တော့နေကာ တိုးလျစွာ ညည်းညူနေရရှာသည်။ ရဲအုပ်စောသိန်းက အခြေအနေကို ကြည့်၍ ဆေးရုံကြီးသို့ ချက်ချင်းပို့လိုက်သည်။ အရေးပေါ် ခန်းအတွင်း ဆရာဝန်များက သူမ၏အသက်ကို ကယ်တင်ရန် ကြိုးပမ်းနေခိုက်လူနာရှင်တို့ထံ စုံစမ်းကြည့်သည်။ လူနာမှာ ငါးထပ်ကြီးတောင်ရပ်နေ အသက် (၃၈) နှစ်ရှိ မနှင်းရီဆိုသူဖြစ်ပြီး ယနေ့နံနက်ခင်း ဗိုလ်ချို (၁)လမ်း၊ ပျံကျ

ဈေးသို့အသွား လူကို ရန်ပြု၍ တစ်ကျပ်သားခန့်ရွှေဆွဲကြိုးကို လုယူခံရခြင်းဖြစ်ကြောင်း သိလိုက်ရသည်။

နာရီဝက်ခန့်အကြာ၌ ဆရာဝန်တစ်ဦးထွက်လာ၍ လှမ်းကြည့်လိုက်၏။ မျက်လုံးချင်းအဆုံ၌ ဆရာဝန်ခေါင်းကို အသာရမ်းခါပြသည်။ သူက လူနာရှင်တို့နှင့်အတူ အရေးပေါ်အခန်းထဲဝင်လိုက်၏။ လူနာရှင်အား တာဝန်အရ မေးခွင့်ပြုပါရန် ခွင့်တောင်း၍ 'သေခါနီး ပြောပြချက်' ရရှိရန် မေးမြန်းလေတော့သည်။

"မနှင်းရီ. . . မနှင်းရီ"

ရဲအုပ်စောသိန်း၏ တိုးတိတ်ညင်သာသော ခေါ်သံကြောင့် မနှင်းရီ မျက်လုံးအနည်းငယ်ပွင့်လာသည်။

"ကျွန်တော်ခေါ်တာ ကြားလား မနှင်းရီ"

သူမက အသာအယာ ခေါင်းညိတ်ပြရှာ၏။

"မနှင်းရီ ဘယ်လိုအဖြစ် ကြုံရတယ်ဆိုတာ နည်းနည်းလောက်ပြောပြပါလား"

သူမက ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း စကားပြောနိုင်ရန် ပါးစပ်ကို ဟ၍ ဟ၍ အနည်းငယ် အားယူရှာသည်။

ခက်ခဲပင်ပန်းစွာ အားထုတ်မှ စကားသံ ထွက်လာ၏။

"ကျ ကျွန်မ ဈေးသွားဖို့ ထွက်လာတာပါ။ ဘုရားဝင်းထဲက ဘိုးဘိုးကြီးကုန်းရောက်တော့ ထိုင်နေတဲ့ လူငယ်သုံးယောက် ကျွန်မနားကပ်လာပြီး ဆွဲကြိုးကို လုဖြုတ်ပါတယ်။ ကျွန်မ အော်ဟစ်ရုန်းကန်တော့ တစ်ယောက်က သံချွန်နဲ့ဝင်ထိုးလို့ ထိုးနဲ့ ကာမိပါတယ်။ ထိုးကို နှစ်ချက်ထိုးမိပြီး နောင်တစ်

ချက်မှာ ကျွန်မကို ထိုးမိသွားပါတယ်။ ကျွန်မ လဲကျသွား တော့ သူတို့ဟာ လမ်းကြားထဲကနေ ရွှေဂုံတိုင်လမ်းမကြီး ဘက် ထွက်ပြေးသွားကြပါတယ်"

တစ်လုံးချင်း အားယူပြောနေရရှာသော တိုးလျလွန်းသည့် အသံကြောင့် အာရုံစိုက်နားထောင်ကာ အမြန်ရေးမှတ်နေရသည်။

"သူတို့ကို မနှင်းရီ ယခင်က သိဖူးမြင်ဖူးပါသလား"

သူမက ခေါင်းကို အသာရမ်းကာ-

"သူတို့ သုံးယောက်စလုံးကို လုံးဝ မမြင်ဖူးပါဘူး။ ငါးထပ် ကြီးပတ်ဝန်းကျင်ရပ်ကွက်တွေက မဟုတ်တာတော့ သေချာ ပါတယ်ရှင်"

"သူတို့ ပုံပန်းသဏ္ဍာန်တွေကို မှတ်မိသလောက် ပြောပြပါ လား မနှင်းရီ"

"ကျွန်မဆွဲကြိုးကို လုဖြတ်တဲ့သူက ပိန်ပိန်အရပ်ရှည်ရှည် ဖြစ်ပြီး သံချွန်နဲ့ထိုးတဲ့လူနဲ့ ကျန်တစ်ယောက်က ပုပုသေး သေးလေးတွေပဲ ဖြစ်ပါတယ်၊ အားလုံးဟာ အသက် ၃ဝ ဝန်းကျင်ပဲ ရှိကြပါလိမ့်မယ်ရှင်. . ."

"မနှင်းရီကို ရန်ပြုတာ ဒီလက်နက်ပါလား. . ."

သူက အခင်းဖြစ်နေရာနှင့် မနီးမဝေးမှ တွေ့ရှိခဲ့သော တစ် ပေခန့် သံချောင်းချွန်တစ်ခုကို ပြ၍မေးသည်။

"ဟုတ်ပါတယ်ရှင်၊ ဒီသံချောင်းနဲ့ ရန်ပြုတာပါ"

မနှင်းရီ၏အသံက တဖြည်းဖြည်းပို၍ တိုးလျလာသည်။

ဝေဒနာခံစားနေရရှာပုံမှာလည်း တွေ့မြင်သူတိုင်းကိုရင်နင့်

နာကျင်စေသဖြင့် ရဲအုပ်စောသိန်းမှာ ဆက်လက် မမေးရက်အောင် ဖြစ်နေပေတော့၏။ လူ့ဘဝမှ ထွက်ခွာလုဆဲဆဲသူမ၏ နောက်ဆုံး အချိန်ပိုင်းကလေးကား ပူလောင်လွန်းလှစွာတကား၊ သူက ကရုဏာ သက်စွာဖြင့် မမေးတော့ဘဲ စောင့်ကြည့်နေတော့သည်။ မနှင်းရီ၏ မိသားစုကား သောကဗျာပါရ မီးကြီးလောင်မြိုက်ကာ တိတ်တဆိတ် ငိုကြွေးလျက်ရှိကြ၏။

အခြေအနေမှာ တစ်စထက်တစ်စ ဆိုးရွာလာသည်။ တစ် ကြိမ်နှစ်ကြိမ်မျှ သတိလစ်မေ့မျောနေရာမှ နံနက်(၀၇း၄၅) နာရီ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားရှာပါတော့သည်။

ရဲအုပ်စောသိန်း ဆေးရုံကြီးမှ ထွက်ခွာလာသောအချိန်၌ ကောင်းကင်ကြီးသည် စက်တင်ဘာမိုးဖွဲလေးများ ရွာချကာ ငိုကြွေး လျက်ရှိနေပါတော့သည်။

## (သုံး)

လိုအပ်သော သူတို့အား သူတော်စင်များကဲ့သို့ ကိုယ်နှုတ် စောင့်မခြင်းဖြင့် နှစ်သိမ့်စေတတ်သကဲ့သို့. . .

ဆေးဆရာဝန်ကဲ့သို့လည်း လူထု၏အစုအဝေး အဆောက် အအုံတွင်း၌ ဖျက်ဆီးနေသော ရာဇဝတ်သား၊ ဒုစရိုက်ကောင်ပိုးများ ကို ပယ်ဖျက်သုတ်သင်ခြင်းကား ရဲတပ်ဖွဲ့၏ မွန်မြတ်သောလုပ်ဆောင် ချက်ဖြစ်ပါသည်။

သာသနာ့ပရဝုဏ်အတွင်း ဖြစ်ပွားခဲ့သော ရက်စက်ကြမ်း ကြုတ်မှုကား စက်ဆုပ်ဖွယ်ကောင်းလှ၏။ အခင်းဖြစ် နေရာတစ်

ဝိုက်မှ သတင်းစုဆောင်းခဲ့သော်လည်း . . .

အခင်းမဖြစ်မီ နှစ်ရက်က လူရွယ်သုံးဦးကို ထိုနေရာ၌ ထိုင်နေသည်ကို တွေ့ရကြောင်းသာ သိရပြီး အထောက်အကူပြုသတင်းကား မရရှိဘဲဖြစ်နေ၏။ ကျူးလွန်သူတို့၏အကြောင်းနှင့် ထူးခြားမှုကိုကား မည်သူမျှ မပြောနိုင်ဘဲရှိသည်။ ရက်အတန်ကြာနေ့ညမရွေး ကြိုးပမ်းစုံစမ်းနေသည့်တိုင် အားထုတ်မှုက အချည်းအနှီးသာဖြစ်နေ၏။

မြို့နယ်မှူး ဒုရဲမှူး ကျော်အောင်က အနီးကပ်ကြီးကြပ်၍ အမှုပေါ်ရေး ဖိအားပေးသည်။ ဒုတိုင်းကလည်း နေ့စဉ်နှင့်အမျှ အမှု၏ တိုးတက်မှုအခြေအနေကို အစီရင်ခံခိုင်းသည်။

ပြည်သူ့လုံခြုံရေးအလေးထားသူ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးစံကြည်ကလည်း အမှုနှင့်ပတ်သက်၍ အမြဲ မေးမြန်းနေ၏။ ဒုစရိုက်လောက၌ ကျူးလွန်ပုံ၊ ကျူးလွန်နည်း၊ အလေ့အထကို လိုက်၍ အမျိုးမျိုးအဖုံဖုံကွဲပြားကြသည်။

လုယက်မှုကျူးလွန်ရင်း လက်ယဉ်စွာ ရန်ပြုတတ်သူများလည်း သီးခြားရှိနေ၏။ ဤအမှုတွင်လည်း ထိုကဲ့သို့သော ဒုစရိုက်သမားသာ ကျူးလွန်မည်ကို သုံးသပ်မိသူ ရဲအုပ်စောသိန်းက စုံစမ်းထောက်လှမ်းမှုကို ဖြန့်ကျက်သည်။ အမှုဖြစ်စဉ်ကို ရန်ကုန်တိုင်း တစ်တိုင်းလုံးရှိ ရဲစခန်းများသို့ အကြောင်းကြားသည်။ ရဲစခန်းအသီးသီးမှ လူဆိုးမှတ်တမ်းဖိုင်များ၊ လူဆိုးစာရင်းများ၊ အညွှန်းမာတိကာစာချုပ်များ များပြားစွာတို့ကို စစ်ဆေးကြည့်ရှု၏။ ညောင်မြစ်တူးရာ ပုတ်သင်ဥပေါ်သည့်ပမာ။

အခြားရဲစခန်းများတွင် ဖြစ်ပွားသော လုယက်မှု(၂)မှုဖော်ထုတ်ပေးနိုင်ခဲ့သည်။ မိမိအမှုကား မပေါ်ပေါက်ခဲ့ပါချေ။ တစ်ချိန်တည်းမှာပင် ဘူးလေးရာဖရုံဆင့်သည့်ပမာ ရဲတပ်ဖွဲ့၏ များလှစွာသော တာဝန်တွေက မှိုပေါက်သလို အလျှိုလျှိုပေါ်လာပြန်၏။ မှုခင်းစီမံချက်တွေ လုပ်ဆောင်ရသည်။ ယခင်အမှုတွေကိုလည်း ပစ်ထား၍မရ၊ စုံစမ်းရ ဖော်ထုတ်ရ တရားစွဲတင်ရသည်။ အခြားလုံခြုံရေးဆိုင်ရာတွေကလည်း နေ့ညမပြတ်။ လူမှုရေးကိစ္စတွေမှာလည်း လွှဲဖယ်မရ။ တာဝန်တွေက အနန္တ၊ များမှများလေစွဟုသာ တေးညည်းသလိုညည်းလိုက်ချင်၏။

အမှုတစ်မှုတည်းကို ဖောက်ချ၍ မပေါ်မချင်းဖော်ထုတ်နိုင်ခွင့်မပေး။

ဤသို့ဖြင့် အခင်းဖြစ်ပွားပြီး (၃)လအကြာတွင် (၁၉၉၁)ခုနှစ်ကုန်ဆုံးသွား၍ မနှင်းရီအသတ်ခံရသော အမှုသည် နှစ်ဟောင်းလက်ကျန်စာရင်း ဝင်သွား၏။ လအတန်ကြာသောအခါတွင်ကား ထိုအမှုကို လုပ်ထုံးလုပ်နည်းနှင့်အညီ စုံထောက်မရမှုဖြင့် ပိတ်သိမ်းလိုက်ရလေတော့သတည်း။

## (လေး)

"အမှုများစွာကို ဖော်ထုတ်နိုင်ခဲ့ပေမယ့် မနှင်းရီအသတ်ခံရတဲ့အမှုမှာတော့ ဗိုလ်စော အကြွေးကျန်နေတယ်နော်. . ."

ဥက္ကဋ္ဌတာဝန်မှ အနားယူသည့်နှုတ်ဆက်ပွဲ၌ ဗိုလ်မှူးစံကြည်က ရင်းရင်းနှီးနှီးဆိုသည်။ ရဲအုပ်စောသိန်းက ဆက်လက်ကြိုးပမ်းပါ

မည်ဟု ကတိပြု၏။ စုံထောက်မရမှုဖြင့် ပိတ်သိမ်းပြီးသောအမှု၊ အခြား တာဝန်တွေကလည်း တပုံတပင်မို့ သာမန်အားဖြင့်ဆိုပါက ပစ်ထား လိုက်လို့ရသည်။

အမှုပိတ်သိမ်းပြီးခဲ့သော်လည်း ရေဆုံးမိုးဆုံး လိုက်ဖော်ထုတ်ရန် သန္နိဋ္ဌာန်ချပြီးဖြစ်၏။

ဒုစရိုက်သမားတို့သည် စောစောပိုင်းသာ မိမိကျူးလွန်ခဲ့ပုံများကို နှုတ်လုံကြသော်လည်း အချိန်ကြာလာလျှင်တော့ မိမိအကြောင်းကို လူမိုက်အချင်းချင်း ထုတ်ဖော်ကြွားဝါလေ့ရှိသည်။

အင်းစိန်မြို့နယ်တွင် နှစ်ပေါင်းများစွာ လူဆိုးထိန်းလုပ်ခဲ့ဖူးသော သူ့အဖို့ ဒုစရိုက်သမားတို့၏ အလေ့အထ၊ သဘောသဘာဝကို ခရေစေ့တွင်းကျ သိပြီးသားဖြစ်၏။ ရဲအုပ်စောသိန်းက ဓားငထွန်းကို သတိရလိုက်သည်။ အခြားဓားသမားများကဲ့သို့ပင် ဓားမြှောင်ကိုင်၍ မိုက်သူမဟုတ်။ ရှည်လျားလှသော ငှက်ကြီးတောင်ဓားကို ပုဆိုးထဲထိုးထည့်ကာ လုယက်ဓားစွမ်းပြလေ့ရှိ၍ ဓားငထွန်းဘွဲ့ရထားသူ။

ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ ဗိုလ်မထားတမ်း မိုက်ဂုဏ်ဝင့်ခဲ့သူ။ မိမိနှင့်တွေ့တော့ ခြေသုတ်ပုဆိုးမွေ့ဆွယ်ကျိုးဖြစ်ရှာသည်။

ဓားငထွန်း ကျူးလွန်ခဲ့သမျှ ပြန်လည်ဖော်ထုတ်ခဲ့၏။

ထိုအမှုများဖြင့် ထောင် (၇)နှစ်ကျသွားသည်။

ကာလရှည်စွာ ငှက်ကြီးတောင်တဝင့်ဝင့်နှင့် ဥပဒေကို ပမာမခန့်ပြုနေသူတစ်ယောက် အင်းစိန်အုတ်တံတိုင်းအတွင်း (၇)နှစ်ကြာ နေရမည်ဆိုတော့ မတုန်လှုပ်စဖူး တုန်လှုပ်၊ မထိတ်လန့်စဖူး

ထိတ်လန့်သွား၏။

သည်မှာတင် ခေးထွန်း အကျွတ်တရားရသည်။

ရဲအုပ်စောသိန်း၏ မှန်ကန်သော စိတ်ဓာတ်၊ ရဲဝံ့သော သူရသတ္တိကို ချီးမွမ်းမဆုံး၊ ကျေးဇူးတင်မဆုံးဖြစ်နေ၏။

ခေးထွန်းကို အင်းစိန်ထောင်၌ သွားတွေ့သည်။

မနှင်းရီအသတ်ခံရသောအမှုနှင့် ပတ်သက်၍ ပါးနပ်စွာဖြင့် သတင်းယူပေးရန် ကတိပြုသည်။

ခေးထွန်းက အင်းစိန်ထောင်အတွင်းဝင်လိုက်ထွက်လိုက် လုပ်နေသော ဒုစရိုက်သမားများထံ ချဉ်းကပ်စုံစမ်းခိုက် သူ့အနေဖြင့်လည်း မမေ့မလျော့သောလုံ့လဖြင့် အခြားတာဝန်များကြားမှာပင် ထောက်လှမ်းနေခဲ့သည်။

အမှုဖြစ်ပွားပြီး နှစ်နှစ်နီးပါးကြာချိန် (၁၉၉၃-ခုနှစ်၊ ဩဂုတ်လ) ၌ကား ခေးထွန်းထံမှ အချက်ပြသော မီးစိမ်းကို မြင်လိုက်ရတော့သည်။

လူသတ် လုယက်သမား တရားခံ(၃)ဦးအနက် 'မောင်မြင့်' အား ဒဂုံရဲစခန်းတွင်လည်းကောင်း၊ စိုးတင့်ကို စမ်းချောင်းရဲစခန်းတွင်လည်းကောင်း ခိုးမှု မသင်္ကာမှုဖြင့် ဖမ်းထားကြောင်း၊ မူတူးဆိုသူမှာ လှိုင်သာယာ (၆)ရပ်ကွက် ၎င်း၏အိမ်၌ရှိနေကြောင်း သတင်းကို သိလိုက်ရ၏။

ရဲအုပ်စောသိန်းက မဆိုင်းမတွပင် ဒဂုံရဲစခန်းမှူး ရဲအုပ်အောင်ဆန်းနှင့် စမ်းချောင်းရဲစခန်းမှူး ရဲအုပ်သန်းလွင်တို့ထံဆက်သွယ်၍ ထိုသူများ အမှန်တကယ် ရှိမရှိ မေးမြန်းရာပြစ်မှုကြီးတင်ကာ

ကွယ်ရန်အတွက် မသင်္ကာမှုဖြင့် ချုပ်ထားကြောင်း သိရ၍ စစ်မေးရန် စီစဉ်လေတော့သည်။

(ငါး)

"အမှန်အတိုင်းသာ ပြောပေတော့ မောင်မြင့်၊ မင်းကို ငါး ထပ်ကြီးဘုရားဝင်းထဲမှာ လူသတ်မှု၊ လုယက်မှုနဲ့ ဖမ်းလိုက်ပြီ"

"ခင်ဗျာ"

မောင်မြင့်မှာ ဘာမှ မပြောနိုင်သေး။ မျက်လုံးအကြောင်သားနှင့် ကြည့်နေသည်။

ရဲကားက စမ်းချောင်းမြို့နယ်သို့ ဦးတည်ကာ ဦးဝိစာရလမ်းမကြီးအတိုင်း ပြေးလွှားနေလျက်. . .

"ဟုတ်တယ်ကွ၊ စိုးတင့်ကိုလည်း စမ်းချောင်းမှာ ဖမ်းထားပြီးပြီ၊ မင်းမပြောလည်း သူပြောမှာပဲ. . ."

ဖြောင့်ချက်ပေးဝန်ခံအစိုးရသက်သေဖြစ်တဲ့အတွက် ကြီးလေးတဲ့ အပြစ်ကနေ လွတ်ငြိမ်းချမ်းသာခွင့်ရတယ် မောင်မြင့်. . .

ဒီလူသတ်မှုမှာလည်း အရင်ဖော်တဲ့လူ သက်သာမှာပဲ။ ကဲ။ မနှင်းရီကို သတ်တာ ဘယ်သူလဲ၊ မင်းလား"

"မဟုတ်ဘူးဗိုလ်ကြီး၊ ကျွန်တော်မဟုတ်ဘူး။ သူသတ်တာ စိုးတင့်သတ်တာပါ။ အရှည်ကြီးမူတူးက ဆွဲကြိုးကို လုဖြုတ်ချိန်မှာ စိုးတင့်က သံချွန်နဲ့ထိုးတာပါ။ ကျွန်တော် ဖြောင့်ချက်ပေးပါ့မယ်"

"တရားရုံးမှာ ဖြောင့်ချက်ပေးနိုင်မလားမောင်မြင့်"

"ဟုတ်ကဲ့ ပေးပါမယ်ခင်ဗျား"

ကားက အလုံလမ်းဆုံကို ဖြတ်ကျော်သွားသည်။

လမ်းအနောက်ဘက်မှ ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ဥယျာဉ်ကို တင့်တယ်ခမ်းနားစွာ တွေ့နေရ၏။

တော်လှန်ရေးပန်းခြံအနီးပင် မရောက်သေး။ ခေတ္တမျှ အချိန်ကလေးအတွင်းမှာပင် (၂)နှစ်နီးပါး လျှို့ဝှက်နေခဲ့သော အမှုကြီးကား ပေါ်ပေါက်လေပြီတကား။

စမ်းချောင်းရဲစခန်းမှ တရားခံစိုးတင့်ကို ထုတ်ယူ၍ ဗဟန်းပြန်လာခဲ့သည်။

ချက်ချင်းပင် လှိုင်သာယာမှ ကျန်တရားခံ အရှည်ကြီးမူတူးကို သွားရှာဖွေရာ ၈ ရပ်ကွက်ရှေ့မှတ်တိုင်၌ ကားပေါ်အတက်တွင် ဖမ်းဆီးရမိလိုက်ပါတော့သည်။

၎င်းတို့ဝန်ခံချက်အရ လုယူသွားသော ရွှေဆွဲကြိုးအား ကမာရွတ်ဈေးအတွင်း ရွှေဆိုင်တစ်ဆိုင်မှ ပြန်လည်သိမ်းဆည်းလိုက်သည်။ ကံတရားကား အံ့ဩဖွယ် ဆန်းကြယ်လှပေသည်။

လှည့်စားမှုမာယာတွင်လည်း ကျွမ်းကျင်စွာတကား။

အမှုဖော်ထုတ်ရန်အတွက် တစ်တိုင်းလုံးရှိ ဒုစရိုက်သမားများစွာကို ခေါ်ယူထိန်းသိမ်းစေခဲ့သည်။

ဤသူ (၃)ဦးမှာကား ခေါ်ယူစစ်ဆေးရာ၌ မပါဝင်ဘဲကျန်နေခဲ့၏။

အကြောင်းမှာကား . . .

အခင်းမဖြစ်မီက ဤတရားခံများသည် လှိုင်သာယာမြို့နယ် တရားရုံး၌ ခိုးမှုဖြင့် အမှုရင်ဆိုင်နေကြရ၏။

တရားရုံး အာမခံဖြင့်လွတ်နေစဉ် ဤလူသတ်၊ လုယက်မှု ကြီးအား ဗဟန်းမြို့နယ်အတွင်း သွားရောက်ကျူးလွန်ကြခြင်းဖြစ်၏။

အခင်းဖြစ်ပြီး နောက်တစ်ရက် ခိုးမှုရုံးချိန်း၌ သူတို့အားလုံး ထောင် (၁)နှစ်စီ အပြစ်ပေးခံလိုက်ရတော့သည်။

ထောင်မှ တစ်ဖန် ရဲဘက်စခန်းပါသွားကြပြန်၏။

ဤသို့ဖြင့် သူတို့တစ်တွေအား လူသတ်လုယက်မှုနှင့် ပတ်သက်၍ အစစ်ဆေးခံရခြင်းမှ လွတ်ကင်းအောင် ကံတရားက လှည့်ဖြားခဲ့လေသည်။

မည်သို့ပင် ဖြစ်စေကာမူ. . .

မကောင်းမှုမှန်သမျှ ဆိတ်ကွယ်ရာ မရှိသကဲ့သို့ ရာဇဝတ်ဘေး ပြေးမလွတ်ပါချေတကား။

မြင့်မြတ်လှစွာသော ဂုဏ်ယူဖွယ်ရဲလုပ်ငန်းကို သစ္စာ၊ သမာဓိ၊ ရဲစွမ်းသတ္တိဖြင့် ထမ်းဆောင်တတ်သူ ရဲအုပ်စောသိန်းအဖို့ ကား. . .

ဒုစရိုက်သမားမှန်လျှင်. . .

မြေလျှိုးမိုးပျံ တိမ်ယံမှာ ပုန်းသူ ဖြစ်စေတော့ မဆုတ်မနစ် သော ဇွဲလုံ့လဖြင့် ရေမြေဆုံးတိုင် လိုက်လံကာ ပြည်သူ့ရန်ကို ဖယ်ရှား ရှင်းလင်းနေမည်သာ ဖြစ်ပါတော့သတည်း။

# မျက်ရည်သတ်သေ

(၁)

"အကြောင်းထူး တစ်စုံတစ်ရာပါလာတယ်မဟုတ်လား ဆရာဒူး. . ."

ဒုရဲအုပ်နော်လာ(ယခု ရဲအုပ်မြိတ်ခရိုက်ရဲတပ်ဖွဲ့မှူးရုံး) က ရေးကြီးသုတ်ပျာရောက်လာသည့် ဝါးဘလောက်သောက်ရဲကင်းမှူး ဒုရဲအုပ်လားဗဟာဒူးနှင့် ရယကများ၏ မျက်နှာအနေအထားကို ကြည့်၍ ခန့်မှန်းပြောဆိုရင်းနှုတ်ဆက်လိုက်သည်။

ရယကများမှာ သူနှင့်ရင်းနှီးခင်မင်သူများဖြစ်ပြီး နှစ်ခွကျေးရွာမှဖြစ်ပေ၏။

"ကျွန်တော်တော့ လူသတ်မှုဖြစ်လိမ့်မယ်လို့ ထင်တာ ပဲ ဆရာနော်လာ. ."

လူသတ်မှုဆို၍ ဒုရဲအုပ်နော်လာ၏ စိတ်ဝင်စားမှုက ပိုသွားရသည်။

"အတိအကျပြောလို့တော့မရသေးဘူး၊ စခန်းမှူးဆီသတင်းပို့လိုက်ဦးမယ်၊ ဆရာနော်လာပါ တစ်ခါတည်း လိုက်ခဲ့ပါလား" ဒုရဲအုပ်နော်လာ ခေါင်းညိတ်ပြလိုက်၏။

စခန်းမှူးရုံးခန်းထဲ သူတို့ဝင်လိုက်သည်နှင့် ရဲအုပ်ခင်မောင်ဝင်းက ဆီးကြိုနှုတ်ဆက်ကာ နေရာပေးသည်။

"ကဲ၊ ဘာသတင်းထူးများပါလဲဆရာတို့. . ."

"ကောက်ရိုးပုံမီးလောင်တဲ့ ပြာပုံထဲက တိရစ္ဆာန်အသေကောင်လို့ထင်ရတဲ့ မည်းမည်းအတုံးကြီးတစ်ခု၊ နှစ်ခွကျေးရွာ အနီးမှာတွေ့ရတဲ့အကြောင်း ဒီနေ့နံနက်ပိုင်းက သတင်းရခဲ့ပါတယ်။

သတင်းရတာနဲ့ ရဲကင်းတပ်ဖွဲ့ဝင်တချို့ ထုတ်နုတ်ပြီး ကျွန်တော်သွားကြည့်ခဲ့ပါတယ်။

အခင်းဖြစ်ပွားရာတွေ့တဲ့ မသင်္ကာဖွယ်အရာကို မီးရှို့ထားတဲ့ လူသေအလောင်းတစ်ခုလို့ ထင်မြင်ယူဆတာနဲ့ ဆရာ့ဆီလာသတင်းပို့တာပါ။ အနေအထား မပျက်စေချင်တာကြောင့် အသေးစိတ်စစ်ဆေးမှုတော့ မပြုခဲ့ပါဘူးဆရာ" ဒုရဲအုပ်လားဗလာဒူးက သတင်းပို့တင်ပြ၏။

အတွေးကိုယ်စီဖြင့် ခေတ္တမျှတိတ်ဆိတ်သွားသည်။

"ဒါနဲ့ပတ်သက်လို့ ပတ်ဝန်းကျင်ရွာတွေဆီက ဘယ်လိုသတင်းရလဲ ဆရာဒူး. . ."

"လွန်ခဲ့တဲ့ည (၁၁)နာရီခန့်က နှစ်ခွရွာနဲ့ မလှမ်းမကမ်း လယ်ကွင်းတစ်နေရာမှာ ကောက်ရိုးပုံတစ်ပုံမီးစွဲလောင်တာ တွေ့မြင်ကြရပါတယ်။

တန်ဖိုးသိပ်မရှိတာက တစ်ကြောင်း၊ တခြားကို ကူးစက်လောင်ကျွမ်းမယ့် အန္တရာယ်မရှိတာကြောင့် သွားရောက်ငြိမ်းသတ်ခြင်းမပြုခဲ့ကြပါဘူး. . .

လှည်းလမ်းဘေး ကောက်ရိုးပုံဖြစ်တဲ့အတွက် လှည်းတစ်စီးစီးပေါ်က ပစ်ချခဲ့တဲ့ ဆေးလိပ်တိုကြောင့် လောင်တာလား၊ (ဒါမှမဟုတ်) မလိုသူရှိလို့ လောင်တာလား၊ ပေ့ါပေ့ါပဲ တွေးခဲ့ကြပါတယ်။

ကောက်ရိုးပုံပိုင်ရှင်က နံနက်လင်းလို့ သွားကြည့်မှမသင်္ကာဖွယ်အရာကို တွေ့ရတဲ့အကြောင်း ရယက ကပြောပြပါတယ်။"

စခန်းမှူးက ဒုရဲအုပ်နော်လာကို ကြည့်လိုက်သည်။

"ဒီနေ့ ထူးခြားဖြစ်စဉ်သတင်း ဘာရှိသေးလဲဆရာနော်လာ"

"မရှိပါဘူး စခန်းမှူး. . ."

"ဒါဆိုရင် ကျွန်တော်တို့ အခင်းဖြစ်အရပ်ကို သွားကြမယ် ဆရာ။ လားဗဟာဒူးက ခရီးသွားဖို့စီစဉ်ပါ။ ဆရာနော်လာကတော့ ဆရာ့ရဲ့နယ်ထိန်းအဖွဲ့ကို စုစည်းပါ။ ပြီးတော့ ဆရာဝန်ပါတစ်ပါတည်း လိုက်ပါစစ်ဆေးပေးနိုင်ဖို့ မေတ္တာရပ်ခံ အကူအညီတောင်းပါ. . ."

ဒုရဲအုပ်နော်လာနှင့် လားဗလာဒူးတို့ အရိုအသေပြု၍ထွက်

သွားကြ၏။

ရဲအုပ်ခင်မောင်ဝင်းက လက်မှနာရီကို ကြည့်လိုက်သည်။

ညနေ (၃)နာရီထိုးရန် မိနစ်အနည်းငယ်သာလိုတော့ ကြောင်းတွေ့ရ၏။

စိတ်ထဲက အလွတ်ရပြီး နယ်မြေဖြစ်သော်လည်းအကြည့်က ရုံးခန်းနံရံရှိ ဝို့က်ဘုတ်ပေါ်မှ ကော့မှူးရဲစခန်းပိုင်နယ်မြေပြ မြေပုံကား ဆီသို့ရောက်သွားသည်။

ဝါးဘလောက်သောက် ရဲကင်းနှင့်ဆိုလျှင် တောင်ဘက်စွန်း စွန်းသုံးမိုင်ခန့်ဝေးပေလိမ့်မည် . . .၊

"နေမဝင်မီ အခင်းဖြစ်ရွာကိုရောက်နိုင်ပါ့မလား"

မနက်ဖြန်တရားရုံးသို့ စွဲတင်ရန်စီစဉ်ထားသည့် အမှုတွဲများ . . .

ယနေ့ညဆောင်ရွက်ရန် စီမံချက်ရေးထားသည့် ဒုစရိုက်မှု ကြိုတင်ကာကွယ်ရေးဝတ္တရားများ . . .

အထွေထွေလုံခြုံရေးတာဝန်များ . . .

သူလေပူကြီးတစ်ချက် မှုတ်ထုတ်လိုက်မိသည်။

"ဘာပဲဖြစ်ဖြစ် ညတွင်းချင်းအရောက်ပြန်လာမှ ဖြစ်မယ်"ဟု ဆုံးဖြတ်ချက်ချပြီး အလှည့်ကျတာဝန်မှူးအား ခေတ္တစခန်းမှူး အဖြစ် တာဝန်လွှဲပေး၏။

ပြီးသည်နှင့် ခရီးပြင်းနှင်လာခဲ့ကြသည်။

နေ့ဦးနေကလည်း တစ်စတစ်စ အနောက်ဘက်သို့ ယွန်းနေ ၏။

အပူရှိန်က တဖြည်းဖြည်းလျော့ကျလာသည်။

ကောင်းကင်ထက်မှ မြားဦးသဏ္ဍာန်အုပ်ဖွဲ့ပျံသန်းလာသည့် အိပ်တန်းပြန်ငှက်အုပ်နှင့်တစ်ပြိုင်တည်း ဝါးဘလောက်သောက် ရွာထဲသို့ သူတို့အဖွဲ့ဝင်၏။

ရဲကင်းသို့ ခေတ္တဝင်ကာစစ်ဆေးပြီး ဆက်ထွက်သည်။

မီးလောင်ထားသည့် ကောက်ရိုးပြာပုံထဲမှ မသင်္ကာစရာမည်းမည်းအတုံးကြီးကို တွေ့လိုက်ချိန်မှာတော့ အမှောင်ရိပ်က တိတ်တဆိတ်ဝင်ရောက်လာပြီဖြစ်ပါသည်။

(၂)

"အရွယ်ရောက်ပြီး ယောကျာ်းတစ်ယောက်အလောင်းဆိုတာတော့သေချာပြီ စခန်းမှူးကြီးရေ. . ."

ဒေါက်တာ ဒေါ်စန်းနွဲ့က မသင်္ကာဖွယ်အရာဝတ္ထုကို စစ်ဆေးနေရင်းမှ ရဲအုပ်ခင်မောင်ဝင်းကို ပြောလိုက်သည်။

ညဦးအမှောင်က တစ်စထက်တစ်စ သိပ်သည်းလာ၏။

ကောက်ရိုးမီးသင်းနံ့နှင့်အတူ အသားကိုမီးလောင်ကျွမ်းရာမှ ထွက်ပေါ်တတ်သည့် အညှော်နံ့တစ်မျိုးကိုပါ သူတို့သတိပြုမိ၏။

ဒုရဲအုပ်လားဗဟာဒူး စီစဉ်ထားသည့် ဘက်ထရီမီးချောင်း၏ အလင်းရောင်ဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်နေသည်။

မှုခင်းဓာတ်ပုံဆရာ၏ ကင်မရာမီးကလည်း လျှပ်ပြက်သလို ဖျတ်ခနဲ ဖျတ်ခနဲ လင်းလက်လျက်။

"ခန္ဓာကိုယ်ပေါ်မှာ လူသေနိုင်တဲ့ ထိုးသွင်းဒဏ်ရာနဲ့ ထက်

မြက်တဲ့လက်နက်ကြောင့်ရတဲ့ ပြတ်ရှဒဏ်ရာတွေတွေ့ရပါတယ်။

ပြီးတော့ အသက်ရှူလမ်းကြောင်းထဲမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်မီးခိုး၊ ပြာမှုန်စတာတွေ ဝင်ရောက်တဲ့အခြေအနေမတွေ့ရဘူး။"

"ဒါဆိုရင် အသတ်ခံရပြီးမှ အလောင်းကို မီးရှို့တယ်လို့ ထင်မြင်ယူဆနိုင်တာပေါ့ဆရာ. . ."

"ထင်မြင်ယူဆနိုင်တာမဟုတ်ဘူး ဆရာနော်လာ၊ ယုံမှားသံသယမရှိနိုင်တဲ့အချက်ပဲ. . ."

လူသတ်ပြီး အလောင်းကို မီးရှို့ဖျောက်ဖျက်တာ အသေအချာပါပဲ. . ."

ဒုရဲအုပ်နော်လာ၏ ထင်မြင်ချက်ကို ရဲအုပ်ခင်မောင်ဝင်းက ဖြည့်စွက်ပြောပြသည်။

"မီးလောင်ကျွမ်းခံထားရတဲ့အတွက် ထင်ရှားတဲ့ ပြင်ပအမှတ်အသားရှာမတွေ့ပေမယ့် သေသူဟာ ဘယ်သူဘယ်ဝါဆိုတာ ပြောပြနိုင်တဲ့ သက်သေခံပစ္စည်းတစ်ခုတော့တွေ့တယ် စခန်းမှူးကြီး၊ ဒါလေးကြည့်ပါဦး"

ဒေါက်တာဒေါ်စန်းနွဲ့က ရဲအုပ်ခင်မောင်ဝင်းကို လှမ်းပေးလိုက်သည်။

"သတ္တုကွပ်ထားတဲ့ သွားကလေးတစ်ချောင်းပါလား"

"ဟုတ်ပါတယ် စခန်းမှူးကြီး၊ သေသူရဲ့အောက်သွားပါ. . ."

"ကျေးဇူးတင်ပါတယ်။ ဒေါက်တာဒေါ်စန်းနွဲ့ရေ၊ တစ်ခု

တည်းသော သက်သေခံပစ္စည်းဖြစ်တဲ့ ဒီသွားကလေးတစ်ချောင်းကြောင့်သာ သေသူကို ဖော်ထုတ်နိုင်မှာပါ. . . အဲဒီကမှတစ်ဆင့် အမှုဖော်ထုတ်ရမှာဖြစ်ပါတယ်။

ရဲအုပ်ခင်မောင်ဝင်း ဝမ်းမြောက်ဝမ်းသာဖြင့် ကျေးဇူးစကားဆိုလိုက်သည်။ ဒေါက်တာ ဒေါ်စန်းနွဲ့၏ စစ်ဆေးတွေ့ရှိချက်တွေအရ အမှုက လူသတ်မှု၊ အလောင်းဖျောက်ဖျက်မှုဖြစ်နေပြီ၊ သို့သော်လူသတ်သမားမည်သူလဲ၊ ဘာကြောင့်သတ်ရသလဲ၊ ဒါတွေကို ဖော်ထုတ်ဖို့နေနေသာသာ သေသူကိုပင် မည်သူမှန်းမသိသေး။

စပ်ဆိုင်သည့်အချင်းအရာ၊ သက်သေခံပစ္စည်းကလည်း သတ္တုကွပ်ထားသည့် သွားကလေးတစ်ချောင်းမှလွဲ၍ အခြားဘာမျှမရှိ အမှုအခြေအနေက မဟာသမုဒ္ဒရာအောက် ကျပျောက်သွားသည့် ကျောက်စရစ်ခဲတစ်လုံးကို ရှာရသည်သို့ ရှိပေလိမ့်မည်။

မည်သို့ပင်ဆိုစေ ရဲအုပ်ခင်မောင်ဝင်းကတော့ ရဲလုပ်ငန်းကို ပြည့်ပြည့်စုံစုံ၊ စနစ်တကျဆောင်ရွက်သည်။ ဓာတ်ပုံမှတ်တမ်းတင်ပြီး အခင်းဖြစ်ရပ်မြေပုံကြမ်းရေးဆွဲ၏။ ပြီးသည်နှင့် အလောင်းစတင်တွေ့ရှိသည့် ကောက်ရိုးပုံပိုင်ရှင်၊ ကောက်ရိုးပုံမီးလောင်ခြင်းကို မြင်တွေ့ရသည့် သက်သေများ၊ တစ်ယောက်မကျန်အောင် စုံစမ်းမေးမြန်းစစ်ဆေးခဲ့သည်။ နောက်ဆုံးဒေါက်တာဒေါ်စန်းနွဲ့၏ ခွင့်ပြုချက်အရ နှစ်ခွကျေးရွာ ရယကာ၏ အကူအညီယူကာ အလောင်းကိုသဂြိုဟ်လိုက်ရတော့သည်။

လုပ်ငန်းပြီးပြတ်၍ ကော့မှူးကို သူတို့ပြန်ကြမည်ဆိုတော့ ခုနစ်စင်ကြယ်ပြောင် အမြီးရယ်ထောင်နေပေပြီ၊ ညအမှောင်ကလည်း

ပိန်းပိန်းပိတ်ထူထပ်သိပ်သည်းလွန်းလှသည်။ တစ်နေ့ခင်းလုံး ခရီးပြင်းနှင်လာရ၊ အလောင်းစစ်ဆေးရ၊ သတ်သေမျှားစစ်ရနှင့်လည်း ပင်ပမ်းနွမ်းနယ်နေကြပြီ။

သို့သော် နောက်ပိုင်းမှာလည်း အရေးကြီးတာဝန်တွေနှင့် ညအိပ်နားနေ၍မဖြစ်သေး၊ သူတို့ပြန်ခဲ့ကြ၏။

လျှို့ဝှက်နေသည့်အမှုကို ပေါ်ပေါက်အောင် ထုတ်ဖော်ရမည့် အဓိကမှာ အမှုစစ်နှင့်နယ်ထိန်းအဖွဲ့။

အမှုကိုင်တွယ်စစ်ဆေးသည့် ရဲအုပ်ခင်မောင်ဝင်း စခန်းမှူးတာဝန်များဖြင့် နေ့မအား၊ ညမနား၊ ဖြစ်နေရ၍ ဒုရဲအုပ်နေဘ်လာက သူ့နယ်ထိန်းအဖွဲ့နှင့် အမှုဖော်ထုတ်နိုင်ရေး ကြိုးစား၏။

ဒုရဲအုပ် လားဗလာဒူးနှင့် ပူးပေါင်းကာ ဝါးဘလောက်သောက်၊ ဘို့ဒင်၊ နှစ်ခွ၊ ထန်းပင်ကန်၊ ကမာပါရွာများသို့ လှည့်လည် စုံစမ်းသည်။ ရက်အနည်းငယ်ကြာလာသည့်တိုင် အခြေအနေက ထူးခြားမှုမရှိသေး၊ အဆိုပါရွာများတွင် လူပျောက်မှုသတင်းမရှိ၊ မသင်္ကာဖွယ်ရာဧည့်စိမ်းအဝင်အထွက်လည်းမတွေ့ရ။

ဒုရဲအုပ်နေဘ်လာက ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ရွာများမှ ရယကများနှင့်လည်း ဆက်သွယ်ကာ သတင်းဖြန့်သည်။

ကြိုးစားသူအတွက် ထိုက်တန်သော ရလဒ်တစ်ခုဟုပင်ဆိုရပါမည်။

အခင်းဖြစ်ပွားပြီး ရက်အနည်းငယ်အကြာမှာပင် အသက် (၄၀)အရွယ်ခန့် ယောကျ်ားတစ်ယောက်ကော့မှူးရဲစခန်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာပါတော့သည်။

(၃)

"ကျွန်တော်စိုးရိမ်တဲ့အတိုင်း ဖြစ်လာပြီပေါ့ခင်ဗျာ. . .၊ ကျွန်တော့်ညီကလေးရဲ့ အလောင်းဆိုတာ သေချာပါပြီဗျာ . . . မောင်တာရေ. . . ညီလေး အဖြစ်ဆိုးလှချည်လားညီလေးရေ. . ."

ကြွေကြွေကွဲကွဲငိုကြွေးရင်း မျက်ရည်မိုး ဖြိုင်ဖြိုင်ရွာနေသည့်သူကိုကြည့်၍ စခန်းမှူးရဲအုပ်ခင်မောင်ဝင်းနှင့် ဒုရဲအုပ်နော်လာတို့စိတ်မကောင်းဖြစ်မိကြသည်။

"ကျွန်တော်တို့မှာ ဒီညီအစ်ကိုလေးနှစ်ယောက်ပဲရှိတာပါဆရာ၊ ကျွန်တော့်ညီလေးဟာ သူတော်ကောင်းပါ။ အမေအိုကြီးကို လုပ်ကျွေးနေတာပါ။

အမေ့ကို အစ်ကိုဘယ်လိုပြောရမှာလဲ ညီလေးရာ. . ."

ကိုယ်ချင်းစာနာစိတ်ဖြင့် ငိုကြွေးနေသူကို သူတို့မတားမိ၊ ကရုဏာသက်စွာနှင့်သာ နားလည်ပေးနေမိ၏။

သူ့အမည်က ကိုရွှေလှဖြစ်သည်။ သူနေထိုင်သည်က ကွမ်းခြံကုန်းမြို့နယ်အတွင်းက (---)ရွာကလေးတွင်ဖြစ်၏။ ညီအစ်ကိုနှစ်ယောက် မိခင်အိုကြီးကို လုပ်ကျွေးပြုစုလျက်ရှိသည်။ ကိုရွှေလှက မိခင်ကြီးနှင့်အတူနေသည်။ ညီဖြစ်သူမောင်တာက အခြားရွာတစ်ရွာမှာ လယ်သူရင်းငှား သွားလုပ်နေ၏။

တစ်နေ့တွင် မိခင်ကြီးနေမကောင်း၍ ကိုရွှေလှ ညီငယ်ရှိရာ (---)ရွာသို့လာခဲ့၏။

လယ်သူရင်းဒိုင်အိမ်တွင် ညီငယ်ကိုမတွေ့ရ။

"လွန်ခဲ့တဲ့လေးငါးရက်ကတည်းက ပြန်သွားပြီ"ဟု ပြော၏။ မဖြစ်နိုင်ဟု ကိုရွှေလှတွေးသည်။ ညီလေး မောင်တာတစ်ယောက် မိခင်ကြီးနှင့် သူ့အပေါ် မည်မျှထိ သံယောဇဉ်ကြီးမားသည်ကို သူသာ အသိဆုံး၊ သည်မိသားစုလေးနှင့်သည်အိမ်ကိုခွဲပြီး ညီလေးဘယ်ကိုမှ သွားမည်မဟုတ်၊ သေမှသာသည်အိမ်မှ ခွဲခွာပေလိမ့်မည်. . .။

"ဘုရား. . . ဘုရား. . . ဖွ၊ လွဲပါစေ ဖယ်ပါစေ. . ."

ကြီးမားသော စိုးရိမ်စိတ်ဖြင့် ကွမ်းခြံကုန်းရဲစခန်းသို့ ကိုရွှေလှပြေးသွားခဲ့သည်။ လူပျောက်တိုင်ကြားသည်။ ကော့မှူးရဲစခန်း၏ သတင်းပို့ချက်ကို ရထားသည့် ကွမ်းခြံကုန်းရဲစခန်းမှူးက ကိုရွှေလှကို ကော့မှူးရဲစခန်းသို့လွှတ်၏။

ကိုရွှေလှ စခန်းမှူးရဲအုပ်ခင်မောင်ဝင်းနှင့် တွေ့သည်။ ဒုရဲအုပ်နေဘ်လာနှင့်တွေ့သည်။

ကောက်ရိုးပုံနှင့်အတူ မီးရှို့ကာ ဖျောက်ဖျက်ခြင်းခံရသည့် အလောင်းတစ်လောင်း၏ မှုခင်းမှတ်တမ်းဓာတ်ပုံများ၊ ပြီးတော့ သတ္တုကွပ်ထားသည့် အောက်သွားတစ်ချောင်း. . .။

ကိုရွှေလှမျက်နှာက ရုတ်ခြည်းပင် ပြိုတော့မည့်မိုးလိုညိုမည်း သွား၏။ ချက်ချင်းပင် မျက်ရည်မိုးတွေ သဲသဲမဲမဲရွာချလိုက်တော့သည်. . .။

"ညီလေးမောင်တာမှာ သတ္တုကွပ်ထားတဲ့ အောက်သွားတစ်ချောင်းရှိပါတယ်ဆရာ. . ."

အချိန်အတန်ကြာထိ ကိုရွှေလှငိုကြွေး၏။ အားရပါးရငိုပြီးမှ စစ်မေးခွင့်ရ၏။

"မောင်တာ လူငှားသွားလုပ်နေတာကြာပြီလား..."

"လွန်ခဲ့တဲ့လေး၊ ငါးလခန့်ကတည်းကပါဆရာ"

"လူငှားလုပ်တာက ဘယ်ရွာမှာလဲ..."

"ကွမ်းခြံကုန်းမြို့နယ် (...)ရွာက လယ်ပိုင်ကြီးဦးထွန်းဆီမှာပါ"

"မောင်တာက သူ့စာရင်းဒိုင်နဲ့ အဆင်ပြေရဲ့လား"

"ပြဿနာတစ်စုံတစ်ရာဖြစ်တယ်လို့တော့ မကြားမိပါဘူးဆရာ၊ ဦးထွန်းရဲ့ တူမလေးနဲ့တော့ ချစ်ကြိုက်နေတယ်လို့ ညီလေးတစ် ခေါက်ပြန်လာတုန်းက ပြောဖူးပါတယ်..."

ရဲအုပ်ခင်မောင်ဝင်းနှင့် ဒုရဲအုပ်နော်လာတို့က ကိုရွှေလှကို အသေးစိတ်မေး၏။

ကိုရွှေလှ ပြန်သွားချိန်မှာတော့ ပဟေဠိဖြစ်နေသည့် လူသတ်မှုကြီးကို ဖော်ထုတ်နိုင်ရေးအတွက် ရောင်ခြည်တွေ နိဒါန်းပျိုးနေပြီ ဖြစ်ကြောင်း သူတို့သတိပြုမိလိုက်သည်။

ဒုရဲအုပ်နော်လာ အချိန်ဆိုင်းမနေပါ။ ကိုရွှေလှထံမှရသည့် သတင်းအစအနတွေကို ဆွဲကိုင်ရင်း သူ့နယ်ထိန်းအဖွဲ့နှင့်အတူ ခရီးထွက်ခဲ့သည်။

ဝါးဘလောက်သောက် ရဲကင်းမှူး ဒုရဲအုပ်လားဗဒူးအဖွဲ့နှင့် ပူးပေါင်း၍ အချက်အလက်များ ဆက်လက်စုဆောင်း၏။

သူတို့နှစ်ယောက်ကတော့ လယ်ပိုင်ကြီးဦးထွန်း၏တူတော် သူနိုင်ဝင်းနှင့် နိုင်မင်းညီအစ်ကိုနှစ်ဦး...

သူတို့နှစ်ဦးမှာ မောင်တာ၏ချစ်သူဆိုသော မအုန်းခင်မြင့်၏

မောင်နှင့်အစ်ကိုများလည်းဖြစ်ကြပါသည်။

(၄)

"ကျွန်တော်တို့မှာ မိဘများမရှိကြတော့ပါဘူး။ မောင်နှမတွေ အားလုံး ဦးလေး ဦးထွန်းဆီမှာ အလုပ်လုပ်ရင်း မှီခိုနေထိုင်ကြပါတယ်။

ကျွန်တော်က အစ်ကိုအကြီးဆုံးဖြစ်ပြီး၊ မအုန်းခင်မြင့်က အလတ်၊ မောင်နိုင်မင်းက ညီအငယ်ဆုံးပါ။ မောင်တာနဲ့ ကျွန်တော်တို့ လယ်လုပ်ငန်းတွေ အတူတွဲပြီး လုပ်နေရတာ ဖြစ်တဲ့အတွက် ခင်မင်ကြပါတယ်။

ရန်ငြိုးရန်စလည်း မရှိပါဘူး။

မောင်တာနဲ့ မအုန်းခင်မြင့်တို့ မေတ္တာမျှနေတယ်ဆိုတာ လည်း ကျွန်တော်တို့မသိကြပါဘူး။

တစ်နေ့ မောင်တာ သူ့ရွာပြန်တုန်း ဦးလေးထွန်းက ကျွန် တော်တို့ ညီအစ်ကိုတွေကိုခေါ်ပါတယ်။

"သူရင်းငှားမောင်တာနဲ့ မအုန်းခင်မြင့်တို့ ချစ်ကြိုက်နေကြ တယ်၊ တစ်ရွာသား ကလေကချေကောင်နှင့်ရသွားမယ်၊ စိတ်အေးရအောင် မောင်တာကို အပြတ်ရှင်းပစ်ရမယ်"လို့ ပြောပါတယ်။

ဦးလေးစကားကိုလည်း မပယ်ရှားဝံ့တာတစ်ကြောင်း၊ မအုန်း ခင်မြင့်ကိုလည်း သူရင်းငှားနဲ့ မရစေချင်တာတစ်ကြောင်း ကြောင့် မောင်တာကို အရက်သောက်ခေါ်သွားပြီး ကျွန်

တော်တို့ ညီအစ်ကိုက သတ်လိုက်မိကြပါတယ်။

သတ်ပြီးတဲ့အကြောင်း ဦးလေးကိုပြောတော့ လှည်းပေါ်တင်ပြီး ဝေးရာကို သွားဖျောက်ဖျက်ဖို့ပြောတာနဲ့ မောင်တာ့အလောင်းကို လှည်းပေါ်တင်ပြီး ထွက်ခဲ့ကြပါတယ်။ အခြေအနေမပေးတာနဲ့ ကော့မှူးမြို့နယ်ထဲအထိရောက်လာပါတယ်။ နှစ်ခွအနီးကျမှ အလောင်းကိုကောက်ရိုးပုံပေါ်တင်ပြီး ကောက်ရိုးဖုံးထားပစ်ခဲ့ပါတယ်။ ဦးလေးကို အကျိုးအကြောင်းပြောပြတော့ မီးရှို့ဖျောက်ဖျက်ဖို့ပြောပြီး ဒီဇယ်ဆီတစ်ပုလင်းပေးတာနဲ့ နောက်နေ့ညခင်းမှာ ကောက်ရိုးပုံမီးရှို့ပြီး အလောင်ကို ဖျောက်ဖျက်ခဲ့ခြင်းဖြစ်ပါတယ်. . .”

စခန်းမှူးရဲ့အုပ် ခင်မောင်ဝင်း၊ နယ်ထိန်းအရာရှိ ဒုရဲအုပ်နော်လာနှင့် ဝါးဘဲလောက်သောက်ရဲကင်းမှူး ဒုရဲအုပ်လားဗလာဒူးတို့ ကြိုးပမ်းမှုဖြင့် လူသတ်မှုကြီးတစ်ခုလုံးကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်နိုင်ခဲ့သည်။

တရားခံများက ၎င်းတို့၏သဘောဆန္ဒအတိုင်း တရားရုံး၌ ဖြောင့်ချက်ပေးခဲ့ကြ၏။

တရားခံထွက်ဆိုချက်များအရ ဦးထွန်းကိုပါ ဖမ်းဆီးလိုက်သည်။

လူသတ်မှု၏မူလအခင်းဖြစ်အရပ်မှာ ကွမ်းခြံကုန်းမြို့နယ်အတွင်းဖြစ်၍ ရဲလုပ်ငန်းပြီးပြည့်စုံနေပြီဖြစ်သော အမှုတွဲနှင့်တရားခံများအား ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ မည်သို့ပင်ဆိုစေ. . .

မဟာသမုဒ္ဒရာအောက် ကျပျောက်သွားသည့်ကျောက်စရစ်ခဲကလေးတစ်လုံးကို ရှာရသည့်ပမာ. . .

စပ်ဆိုင်သည့် အချင်းအရာ၊ သက်သေခံပစ္စည်းဆို၍ သတ္တုကွပ်ထားသည့် သွားကလေးတစ်ချောင်းသာရှိသည့်၊ ခက်ခဲနက်နဲလှသည့် ပဟေဠိပုစ္ဆာလူသတ်မှုကြီးကတော့ တရားဥပဒေ၏ရှေ့မှောက်ရောက်ရှိလာခဲ့ပါချေပြီ။ သို့သော်. . . ဦးထွန်း၏ လယ်တဲသို့ မေးမြန်းစုံစမ်းရန် သွားရောက်စဉ် တိတ်တခိုး ရှိုက်ငိုနေသည့်မအုန်း ခင်မြင့်၏ ပါးပင်ထက်မှ စီးကျနေသော မျက်ရည်များအားလျှပ်တစ်ပြက် မြင်တွေ့ရခြင်းကို အကြောင်းပြု၍ လူသတ်မှုကြီးပေါ်ပေါက်ခဲ့ခြင်းကိုတော့ ဒုရဲအုပ်နေဘ်လာမှလွဲ၍ မည်သူမျှ သိနိုင်လိမ့်မည် မဟုတ်ပါချေ။

# ငရုံးပြီးတော့ဆူးခက်

ရဲအုပ်နော်လာနှင့် ကျွန်တော်ရောက်နေသည့်နေရာက သင်္ဘောပဲ့ပိုင်း၏ အပေါ်ဆုံးထပ်၊ အသက်ကယ်လှေများထားရာ ကုန်းပတ်ပေါ်မှာ ဖြစ်သည်။

ပင်လယ်လေက ခပ်ပြင်းပြင်း တိုက်ခတ်လျက်ရှိ၏။

ရေခိုးရေငွေ့တွေ သယ်ဆောင်လာသည့် ညဥ့်ဦးပိုင်း လေကြောင့် အအေးဓာတ်ကို သိသိသာသာ ခံစားနေရသော်လည်း ဂျာကင်အင်္ကျီဇစ်ကို ကျွန်တော် ဆွဲမစေ့မိ။

သည်ပင်လယ်အတွေ့အကြုံက ကျွန်တော့်အတွက် ပထမဆုံးဖြစ်၏။ ထို့ကြောင့် သဘာဝပင်လယ်လေ၏ ချမ်းစိမ့်မှုကို နှစ်ခြိုက်စွာပင် ခံစားနေမိခြင်းဖြစ်သည်။

ကောင်းကင်ထက်တွင်တော့ မှုံမှားမှား ကြယ်လေးတွေကိုသာ ဟိုတစ်ပွင့်၊ သည်တစ်ပွင့် တွေ့နေရ၏။

ရေလှိုင်းပုတ်သံတွေကို တဖျန်းဖျန်း ကြားနေရသည်။ သင်္ဘော နံဘေးကို လာရောက်ရိုက်ခတ်နေခြင်းဖြစ်၏။

အင်ဂျင်စက်သံက တဖြည်းဖြည်း နှေးကွေးလာ၏။

အချိန်အနည်းငယ်အတွင်းမှာပင် သင်္ဘောဦးပိုင်းဆီက 'တဝေါဝေါ'နှင့် ဆူညံသံကြီး ထွက်ပေါ်လာသည်။

"သင်္ဘောကျောက်ချလိုက်ပြီ"

ရဲအုပ်နော်လာက အဝေးဆီ လှမ်းမျှော်ကြည့်နေရာက ပြော၏။

ရန်ကုန်ဆိပ်ကမ်းမှ သင်္ဘောထွက်ခွာလာခဲ့သည်မှာ တစ်ည အိပ် နှစ်ရက်ခရီး ရှိခဲ့ပေပြီ။ နောက်ထပ် တစ်နာရီခွဲခန့် ခုတ်မောင်း ပါက မြိတ်မြို့သို့ ရောက်မည်ဖြစ်သော်လည်း ပင်လယ်ရေကျချိန် ဖြစ်နေ၍ ဆိပ်ကမ်းသို့ ကပ်၍မရ။ ထို့ကြောင့် ပင်လယ်ထဲမှာပင် ကျောက်ချရပ်နားကာ ယနေ့ည အိပ်ရဦးမယ် ဖြစ်သည်။

"ဟို မီးရောင်တွေဟာ ဘိတ်မြို့ပေါ့"

ညပင်လယ်အမှောင်ထု၏ ဟိုးအဝေးတစ်နေရာတွင် မီးရောင် တွေ တလက်လက် ပြန့်ကြဲလင်းထိန်လျက် ရှိသည်ကို လှမ်းတွေ့ နေရ၏။

ရဲအုပ်နော်လာက 'မြိတ်'ကို 'မြိတ်'ဟု မပြော။ ဒေသအခေါ် အဝေါ်အတိုင်း 'ဘိတ်'ဟု သုံးနှုန်းလိုက်ခြင်းကို ကျွန်တော် သတိပြု မိ၏။

သူသည် မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် တာဝန်ထမ်းဆောင် နေသူဖြစ်၏။ ရန်ကုန်သို့ တာဝန်ဖြင့်သွားရာက ယခု မြိတ်သို့ ပြန်ခြင်းဖြစ်သည်။

ကျွန်တော်ကတော့ လူကုန်ကူးမှု၊ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုနှင့် ဌာနရဲတပ်ဖွဲ့၏ ရာဇဝတ်မှုလျှော့နည်း ကျဆင်းရေး ဆောင်ရွက်ချက်များကို လေ့လာရန် ပင်လယ်ခရီးရှည် ထွက်ခဲ့ခြင်း ဖြစ်၏။

ကျွန်တော့်ခရီးစဉ်က ရန်ကုန်မှ မြိတ်၊ မြိတ်မှတစ်ဆင့် မြန်မာနိုင်ငံ၏ တောင်ဘက်စွန်း နယ်စပ်တံခါးပေါက် ကော့သောင်းမြို့ထိ ဖြစ်သည်။

သူနှင့်ကျွန်တော် ဟားခါးသင်္ဘော၏နှစ်ယောက်အိပ် အထက်တန်းခန်း တစ်ခန်း၌ ရေစက်ဆုံမိခဲ့ကြသည်။

မှုခင်းစာရေးသူ ကျွန်တော့်အဖို့တော့ သူနှင့်ဆုံစည်းရခြင်းက အချိုရှာ သကာတွေ့ခြင်းပင်ဖြစ်၏။

ဘွဲ့ရခေတ်ပညာတတ် ရဲအရာရှိတစ်ဦးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်အတွင်း နယ်ထိန်းအရာရှိ လုပ်ခဲ့ဖူးသော သူနှင့် ပြစ်မှုဗေဒနှင့် ထူးခြားဖြစ်စဉ် မှုခင်းများအကြောင်း၊ ဆိုးသွမ်းဒုစရိုက်သမားများအကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြသည်။

မြိတ်ကိုရောက်လျှင် သူနှင့်ကျွန်တော် ခွဲခွာကြရမည်။

မနက်ဖြန်နံနက်ဆိုလျှင် မြိတ်ကိုရောက်တော့မည်။ ကျွန်တော်တို့ ဆွေးနွေးပွဲကတော့ မပြတ်သေး။

"ဒုစရိုက်သမားဆိုတာလည်း လူသားထဲက လူတစ်ယောက်ပါပဲ၊ ပတ်ဝန်းကျင် လှုံ့ဆော်မှုနှင့် ဘဝပေးအခြေအနေတွေကြောင့် လူ့အသိုင်းအဝိုင်းက မနှစ်မြို့တဲ့ ဒုစရိုက်သမားဘဝကို ခံယူနေကြရတာပါ။ ငဲ့ညှာထောက်ထားစိတ်နှင့် ပညာပေးကြရမယ်။ လူကောင်း

လူတော်ဖြစ်အောင် ဝိုင်းဝန်းဖေးကူကြရမယ်လို့ ကျွန်တော် ယူဆတယ် ဆရာနော်လာ"

ကျွန်တော်က အချိန်ရှိခိုက် လုံ့လစိုက် ထုံးနှလုံးမူ၍ ဆွေးနွေးပွဲကို အတင်းပြန်စလိုက်၏။

"ကျွန်တော့်ဆီက ကုန်ကြမ်းတွေ ညှစ်ထုတ်နေပြန်ပြီ"

ရဲအုပ်နော်လာက ကျွန်တော့်ဘက်လှည့်ကာ ပြုံး၍ ပြော၏။ သူ့အပြုံးက 'သိနေတယ်နော်'ဆိုသည့် အပြုံး။

သူ ပြုံးမည်ဆိုကလည်း ပြုံးလောက်ပါ၏။ ပြောမည်ဆိုကလည်း ပြောသင့်ပါ၏။ ကျွန်တော်ကလည်း ကျွန်တော်ပင်ဖြစ်၏။ ရန်ကုန်မှ သင်္ဘောခွာချိန်ကစ၍ ယခုထိ မနားတမ်းနီးပါး မေးမြန်းခဲ့၏။ အသံသွင်းကြိုးခွေနှင့် တစ်ဖုံ၊ မှတ်စုစာအုပ်နှင့်တစ်သွယ် ရေးခဲ့မှတ်ခဲ့သည် မဟုတ်ပါလား။

"စာရေးဆရာတစ်ယောက်အနေနဲ့ ရှုထောင့်အမျိုးမျိုးကနေ ကြည့်မယ်၊ ဒုစရိုက်သမားရဲ့ နေရာကဝင်ပြီး ခံစားကြည့်မယ်ဆိုရင်တော့ ဆရာတွေးခေါ် ယူဆတာ သင့်မြတ်ပါတယ်။

ကျွန်တော် ရဲတပ်ဖွဲ့ထဲ ရောက်ကာစကလည်း ဆရာ့အမြင်မျိုး ရှိခဲ့ပါတယ်။ ပြစ်မှုကျူးလွန်ပြီး လူဆိုးတွေ၊ ဒုစရိုက်မှု ကျူးလွန်ဖို့ အလားအလာရှိသူတွေနှင့် အကျင့်စာရိတ္တ ဖောက်ပြန်ပျက်ပြားနေသူတွေကို သတိပေးတာ၊ ပညာပေးတာတွေ လုပ်ခဲ့ဖူးပါတယ်။

လူအချို့ လမ်းမှန်ရောက်သွားပေမယ့် လူမိုက်တစ်ချို့ကတော့ ကျွဲပါးစောင်းတီးသလိုပါပဲ။ ကြာလေ ဆိုးလေ၊ ကြာလေ မိုက်လေနှင့် အဆိုးအမိုက်ဘွဲ့တွေ ထပ်ဆင့်ခံယူပြီး ပြည်သူလူထုရဲ့ အသက်အိုးအိမ်

စည်းစိမ်ကို ခြိမ်းခြောက်လာခဲ့ကြတယ်။

ဘယ်လိုမှ ပညာပေးဆုံးမလို့ မရတာနဲ့ နောက်ဆုံး တားဆီးခြင်းအနေနှင့် သေနတ်နှင့် ပစ်ခတ်ပြီး အသေဖမ်းဆီးခဲ့ရတယ်လေ"

"အဲဒီ ဒုစရိုက်သမားအကြောင်း ပြောပြပါဦးလား"

"ပြောပြပါ့မယ် ဆရာ၊ ဒါပေမယ့် ကျန်တဲ့သူတွေ စိတ်အနှောင့်အယှက်မဖြစ်အောင် အမည်ရင်းတွေကိုတော့ မဖော်ပြပါနဲ့တော့ ဆရာ၊ ကော့သောင်းမြို့နယ်ထဲမှာရှိတဲ့ ရွာတစ်ရွာက ဒုစရိုက်သမားတစ်ယောက်လို့ပဲ ဆိုကြပါစို့"

ရဲအုပ်နော်လာက သူ့ဇာတ်လမ်းကို အစပျိုးလိုက်၏။

တစ်ပြိုင်တည်းမှာပင် ကျွန်တော်ကလည်း တိတ်ခွေ အသင့်ထည့်ထားသော ကက်ဆက်ငယ်လေးမှ အသံဖမ်းခလုတ်ကို နှိပ်လိုက်ပြီဖြစ်ပါသည်။

လက်ထက်သံကြိုး တန်းတန်းနှင့် လူတစ်ယောက်။

ရုတ်တရက် ရွာထဲသို့ ဒုန်းစိုင်းပြေးဝင်လာ၏။

သူ့အပြေးက သေပြေးရှင်ပြေး ခွေးပြေးဝက်ပြေး ဖြစ်၏။

ပြေးလွှားရင်းကပင် အသံနက်ကြီးဖြင့် ကြုံးဝါးအော်ဟစ်နေသေး၏။

"ငရဲပြန်လာပြီဟေ့နော်၊ ငရဲမောင်နှင့်တွေ့ပြီး မသာဖြစ်ချင်တဲ့ကောင်တွေ၊ လျှာရှည်တဲ့ ကောင်မတွေ၊ ရဲကို သတင်းပို့လိုက်ကြဟေ့"

ငရဲ။

မကြာသေးသည့် နာရီပိုင်းကမှ ရဲတပ်ဖွဲ့ဝင်တွေ၏ လက်ထိတ်ခတ် ဖမ်းဆီးခြင်း ခံလိုက်ရသူ။

သံကြိုးတန်းလန်းနှင့် ရဲတပ်ဖွဲ့ဝင်တွေ ဆွဲခေါ်ရာနောက်သို့ လိုက်ပါသွားခဲ့ရသူ။

ယခု လက်ထိတ်ခတ်လျက် တန်းလန်းနှင့် ရွာထဲ ပြန်ပြေးဝင် လာပြန်ပြီ။

ထွက်ပြေးလာခြင်းမှတစ်ပါး အခြား ဘာမှမဖြစ်နိုင်။

အသံကြားသည်နှင့် မိမိတို့ အိမ်တံခါးတွေကို အလျင်အမြန် ပိတ်လိုက်ကြ၏။

ငရုံးနှင့်တော့ မည်သူမျှ ဖက်ပြိုင် မမိုက်ရဲကြ၊ မမိုက်လိုကြ။ ခွေးရူးနှင့် ခွေးကောင်း ကိုက်သလိုသာ ဖြစ်ပေလိမ့်မည်။ ခွေးကောင်း သာ နာမည် မဟုတ်ပါလား။

ငရုံး၏အသံက လူနှင့်အတူပင် ရုတ်ချည်း ပျောက်ကွယ်သွား ပြန်သည်။

ကြောက်စရာကောင်းအောင် တစ်ရွာလုံး ငြိမ်သက်သွား ပြန်၏။

ချက်ချင်းဆိုသလိုပင် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ရွာထဲပြေးဝင်လာ ကြပြန်သည်။ သူတို့က ငရုံး၏နေအိမ်သို့ ဦးတည်ကာ ပြေးသွားကြ၏။

သို့သော် ငရုံးကို အရိပ်အယောင်သော်မျှ မမြင်ရတော့ပါ။

ငရုံးတစ်ယောက် ဘယ်ချိုအောင်း၍ ဘယ်ချောင်းထဲ ဆင်း သွားပြီးနည်း မသိနိုင်တော့ပါ။

နွားရိုင်းသွင်းချိန်၏ အမှောင်ရိပ်ကလည်း ငရုံးဘက်မှ ကူညီ ခဲ့ပေသည်။

ပြေးသူနှင့်လိုက်သူ၊ ပြေးသူက တစ်ပန်းသာခဲ့ပါချေပြီ။

တကယ်တော့ ငရုံး၏ဘဝမှာ စကတည်းက မလှပခဲ့ပါ။

သူ ရင်ခွင်ပိုက်ကလေးငယ်ဘဝမှာပင် သူ့အဖေသည် နွားခိုးမှုဖြင့် အဖမ်းခံခဲ့ရသည်။

သူ့မိခင်သည် သူ့ကို ပွေ့ချီ၍ မြို့တရားရုံးသို့ အခေါက်ပေါင်းများစွာ သွားခဲ့ရ၏။

ဤအကြောင်းကြောင့်ပင် ငရုံးဟူသောအမည်ကို သူ ရခဲ့ခြင်းဖြစ်သည်။

ပညတ်သွားရာ ဓာတ်သတ်ပါသည်လား၊

ချဉ်သီးပင်က သီး၍ ချဉ်သောအသီးဖြစ်လာခဲ့သည်လား။

ငရုံးဆယ်ကျော်သက်အရွယ်ကတည်းကပင် ဆိုးခဲ့မိုက်ခဲ့၏။ ခိုးခဲ့ နှိုက်ခဲ့၏။ ရွာလူကြီးအိမ်၊ ရဲစခန်း၊ မြို့နယ်တရားရုံးတို့ကို ကူးချည်၊ သန်းချည်၊ သွားချည်လာလှည့် တစ်ခေါက်ပြီးတစ်ခေါက် အခေါက်ခေါက်အခါခါ ရောက်ခဲ့ရ၏။

ယခု အမှုဖြစ်စဉ်မှာလည်း သာမာန်ခိုးမှု အသေးလေးသာဖြစ်သည်။ သို့သော် ငရုံးက ရဲနှင့်အတွေ့မခံ၊ ရဲက ရွာလူကြီးများမှ တစ်ဆင့်မှာ၏။ ငရုံး မသွား။ ထို့ကြောင့် အမှုစစ်က ငရုံးကို ဖမ်းဆီးရမိအောင် အားထုတ်ရတော့၏။ မိသည်နှင့် လက်ထိတ်ခတ်၊ သံကြိုးတွဲကာ ခေါ်ခဲ့၏။ အကြံသမား ငရုံးက သံကြိုးကို အတင်းရုန်းကာ ထူထဲလှသော ကိုင်းတောကြီးထဲ ဝင်ပြေးသည်။ ဤနည်းဖြင့် ထွက်ပြေးလွတ်မြောက်သွားခြင်းဖြစ်၏။

သည်အဖြစ်အပျက်ကြောင့် ငရုံး နာမည်ပိုကြီးသွားသည်။

ငရုံးသွေးမြောက်သွားကာ လူမိုက်မာန်တက်လာ၏။

သူ့ဘဝရပ်တည်နိုင်ရေးအတွက် ရွာသူရွာသားတွေကို အကြောက်တရားဖြင့် ခြောက်လှန့်၏။ ဓားတစ်လက်ကိုင်ကာ ကြိမ်းဝါး၏။ တိုက်ခိုက် လုယက်အနိုင်ကျင့်၏။ တဖြည်းဖြည်းနှင့် တာဝန်ရှိ ရွာလူကြီးတွေကို ခြိမ်းခြောက်ရန်ရှာသည့်အဆင့်အထိ ဖြစ်လာသည်။

သူ ကျူးလွန်သည့် ဖြစ်မှုတွေကလည်း တစ်စထက်တစ်စ များပြားလာ၏။

ငရုံး၏အန္တရာယ်ကလည်း ကြီးမားလာခဲ့သည်။

ရွာသူရွာသားများ နေ့ခင်းကြောင်တောင်ပင် အိမ်ပြင် မထွက်ဝံ့အောင် ထိတ်လန့်စိုးရိမ်နေကြ၏။

နောက်ဆုံး ငရုံးကို နှိမ်နင်းဖို့တာဝန်က ကော့မှူးရဲစခန်းတ နယ်ထိန်းအရာရှိ ဒုရဲအုပ်နော်လာ၏အပေါ် သို့ ကျရောက်လာသည်။

ပြည်သူ့အန္တရာယ် ငရုံးကို မမိမချင်း မပြန်ဟု ဆုံးဖြတ်ကာ ဒုရဲအုပ်နော်လာ သူ့နယ်ထိန်းအဖွဲ့နှင့် ထွက်လာခဲ့၏။

ငရုံးကလည်း အကင်းပါးသည်။ ဉာဏ်နီဉာဏ်နက်များ၏။

ဒုရဲအုပ်နော်လာ လနှင့်ချီ၍ ကြိုးစားခဲ့ရသည်။

နောက်ဆုံးတစ်ညမှာတော့ ငရုံး၏အိမ်ကို ဝိုင်းမိ၏။ အိမ်ထဲမှာ ငရုံးရှိကြောင်း အသေအချာ သတင်းရထားပြီး၊ အေးအေးဆေးဆေး ဓားကိုချပြီး အဖမ်းခံဖို့ အော်ပြော၏။ ဒုစရိုက်နွံထဲက ငရုံး၊ အဖမ်း မခံပါ။ ဝိုင်းရံထားသော ရဲနှင့် တာဝန်ရှိသူတွေကို ဖောက်ထွက် လွတ်မြောက်ဖို့ ကြိုးစား၏။

လရောင်အောက်တွင် ဓားရောင်ဖွေးဖွေးဖြင့် အိမ်ပေါ်က ခုန်ချလိုက်သော ငရုံးကို တွေ့လိုက်ကြရသည်။

သည့်တစ်ကြိမ်တော့ ငရုံး ပြေးမလွတ်တော့ပါ။

နောင်လည်း ထွက်ပြေးနိုင်တော့မည် မဟုတ်ပါ။

"ဒိုင်း"ဟူသော မြည်ဟိန်းသံကြီးနှင့်အတူ ဒုရဲအုပ်နော်လာ၏ ခြောက်လုံးပြူးက ဒုစရိုက်သမား ငရုံးအား ဒုစရိုက်လောကထဲမှ အပြီး ထုတ်ပစ်လိုက်ပြီ ဖြစ်ပါတော့သည်။

"ကျွန်တော် စီအိုင်ဒီက ရဲအရာရှိတစ်ယောက်နှင့် စကား ပြောဖူးတယ်။

သူက မြို့တစ်မြို့မှာ ရဲစခန်းမှူးအဖြစ် တာဝန်ကျစဉ်က အဖြစ်တစ်ခုကို ပြောပြတယ်။

သူနှင့် ရဲတပ်ဖွဲ့ဝင်အချို့ ရဲဘက်ပြေးတစ်ယောက်ကို ဖမ်းဖို့ ရွာတစ်ရွာကို ရောက်သွားကြတယ်။

မားပြမှု လူသတ်မှုတွေနှင့် ထောင်နှစ်ရှည်ကျနေရာက ရဲဘက် စခန်းက ထွက်ပြေးလာတဲ့ ဒုစရိုက်ကောင်၊ အန္တရာယ်ရှိတယ်။ လျော့ တွက်လို့ မဖြစ်ဘူး။ အထင်သေးလို့ မရဘူး။

သတင်းရတဲ့အိမ်ကို ဝင်လိုက်တာနှင့် ရဲဘက်ပြေးနှင့် တန်းတိုး တယ်။

အေးအေးဆေးဆေး အဖမ်းခံဖို့ ပြောပေမယ့် မရဘူး။ ရန်ပြု ဖို့ အားထုတ်တယ်။ အိမ်ပေါ်က ခုန်ချပြီး စခန်းမှူးရဲ့ သေနတ်ကို လုယူဖို့ ကြိုးစားတာနဲ့ နောက်ဆုံးသေနတ်နှင့်ပစ်ပြီး ဖမ်းလိုက်ရတယ်။

ဒါပေမယ့် အဲဒီရဲဘက်ပြေး ကံကောင်းသွားပါတယ်။

ရဲအရာရှိဟာ ရဲဘက်ပြေးရဲ့ မိခင်၊ ဇနီးနှင့် သားငယ်လေးရဲ့ မျက်နှာကို ငဲ့ညှာစာနာပြီး အသက်မသေအောင် ပစ်ခဲ့ပါတယ်တဲ့"

"ဒီလို ဒုစရိုက်ကောင်ကို ဘာကြောင့် အသေမပစ်လိုက်တာလဲ"

ရဲအရာရှိကို လူတော်တော်များများက အပြစ်တင်ကြတယ်။

ရဲအရာရှိကတော့ မွန်မြတ်တဲ့ သူ့ခံယူချက်အတွက် အဲဒီအချိန်က လုံးဝ နောင်တမရခဲ့ဘူးလို့ ပြောပြပါတယ်။

ဒါပေမယ့် နှစ်လကြာညောင်းလို့ အဲဒီရဲဘက်ပြေးထောင်က လွတ်ပြီး ဆက်လက်ဆိုးသွမ်းနေတယ်ဆိုတဲ့ သတင်းကြားလိုက်တဲ့ အချိန်ကျမှ 'အသေပစ်သတ်ခြင်း မပြုခဲ့တာဟာ မှားများ မှားနေရော့ သလား'လို့ သံသယဝင်မိတယ်ဆိုတဲ့ အကြောင်းပါ။

"ကျွန်တော် ကော့မှူးမြို့နယ်မှာ တာဝန်ထမ်းဆောင်စဉ် ကလည်း အဲဒီရဲအရာရှိလိုပဲ အလားတူအဖြစ်မျိုး ကြုံခဲ့ဖူးပါတယ်"

အဲဒီ လူမိုက်နာမည်က "ဆူးခက်"တဲ့။

နာမည်ရင်းတော့ မဟုတ်ပါဘူး။ ထိလိုက်တာနဲ့ ငြိလွန်း ခြစ်လွန်း၊ အန္တရာယ်ပေးလွန်းလို့ ဒီအမည်တွင်ခဲ့တာပါ။

ခိုးတယ်၊ လုတယ်၊ ဓားပြတိုက်တယ်၊ အနိုင်ကျင့်တယ်ဆိုတာ သူ့အတွက် ထမင်းစားရေသောက်လုပ်နေသလိုပါပဲ။ သူ့အန္တရာယ်ကို ကြောက်လွန်းလို့ ဘယ်သူမှ အမှုမတိုင်ရဲဘူး။ မဖမ်းရဲဘူး။ ရဲတပ်ဖွဲ့က သွားဖမ်းရင်လည်း ဘယ်တော့မှ မမိဘူး။ သိပ်လျင်တယ်။ ဒီအကြောင်း ကြောင့်လည်း သူက ပိုပြီး နာမည်ကြီးလာတာပေါ့"

ဒီလိုနှင့် သူနဲ့ကျွန်တော် ထိပ်တိုက်တွေ့ခဲ့ရတယ်။

ရက်ပေါင်းများစွာ ကြိုးစားပြီး ရွာလူထုရဲ့ အကူအညီနှင့် ဖမ်းဆီးနိုင်ခဲ့တယ်။ သူ့ကို မိမှ အမှုတွေ လာလိုက်ကြတယ်။ ဒါပေမယ့် တရားရုံးမှာ သူ လွတ်သွားပြန်တယ်။

သူ့တပည့်တွေကလည်း တရားလိုနှင့် သက်သေတွေကို ခြိမ်းခြောက်ပြီး မပျက်ပျက်အောင် ဖျက်ကြတယ်။

လွတ်သွားတော့ ပိုသောင်းကျန်းလာတယ်။

ဒုတိယအကြိမ် ဖမ်းရပြန်တယ်။

ဒီတစ်ကြိမ်မှာတော့ အမှုကို ခိုင်ခိုင်မာမာ တည်ဆောက်တယ်။ တရားလိုနဲ့ သက်သေတွေကို ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူတွေက အကာအကွယ်ပေးတယ်။ တရားရုံးမှာ အမှန်အတိုင်း ထွက်ဆိုနိုင်ဖို့ အကူအညီပေးခဲ့ပါတယ်။

ထောင်ကျဖို့ သေချာနေတဲ့ ဆူးခက်တစ်ယောက် ငှက်အော်စမ်းရွာထိပ်မှာ ရဲကားပေါ်က ခုန်ချပြီး ရာဘာတောထဲ ဝင်ပြေးပြန်တယ်။

ကျွန်တော်ကိုယ်တိုင်ပဲ သူ့ကို တတိယအကြိမ် ဖမ်းပြီး တရားစွဲတင်ခဲ့ရပါတယ်။

အဲဒီအမှုနှင့် ထောင်(၄)နှစ် ကျသွားခဲ့ပါတယ်။

"ဆူးခက် ထောင်ထဲရောက်နေတဲ့အချိန်တွေမှာတော့ ပြည်သူလူထုတွေ အေးအေးချမ်းချမ်း နေရတာပေါ့ ဆရာနော်လာ"

"(၄)နှစ်တော့ အေးအေးချမ်းချမ်း နေခဲ့ရပါတယ် ဆရာ၊ အခု ဆူးခက် ပြန်လွတ်လာပါပြီ၊ အရင်ကထက်ပိုပြီး မိုက်ရိုင်းဆိုးသွမ်းနေတယ်လို့ ကျွန်တော် ကြားခဲ့ရလို့ စိတ်မကောင်း ဖြစ်မိတယ် ဆရာ။

ကျွန်တော် သူ့ကို ဖမ်းဆီးတုန်းက ရှုံးလိုသာ အသေဖမ်းလိုက်ရင် ပြည်သူတွေ သူ့ရန်ကို စိုးရိမ်ထိတ်လန့်ကြရမှာ မဟုတ်တော့ဘူးလေ"

"တသမတ်ကြီး စွဲမှတ်ထားလို့တော့ မရဘူးပေါ့ ဆရာနော်လာ၊

အခြေအနေနှင့် အချိန်အခါက သူ့ကို လူကောင်းတစ်ယောက်အဖြစ် ပြုပြင်ပြောင်းလဲပေးချင်လည်း ပေးဦးမှာပါ"

"ကျွန်တော်တော့ မထင်ဘူး ဆရာ"

"ဒီတော့လည်း သူပြုတဲ့ကံ သူ့ထံ ပြန်လာမှာပေါ့ ဆရာနော်လာ၊ ဒုစရိုက်သမားတို့ရဲ့ မကောင်းတဲ့နိဂုံးအတိုင်း ငရုံးနောက်ကို တစ်ချိန်ချိန်မှာ မလွဲမသွေ လိုက်ရပါလိမ့်မယ် ဆရာနော်လာ"

ရဲအုပ်နော်လာရော ကျွန်တော်ပါ အတွေးကိုယ်စီဖြင့် ခေတ္တမျှ ငြိမ်ဆိတ်သွား၏။

မြိတ်မြို့ဆီက လျှပ်စစ်မီးပွင့်တွေကတော့ ပြန့်ကြဲလင်းလက် လှပနေဆဲ။

အနည်းငယ် ထန်လာသော ပင်လယ်လေထဲတွင် မိုး၏အငွေ့ အသက်တွေ ပါလာသည်။

တစ်ခဏအတွင်းမှာပင် မိုးစက်မိုးပေါက်တွေက တဖွဲဖွဲ ကြဲပက်လာ၏။

ကျွန်တော်တို့နှစ်ယောက်လည်း ကုန်းပတ်ပေါ်မှ ဆင်းကာ ဒုတိယထပ်မှ အခန်းဆီသို့ ပြန်ခဲ့ကြပါတော့သည်။

**မောင်မှိုင်းညို (ချောင်းဦး)**